www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုပိုက်                                   ၈၉၅.၈၃
မန္တလေးရာယ် ဝက်စွယ်နက်ကွင်း / ကိုပိုက် ။ ရန်ကုန်။
လာဘ်မိုးရွှေစာပေ။ ၂၀၁၀။
စာမျက်နှာ ၁ မှ ၂၀၈ အထိ ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မန္တလေးရာယ် ဝက်စွယ်နက်ကွင်း

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၈၂၄၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၉၉၃၀၇၀၉ |
| | | ပထမအကြိမ် |
| | | ၂၀၁၀ ပြည့်နှစ်၊ မတ်လ |
| အုပ်ရေ – ၅၀၀ | – | တန်ဖိုး – ၁၂၀၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | – | ရန်နိုင်ဦး |
| မျက်နှာဖုံးဂရပ်ဖစ် | – | ယမုံစိုး |
| ကွန်ပျူတာစာစီ | – | **Five Star II** |
| ထုတ်ဝေသူ | – | ဦးမောင်မောင်မြင့်အေး (မြ – ၀ (လာဘ်မိုးရွှေစာပေ) အမှတ်(၂၀၅–က)၊ ပိတောက်(၅)လ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် | – | ဦးဝင်းရွှေ |
| အတွင်းပုံနှိပ် | | ဝင်းထွန်းပုံနှိပ်တိုက်(မြ–၀၄၈၃၉) အမှတ်(၃၇)၊ ရေကျော်လမ်းမကြီး ရန်ကုန်။ |

# ကိုပိုက်

# မန္တလေးရာယ်ဝက်စွယ်နက်ကွင်း

(ပထမအကြိမ်)

စီစဉ်သူ – အတီး
ဖြန့်ချိရေး – နဂါးပျံစာပေ

www.burmeseclassic.com

www.burmeseclassic.com



မွေးမေ၊ မွေးဖေ၊

ဦးရေသေ၊

ဦးတော့.....

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

တုံ့တာအုပ်ဖြင့် ဂါရဝပြုပါသည်။



## စမ္ဗူရာယ် ဝက်စွယ်နက်ကွင်း

"ချွပ် . . . ချလပ် . . ချွပ် . . ဠုလပ် . . ချပ် . ."

တိတ်ဆိတ်ငြိမ်သက်နေသည့်ကြားမှ သို့ဆိုသလို သစ်ရွက်ခြောက်တို့ပေါ် နင်းလျှောက်လာသံကို ကြားရသည့်ကြောင့် ကျွန်တော်သည် နားစွင့်နေလိုက်၏။ အသံကြားရာ အရပ်ဆီသို့လည်း လှမ်းကဲကြည့်လိုက်၏။ ပတ်ဝန်းကျင်တစ်ခွင် မဲမှောင်နေသည် ဆိုပေမင့် ထင်းမီးပုံအလင်းအားကြောင့် ဝိုးတဝါးတော့ဖြင့် မြင်နိုင်ချေ၏။ သို့ကြောင့် မျက်လုံးကို အားစိုက်ထား ကြည့်နေမိချေ၏။

"တွီးလ်. . တွီးလ်. . တွီးလ်. ."

သို့ဆိုသလို ကောင်းကင်ထက်မှ ဖြတ်ပျံသန်း အော်ဟစ်သွားသော ငှက်ဆိုးအော်သံကြောင့် လျှောက်နင်းသံသည် ချောက်ကွယ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုက် အိပ်ချေတော့ဗျာ၊ သည်ခြေသံက ဘာမှ မဟုတ် လောက်ပါဘူး၊ ယုန်ကောင်ရဲ့ ခြေသံ ဖြစ်မှာပါ"

အိပ်နေသည်ဟုထင်သည့် လင်းမြင့်လှိုင် အသံကြောင့် တအံ့တသြ ဖြစ်သွားရ၏။

"ကိုလင်းလည်း ကြားနေတာလား"

"နိုးပေါ့ဗျာ. ."

"အင်း. . . ကိုလင်းပြောတာ ဖြစ်နိုင်ချေရှိလား. ."

"ဖြစ်နိုင်ချေ မဟုတ်ဘူး၊ ဖြစ်ရပ်မှန်ကို ပြောတာ"

"ကျွန်တော် ဘယ်လို ယုံရမှာလဲ. ."

"နို့ဖြင့်လည်း ကိုပိုက် အမြင်အာရုံ စူးရှမယ် ဆိုလျှင်ဖြင့် ဟိုရှေ့က သစ်ပင်ပေါ်ကို လှည့်ကြည့်ချေဗျာ"

ကျွန်တော်တို့ စခန်းချ ပတ်ဝန်းကျင်တွင် သစ်ပင်ကြီး ဆိုလို့ နှစ်ပင် သုံးပင်ခန့်သာ ရှိ၏။ တဲရှေ့တွင် တစ်ပင်နှင့် တဲခြေ ရင်းဘက်တွင် နှစ်ပင် ဖြစ်ချေသဖြင့် လင်းမြင့်လှိုင် ရည်ညွှန်းပြော သည့် တဲရှေ့သစ်ပင်ကြီးသို့ လှမ်းကြည့်လိုက်၏။ လျှပ်တစ်ပြက် ဖြစ်ခြင်းကြောင့် ထူးခြားမှု မည်သို့မျှ မရှိပေမင့်လည်း စေ့စေ့နှံ့နှံ့ စပ်စပ် အားစိုက်ကြည့်လိုက်လေသည်တွင်. . .

"ဟာ. . ဟိုမယ်. . နီရဲရဲ မျက်ဝန်းတစ်စုံဗျ၊ ဒါ ဘာကောင် ဖြစ်မလဲ. ."

"ကိုပိုက် မှန်းပြောကြည့်လေ. ."

"ဇွက်ကတော့ ဇွက်ပဲဗျ. . ဘာဇွက်လဲတော့ ခွဲခြား မပြော တတ်ဘူး၊ မျက်လုံးအနေအထား အကြီးအသေးကို ကြည့်ပြောရ လျှင်ဖြင့် ဒါ ညဥ့်ဇွက်ဆိုးကောင် ဖြစ်မယ်"



"ရှင်းအောင်ပြောပါလား. . ကိုပိုက်. ."

"ဇီးကွက်ပေါ့ဗျာ. ."

"စောစောက အော်ဟစ် ပျံသန်းသွားတဲ့ အကောင်ပေါ့"

"ဟုတ်တယ်. . နို့ကြောင့် စောစောက ခြေသံဟာ ယုန် ကောင်လို့ ပြောလို့ရတာပေါ့"

"ကိုလင်းရယ် လုပ်ပြန်ပြီ ရှင်းအောင်ပြောပါဦးဆို. ."

"ကဲ. . နို့ဖြင့် ကိုပိုက် ငြိမ်ငြိမ်လေး စောင့်ကြည့်နေ လိုက်. . သိရလိမ့်မယ်"

သို့ကြောင့် ကျွန်တော်သည် ထိုဇီးကွက်၏ မျက်လုံးကို စူးစိုက်ကြည့်နေမိတော့၏။

"ရှပ် . . ရှပ်. . ရှပ်. . ရှပ်. . ရှပ်. ."

သို့ရှိစဉ် ခြေသံကို ပြန်ကြားရလေတော့၏။ လင်းမြင့်လှိုင် ပြောသောယုန် ဟုတ်,မဟုတ် ဓာတ်မီးဖြင့် ထိုးကြည့်ရန် ကျွန်တော် ဓာတ်မီးကို လှမ်းယူလိုက်သည်တွင်. . .

"ကိုပိုက် မလုပ်နဲ့. ."

လင်းမြင့်လှိုင်က ကျွန်တော့် လက်ကောက်ဝတ်ကို ဖမ်း ဆုပ်ပြောလေ၏။

"ဘာလို့တုံး. ."

ကျွန်တော် လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာ လှမ်းကြည့် မေးလိုက်၏။

"ဘာကောင်လဲဆိုတာ တော်နေသိရတော့မယ်၊ ဓာတ်မီး ထိုးကြည့်စရာ မလိုပါဘူး"

www.burmeseclassic.com



"ဗျာ. ."

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင် ပြောသလို ထိုခြေသံကြားရာသို့ စူးစိုက်ကြည့်နေလိုက်ပြန်၏။

"ရှပ်. . ရှပ်. . ရှလပ်. . ရှပ်. . ရှလပ်. ."

"တွီးလ်. ."

"ဖလပ်. . ဖလပ်. . ဖလပ်. ."

"ဟာ. ."

သို့ ကြည့်နေစဉ် ခြေသံကြားရာသို့ တောင်ပံ တဖျတ်ဖျတ်ခတ် ငှက်တစ်ကောင် ထိုးဆင်းလာ၏။ ရုတ်ခြည်းဦးမော့ ပြန်တက်သွားသည်တွင်မတော့ ထိုငှက်ကောင်၏ ခြေနှစ်ချောင်းအောက်မှ ဖြူဖွေးဖွေး ယုန်ငယ်တစ်ကောင် ရုန်းကန်ရင်း ပါသွားသည်ကို တွေ့ရချေတော့၏။

"စောစောက ခြေသံရှင် ယုန်ကောင်ဆိုတာ ယုံပြီလား"

သို့ လင်းမြင့်လှိုင်က အောင်နိုင်သူ လေသံဖြင့် ပြောလာပြန်၏။

"ကိုပိုက် ပထမကြားရတဲ့ ခြေသံ ညဥ့်ငှက်ကောင် ဇီးကွက်က သုတ်ချီဖို့ လာတာပဲ၊ နို့ပေမင့် ချုံပင်နွယ်တွေကြား ဖြစ်နေတော့ကာ သူ့တွက် အဆင်မပြေလေတော့ ရှေ့က သစ်ပင်ပေါ်ကနေ ယုန်ကောင် ချုံပုပ်နွယ်ပင်ကြားက အထွက်ကို စောင့်နေတာလေ။ ယုန်ကောင်ကလည်း ငှက်ဆိုးသံကြားတော့ ရပ်တန့်ပြီး ငြိမ်နေလိုက်တာပေါ့၊ အတန်ကြာသည့်တိုင် ငှက်ဆိုးကောင် အရိပ်အယောင် မရှိလေတော့ဘူး ထွက်လိုက်ပြီးလေမှ အဲဒီ



ချုံပုပ်နွယ်ပင်ကြားကနေ ကွင်းလိုနေရာကို တန်းထွက်လာပေတော့တာကိုး၊ သည်တော့ ကောင်းလုံးမြင်လိုက်တဲ့ ဇီးကွက်ကောင်က ရုတ်ခြည်း သုတ်ချီသွားတာပေါ့ဗျာ. ."

"အလိုလေးဗျာ. ."

"ဒိန်း"

သို့ရှိစဉ် ပြင်းထန်သော ယမ်းအားပေါက်ကွဲသံ တစ်ချက်ကို ဇီးကွက်ကောင် ပျံသန်းသွားရာ ရှေ့ဘက်သောက်မှ ကြားလိုက်ရ၏။

"ဒါ. . မိုးပေါ်ထောင်ပစ်တဲ့အသံဗျ၊ ဘာလို့များ. ."

ကျွန်တော်က မှန်းဆပြောရင်း မေးလိုက်၏။

"အဲဒီ သေနတ်သံကြားရတဲ့ နေရာမှာပဲ မုဆိုးတစ်ယောက် ရှိနေပြီဗျ၊ အဲဒီမုဆိုးက တစ်နေကုန် သားကောင်ရမလာလို့ စောစောက ငှက်ကောင်ကို ပစ်လိုက်တာ ဖြစ်မယ်. ."

"ဘာလို့လဲ. ."

"သူ့တွက် မထင်မှတ်ဘဲ တွေ့လိုက်တဲ့ သားကောင်ကို အလွတ်မပေး ပစ်လိုက်တာလေဗျာ. ."

"ကိုလင်း ဆိုလိုတာက စောစောက ယုန်ကောင်ကို သုတ်ချီသွားတဲ့ ဇီးကွက်ကောင်ကို ပစ်လိုက်တယ် ပေါ့"

သို့ပြောပြီး လင်းမြင့်လှိုင် မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားဘက်လေး ပေါ်ရုံ ပြုံးပြလေတော့၏။

"သည်မုဆိုးနှယ်. . ကျည်တစ်တောင့် အလဟဿ ဖြုန်းပြီး မစားသင့်တဲ့ အစာကို စားမယ်စိတ်ကူးရတယ် လို့ဗျာ. ."

www.burmeseclassic.com



သို့ ကျွန်တော် ပြောလိုက်ပြန်၏။

"သိပ် ဆာလောင်မွတ်သိပ်နေလို့ ဖြစ်မယ်၊ ပြီးတော့ သူ ဇီးကွက်ကို မစားတောင်မှ ယုန်ကောင်စားဖို့ သူ့တွက် ရှိနေတယ်လေ. ."

အလိုလေးဗျာ. . ဟုတ်ပ့ါ ကျွန်တော် အမှတ်တမဲ့ ဖြစ်သွား၏။ ကျွန်တော့်အထင် ဇီးကွက်ကောင်သားစားလျှင် ဘဏ်ထိုင်းတတ်သည် အသိရှိခြင်းကြောင့် သို့ပြောလိုက်ခြင်းဖြစ်ပြီး. . လင်းမြင့်လှိုင် ပြောလေမှ ယုန်ကောင် ရှိနေသေးသည်ကို သတိရလိုက်တော့၏။

"ဝေါ. . ဝေါ. . ဝေါ. . ဝေါ. . ဘာရော. . ဝေါ. . ဝေါ. . ဝေါ. ."

ဟင်. . ထိုနေရာလောက်ဆီမှ သို့ အသံ ဆူဆူညံညံကို ကြားလိုက်ရ၏။ ထိုနေရာတစ်ဝိုက် လေပြင်းတိုက်ခတ်ပုံလည်း မတွေ့ရချေ။

"သေနတ်သံကြောင့် သားကောင်တွေ ကြောက်လန့်တကြား ပြေးလွှာသွားကြတာများလား. ."

"ဒိန်း. ."

"ဒိန်း. ."

"ဒိန်း. ."

"ဟိုတစ်ယောက်တော့ ဒုက္ခတွေ့နေပြီ ထင်ပါ့. ."

လင်းမြင့်လှိုင်က ပြောရင်းလှမ်းကြည့်နေလေသဖြင့်

"ကိုလင်း ဘယ်လိုထင်လဲ. ."



ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင်ထံမှ မည်သည့်စကားသံမျှ ပေါ်ထွက်မလာသဖြင့် ကျွန်တော်က. . .

"တောခြောက်လေခြင်းကြောင့် သေနတ်ပစ်ဖောက် စိတ်ဖြေဖျောက်နေတာများလား. ."

"ညဥ့်အချိန် မိုးပေါ်ပျံတဲ့ ငှက်ကောင်ကို ပစ်တဲ့မုဆိုးက တောခြောက်သံကြောင့် ကျည်တွေ အသားဆုံးတာ အကုန်ခံစိတ်ဖြေဖျောက်လိမ့်မယ် မထင်ဘူးဗျ။ သူ အမှန်တကယ် အန္တရာယ် တစ်ခုခုနဲ့ ကြုံလို့ မတတ်သာလို့ ကျည်ဖြုန်းလိုက်ရတာ ဖြစ်မယ်"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် တအံ့တသြ ကြည့်မိလေတော့၏။

အတန်ကြာတွင် ထိုနေရာတွင် တိတ်ဆိတ်ငြိမ်သက်သွားပြန်၏။

"ကိုပိုက်ရေ. . ကျွန်တော်တို့ အဲဒီဘက်သွားလျှင် ကောင်းမယ်. ."

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သေနတ်ကို ဆွဲ၍ တဲပေါ်မှ ဆင်းလိုက်လေခြင်းကြောင့် . . .

အလိုလေးဗျာ. . လင်းမြင့်လှိုင် ဘာဒိတ်ကူး ပေါက်သွားပါလိမ့်။ အားလုံးသည် တောခြောက်နေခြင်းသာ မဖြစ်နိုင်လေဘူးလား။

"ကိုလင်း. . ."

သို့ ကျွန်တော်က ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခါတ်မီးယူ. . သေနတ်ယူ လိုက်ခဲ့ချေဗျာ. ."

"ဘာသွားလုပ်မှာတုံး. . ညဉ့်နက်ချိန်ကြီးဗျာ. ."

"ဒါ လူ့အသက်နဲ့ ဆိုင်တယ်ဗျ. ."

"ဟင်. ."

လင်းမြင့်လှိုင် ဘာတွေပြောနေပါလိမ့်။ သို့ပေမင့်လို့ ကျွန်တော်သည် သေနတ်နှင့် ဓါတ်မီးကိုယူ၍ လင်းမြင့်လှိုင် နောက် လိုက်သွားရချေ၏။

လင်းမြင့်လှိုင်သည်လည်းကောင်း ကျွန်တော်သည်လည်း ကောင်း ဓါတ်မီးတဝင်းဝင်းဖြင့် ပတ်ဝန်းကျင်သို့ လှည့်ပတ် တောတိုးလိုက်ကြ၏။

ဓါတ်မီးရောင်ကြောင့် ညဉ့်အိပ်တန်းဝင်ငှက်တို့ မျက်လုံး ဖွင့် စူးစမ်းကြည့်လာကြ၏။

မြေလျှောက်သတ္တဝါငယ်တို့သည် ကျွန်တော်တို့၏ ခြေသံ ပြင်းပြင်းကြောင့် အိပ်နေရာမှ ထပြေးသွားကြ၏။

"အု. . အု. . ဝု. . ဝု. . အုဝု. . အုဝု. ."

သစ်ပင်ထက်မှ မျောက်တစ်ကောင်သည် ကျွန်တော်တို့ တောတိုးသံကြောင့် သို့နှယ့် အော်ဟစ် သစ်ကိုင်း တစ်ကိုင်းမှ တစ်ကိုင်း ခုန်လွှား ပြေးသွားချေ၏။

ကျွန်တော်တို့သည် တဲရှေ့လှမ်းလှမ်းရှိ ရေအနည်းငယ်မျှ ရှိနေသော ချောင်းကိုလည်း ဖြတ်သွားကြရ၏။

မှောင်နှင့် မည်းမည်းကြားမှ ဝါးသုန်းတောကိုလည်း ဖြတ်သန်းသွားရ၏။ သို့တောတိုးသွားရင်းမှ. .



"ဟာ. ."

"ဟင်. ."

စူးရှသော မီးအလင်းရောင်အောက်မှ မှောက်လျက် လဲနေသော-လူတစ်ယောက်ကို တွေ့လိုက်ရ၏။ သူနံဘေးတွင် သေနတ်တစ်လက် ရှိချေ၏။ ပြီးတော့ ယုန်တစ်ကောင်ကိုလည်း တွေ့ရ၏။

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို တအံ့တသြ ကြည့်မိလိုက်မိ၏။

"ကျွန်တော့်စိတ်ကူး မှန်သွားတယ်ဗျ"

လင်းမြင့်လှိုင်က သို့ပြောပြီး ထိုသူအား ပြေးလွှားသွား လိုက်၏။ ကျွန်တော် နောက်မှ ပါသွား၏။

ဘုရားရေ. . အသက်အားဖြင့် အစိတ်ထက် မပို လောက်သော လူငယ်တစ်ယောက် ဖြစ်ချေ၏။ ဥပမိရုပ်သန့်သန့် ဖြစ်ချေ၏။

အသက်နှင့် မလိုက်သော ခန္ဓာကိုယ် ဖွံ့ထွားမှုရှိသူ ဖြစ် ချေ၏။

"မုဆိုးပေါက်စပေပဲ. ."

ကျွန်တော်က ပြောလိုက်၏။

"ဆရာကောင်း တပည့်တစ်ယောက် ဖြစ်နိုင်တယ်"

လင်းမြင့်လှိုင်က သို့ပြောပြီး ထိုလူငယ်ကို လှုပ်ခါနေရင်း

"သတိထားပါဦး. . သတိထားပါဦး. ."

လို့ ပြောနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . ."

အတန်ကြာတွင် ထိုလူငယ် သတိရလာပုံပင်။ မျက်လုံးအစုံ ပွင့်လာလေ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို မြင်လိုက်သည်တွင် တအံ့တသြ ဖြစ်သွားကာ . . .

"ဆင်ရိုင်းကောင်တွေကော"

ဟု မေးလာလေ၏။

"မင်း သိပ်ကံကောင်းတယ် . ."

လင်းမြင့်လှိုင်က ပြောလိုက်၏။

ကျွန်တော် နားမလည်ပါချေ။ ဘာတွေဖြစ်လို့ ဘာတွေပြောနေကြပါလိမ့်။ တကယ်တော့ လူငယ်လေးသည် မည်သည့်ဒဏ်ရာ ဒဏ်ချက်မျှ ကြီးကြီးမားမား မရှိလေဘဲ ခန္ဓာကိုယ်အနှံ့ ပွန်းပဲ့ဒဏ်ရာများနှင့် ဘစ်စုံတစ်ရာဖြင့် နဖူးဆောင့်မိပုံ ရ၏။ အနည်းငယ်မျှ ဖူးဖူးယောင်နေခြင်းသာ ဖြစ်၏။

ထိုဒဏ်ရာကြောင့် သတိလစ်သွားခြင်း ဖြစ်၏။

ထိုလူငယ် သူ သတိရလာသည်နှင့် ထထိုင်လာချေ၏။

"မင်း . . ဘာတွေဖြစ်ခဲ့တာလဲ . ."

လင်းမြင့်လှိုင်က မေးလေ၏။

"ဆင်ရိုင်းတွေ တစ်အုပ်ကြီး တိုးဝင်လာလို့ ကျွန်တော်ပြေးပြီး တောင်စောင်းကနေ လှိမ့်ချလိုက်တော့ . ."

"ငါသိတယ် . . မင်း တောင်ကြောအတိုင်းပြေးလို့ ဘယ်လိုနည်းနဲ့မှ မလွတ်ဘူး။ မင်း တောင်ကြောပေါ်ကနေ လှိမ့်ချလိုက်တာ မှန်တယ်ဆိုပေမင့် ဆင်ရိုင်းကောင်တွေက မင်းကို မတွေ့တာ



ရယ်ကြောင့် မင်း သက်သာတာ၊ ကဲ . . ကဲ . . မင်း ဘာမှ မစားရသေးဘူးဟုတ်လား။ သည်နားမယ် မင်းစခန်းလည်း ရှိပုံမရဘူး၊ ငါတို့နဲ့ လိုက်ခဲ့ချေ။ ဟိုကျ စားစရာတွေ ရမယ် . ."

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် ထိုလူငယ်သည် လင်းမြင့်လှိုင်ကို အံ့သြတကြီး ကြည့်လာချေပြီး . . .

"ကျွန်တော် ဘာမှမစားရသေးဘူးဆိုတာ ဘယ်လိုလုပ်သိလဲ၊ ပြီးတော့ ကျွန်တော့်စခန်း သည်နား မရှိဘူးဆိုတာရော"

သို့ မေးလာလေတော့၏။

သည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်အောင် ပြုံးလိုက်ချေပြီး . . .

သူနဲ့ ဘေးလှမ်းလှမ်းရှိ ယုန်ကောင်ကို သွားကောက်လိုက်ချေပြီး . . .

"မင်း သည်ယုန်ကောင်ကို ပစ်တာ မဟုတ်ဘူး၊ သားကောင်လက်ထဲက လုလိုက်တာ မဟုတ်လား . ."

သို့လည်း မေးလိုက်၏။

"ဘုရားရေ . ."

ထိုလူငယ် အံ့သြသွားပြန်၏။

"မင်းသေနတ်သံကြောင့် တောင်ခြေအထက် ဝါးတောစပ်မှာရှိတဲ့ ဆင်ရိုင်းကောင်တွေက လန့်ဖျပ်ပြီး ပြေးလာကြတာ၊ မင်း ဖြတ်ထိုးဉာဏ်ကြောင့် သေဘေးက လွတ်လာတာ . ."

လင်းမြင့်လှိုင်က သို့ပြောလိုက်ပြန်၏။

"အစ်ကိုတို့က မုဆိုးတွေလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ကျွန်တော် လမ်းပြနဲ့ လမ်းကွဲပြီး ခြေဦးတည့်ရာ လျှောက်လာတာ တစ်နေကုန် တောတိုးတာ ဘာကောင်မှ မရ၊ ဆာလောင်နေတာနဲ့ သစ်ပင်အောက်မှာ ထိုင်နေရင်း ဇီးကွက်ကောင် ယုန်ကောင်ကို သုတ်ချီလာတာ တွေ့တော့ ဆာတာနဲ့ ပစ်လိုက်တာပါ၊ နို့ပေမင့် ကျွန်တော် ကံဆိုးပါတယ်ဗျာ၊ တောဆင်ရိုင်းကောင်တွေ အနီးအနားမှာ ရှိနေတာ မသိလိုက်ဘူး"

ထိုလူငယ်က ဝန်ခံလေ၏။

သို့ စကားတပြောပြောနှင့် လျှောက်ခဲ့ရာမှ စခန်းသို့ ပြန်ရောက်လာ၏။ ထိုလူငယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံရချေ၏။

ကျွန်တော်တို့နှင့် တောတော်ထဲ ဆုံခြင်းကြောင့် ဖြစ်၏။ သို့မဟုတ်ပါမူ သူတစ်ယောက်တည်း တောတောင်ထဲတွင် ညဥ့်နက်သန်းခေါင်အချိန်ကို ဖြတ်သန်းရပေလိမ့်မည် မဟုတ်ပါကလား. . ။

"ကဲ မင်း သက်သောင့်သက်သာ နားချေကွာ၊ မင်း သောက်တတ်လား. ."

"ရှိလား. ."

သို့ အားရဝမ်းသာ မေးလေသဖြင့် လင်းမြင့်လှိုင်က ဝီစကီတစ်ပြားကို ထုတ်ပေးလိုက်ချေ၏။ ကျွန်တော်တို့ ကင်ထားသော ပြောင်သားကိုလည်း ပေးလိုက်၏။

"သောက်ချေ. . စားချေကွာ. . မင်း ငါတို့နဲ့ ဆုံပြီပဲ၊



စားသောက် နားနေပြီးမှ မင်း ငါတို့ကို ပြောပြစရာရှိတာ ပြောပြချေကွာ. ."

"ကောင်းပါပြီ. . ကျေးဇူးတင်ပါတယ်ဗျာ. ."

သို့ဆိုလျက် လူငယ်သည် အသားကင် စားလိုက် ဝီစကီ သောက်လိုက် လုပ်နေရာမှ. . .

"အစ်ကိုတို့ကို ကျေးဇူးတင်တယ်ဗျာ. ."

လို့ ပြောလာပြန်၏။

"နို့ မင်းနဲ့ ပါလာတယ်ဆိုတဲ့ လမ်းပြက ဘယ်သူလဲ၊ ဘယ်ရွာကလဲကွ"

လင်းမြင့်လှိုင်က သို့မေးလိုက်သည့်တွင် ထိုလူငယ်သည် အစားအသောက် မပျက်သည့်ကြားမှ . . .

"ဆင်ကုန်းရွာ. . မုဆိုး. . အေးဝင်း"

လို့ ပြောလာလေ၏။

"သူ တောကျွမ်းပါတယ်၊ စကားနည်းတာ တစ်ခုပဲ ပြောစရာ ရှိတယ်၊ မုဆိုးလမ်းပြကောင်းလေးပါကွ၊ နို့ မင်းနဲ့ ဘယ်လိုလုပ် လူချင်းကွဲကြတာလဲ၊ ငါ သိရသလောက် မုဆိုး အေးဝင်းက သူ တာဝန်ယူ လမ်းပြရတဲ့သူတွေ မှန်သမျှကို ဘယ်တော့မှ ဒုက္ခရောက်မခံဘူး၊ အရိပ်တကြည့်ကြည့်နဲ့ပါကွ. ."

"ဟင်. . အစ်ကိုတို့က သူ့ကို သိတယ်လား. ."

တအံ့တဩ မေးလာ၏။

"အေး"

သို့ဆိုတော့ ထိုသူငယ် မျက်စိမျက်နှာ ပျက်သွားသည်ကို ကျွန်တော် သတိပြုမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . ဟင်း. . မင်း ကြည့်ရတာ လမ်းပြမြေအေးဝင်းရဲ့ စကားကို ရာနှုန်းပြည့် နားထောင်ခဲ့ပုံ မရဘူး. ."

"ဗျာ. . ဘယ်လို. ."

"သည်မယ်. . အစ်ကို မေးမယ်. . မှန်မှန်ပြော. ."

လို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

"ဟုတ်"

"မင်း သူနဲ့ လမ်းကွဲရတာ မင်းအပေါ် သူက တာဝန် မကြေတာတော့ မဖြစ်နိုင်ဘူး"

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် ထိုသူငယ် မျက်စိမျက်နှာ ပျက်သွားပြန်၏။

"ဟုတ်တယ်လား. . မင်း မှန်မှန်ပြောစမ်းပါကွာ"

"ဟုတ်ပါတယ်၊ သူက ကျွန်တော့်ကို သူမသိဘဲ ဘယ်မှ မသွားခိုင်းပါဘူး"

သို့ လူငယ်က ဝန်ခံလေ၏။

"ဟင်း. . ဟင်း. . ဟင်း. . နို့ဆိုတော့ မင်း သူနဲ့ လမ်းကွဲလာတာပေါ့၊ နို့ပေမင့် သူကတော့ မင်းကို မတွေ့မနေ လိုက်ရှာဖါလိမ့်မယ်၊ မင်း မယုံလျှင် သည်မှာ နေကြည့်ချေ၊ နက်ဖြန် သဘက်ခါလောက် သူ ရောက်လာလိမ့်မယ်. ."

သို့ လင်းမြင့်လှိုင်က ပြောလေသည်တွင် ထိုလူငယ် ဘာကြောင့်ရယ်မသိ တစ်ကိုယ်လုံး တုန်လှုပ်သွားပုံရချေ၏။

"တ. . တကယ်ပြောတာလား. ."

သို့လည်း ထစ်ထစ်ငေါ့ငေါ့ မေးလာချေတော့၏။



"ငါ ပြောတယ်လေ. . မယုံ ငါတို့နဲ့ နေကြည့်လို့ တစ်ရက် နှစ်ရက်ပါ. ."

"အာ. . နို့တော့ မဖြစ်ဘူး၊ ကျွန်တော် နက်ဖြန်စောစော သည်ကနေ ထွက်သွားမှ ဖြစ်မှာ. ."

"ဟော. . ဘာဖြစ်လို့လဲ၊ မင်း သူ့ဆီ ပြန်သွားမယ်ဆိုလျှင် လမ်းမကျွမ်းဘူးလေ၊ ထပ်ပြီး လူချင်းကွဲတော့ပေါ့၊ နို့ဖြင့် သူနဲ့ မင်း စခန်းချကြတဲ့နေရာကို ပြော. . ငါတို့ လိုက်ပို့မယ်"

သို့ဆိုတော့ ထိုလူငယ်က. . .

"အာ. . အဲလိုဖြင့် သူက ကျွန်တော့်ကို တွေ့ရှာ ကျွန်တော်က စခန်းပြန်သွားဆိုတော့ လွဲမပေါ့၊ သည်မယ်. . သည်မှာပဲ ကျွန်တော် သူ့ကို စောင့်ပါ့မယ်. ."

"အေးလေကွာ. . နို့ကြောင့် ငါပြောတာပေါ့၊ မင်း ငါတို့တဲကနေ တစ်ရက်တန်သည် နှစ်ရက်တန်သည် စောင့်နေစမ်းပါ၊ သူရောက်လာပါလိမ့်မယ်၊ အေးဝင်းက သူတာဝန်ယူ ခေါ်လာတဲ့လူကို ဘယ်တော့မှ ပစ်စလက်ခတ် မထားတတ်ပါဘူး၊ မင်းကို သူ မရမနေ လိုက်ရှာမှာပါ. ."

"နို့ နေပါဦး. . မင်းနာမည် ပြောပါဦး. ."

ကျွန်တော်က ကြားဖြတ်မေးလိုက်၏။

"မင်းမင်းအောင်"

သည်သို့ဖြင့် ကျွန်တော်တို့သည် မင်းမင်းအောင် နှင့် ခွေးရိုးမအလယ်တော၊ မဟူရာ ကြိုးပိုင်းအတွင်းရှိ ကြခတ်မြောင် ခန်းတွင် စတင်ဆုံခဲ့ကြခြင်း ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ကိုလင်းရေ . . ကျွန်တော်တို့ နက်ဖြန်ခါ ပန်းပုတ်ကြီးစခန်း အရောက်သွားမှ ဖြစ်မယ်ဗျ၊ နို့ကြောင့် နှစာစော အိပ်ရာဝင်ကြတာပေါ့"

"သည်မယ် ညီလေး အစ်ကိုတို့ နက်ဖြန် ပန်းပုတ်ကြီးကို သွားကြမယ်၊ ညီလေးကော ဘယ်လိုလုပ်ချင်လဲ၊ အစ်ကိုတို့နဲ့ပဲ လိုက်ခဲ့မလား၊ သည်မှာပဲ အေးဝင်း အလာကို ညီက စောင့်နေမလား ဘယ်လိုလုပ်မှာလဲ"

သို့ မေးလိုက်သည်တွင် မင်းမင်းအောင်က ကပျာကသီပင် . . .

"ဟာ ကျွန်တော် သည်ကနေ ပြန်မှ ဖြစ်မယ်"

ပြောလေသဖြင့် ကျွန်တော်က သူ့အား မကျေမနပ် ကြည့်လိုက်ပြီး . .

"ဟ . . မင်းနဲ့ ပါလာတဲ့ မုဆိုးကို စောင့်ဦးမှပေါ့ကွ၊ ပြီးတော့ မင်း သည်ကနေ ဘယ်ပြန်မှာလဲ . ."

လို့ မေးလိုက်၏။

"ဆပုဂံ ရွာ"

"မင်း သွားတတ်လို့လား . ."

သို့ ကျွန်တော်က မေးလိုက်သည်တွင် မင်းမင်းအောင် တစ်ယောက် မျက်နှာပျက်သွားချေပြီး . . .

"သွားရင်းလာရင်း ဝါးခုတ် သစ်ခုတ်သမားတွေကို မေးရမှာပေါ့၊ အခြေအနေပေးလျှင်ဖြင့်လည်း ထိုဝါးခုတ်သမား တစ်ယောက်ကို အခကြေးငွေပေးပြီး ဆပုဂံအထိ လိုက်ပို့ခိုင်းရလိမ့်မယ် . ."



သို့ပြောလာသည့် မင်းမင်းအောင်ကို ကျွန်တော် စေ့စေ့ကြည့်လိုက်ပြန်၏။

ပြီးလေမှ လင်းမြင့်လှိုင်ဘက် မျက်နှာ မူလိုက်ချေပြီး . .

"ကိုလင်း ကျွန်တော်တို့ ခရီးစဉ်က မသွားမဖြစ်ဘူးလား . ."

လို့ မေးလိုက်၏။

"ဖြစ်ပါတယ် . . ဘာကြောင့်များလဲ . ."

"အော် . . သူ့မုဆိုး သည်ရောက်လာတဲ့အထိ စောင့်ပြီးမှ သွားလျှင်ကောဗျာ အဆင်ပြေနိုင်ပါ့မလား"

သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့်အား ပြုံးစစ မျက်နှာပေးဖြင့် ကြည့်လာချေပြီး . . .

"ဟင့်အင်း ကိုပိုက်တော့ ကောင်လေးကို သံသယဝင်နေပြီထင်တယ် . ."

လို့ နှစ်ကိုယ်ကြား တိုးတိုးကပ် ပြောလာချေပြီး . . .

"အေး . . ကိုပိုက် ပြောသလို လုပ်မယ်၊ ပြီးတော့ သည်ကောင်လေးတလည်း သည်တောနဲ့ စိမ်းတဲ့သူဆိုတော့ ကျွန်တော်တို့နဲ့ဆုံလျက် ဥပေက္ခာပြုထားလို့ မကောင်းပါဘူး . ."

လို့ ပြောလေ၏။ သည်တွင် မင်းမင်းအောင်က . . .

"ရပါတယ် အစ်ကိုတို့ရာ အစ်ကိုတို့ သွားစရာရှိတာ သွားကြပါ၊ ကျွန်တော် သည်မှာပဲ မုဆိုးလမ်းပြ ရောက်လာတာကို စောင့်ပါ့မယ် . ."

လို့ ပြောလာပြန်တော့၏။

www.burmeseclassic.com



"ရတယ်. . အစ်ကိုတို့မယ် အရေးကြီးကိစ္စ မရှိဘူး၊ တစ်ရက်တန်သည် နှစ်ရက်တန်သည် နေပြီးမှ ပန်းပုတ်ကြီးစခန်း သွားလို့ရတယ်. ."

သို့ပြောပြီး လင်းမြင့်လှိုင်သည် မင်းမင်းအောင်၏ မျက်နှာကို စေ့စေ့ကြည့်လေ၏။ မျက်နှာချင်း မဆိုင်ဝံ့သည်ကြောင့်လား၊ ဘာကြောင့်လည်းတော့မသိ မင်းမင်းအောင်သည် လင်းမြင့်လှိုင်အကြည့်ကို ရှောင်လွှဲသည်သဘောဖြင့် မျက်နှာ အောက်စိုက်နေလိုက်တော့၏။

သည်တော့ လင်းမြင့်လှိုင်က ကျွန်တော့်ကို ခေါင်းညိတ် ပြုံးပြချေတော့၏။

မည်သည့်သဘော ဆိုသည်ကိုတော့ ကျွန်တော် မပြောပြတတ်ပါချေ။ ပြန်၍ ပြုံးပြလိုက်ခြင်းသာ ပြုလိုက်ပါတော့၏။

"သည်မယ် ကောင်လေး. . ဘာမှ ရှည်ရှည်ဝေးဝေး တွေးမနေနဲ့ အစ်ကိုတို့ မနက်ဖြန် သည်မှာပဲ ရှိနေကြမယ်၊ ကဲ. . ကဲ. . မင်းလည်း ပင်ပန်းရောပေါ့၊ အိပ်ချေတော့ကွာ. . ."

သို့ဆိုတော့ မင်းမင်းအောင်တစ်ယောက် မျက်စိမျက်နှာ ပျက်နေသည့်ကြားမှ ဟဲ. . ဟဲ. . ပြုံးပြ ခေါင်းညိတ်လိုက်ပြီး တဲကြမ်းခင်းပေါ် လှဲချလိုက်တော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း သို့နှယ့် တဲကြမ်းခင်းပေါ် လှဲချလိုက်တော့၏။ သည်တော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်ကြား မင်းမင်းအောင် ဖြစ်သွားချေ၏။ ကျွန်တော်လည်း ကြမ်းခင်းနှင့် ခေါင်း ထိလိုက်သည်နှင့် မကြာလိုက်သော အချိန်တွင် အိပ်ပျော်သွားတော့၏။



"ကိုပိုက်. . ကိုပိုက်. . ထချေစမ်းဗျာ. ."

သို့ လူကို လှုပ်ခတ်နှိုးလေသဖြင့် အိပ်ရာမှ နိုးလာရင်း ကျွန်တော် မျက်လုံးအစုံကို ဖွင့်လိုက်သည်တွင် ပတ်ဝန်းကျင်တွင် မဲမှောင်လို့နေလေသဖြင့်. .

"ဘယ်အချိန်ရှိသေးလို့လဲ၊ ဘာကိစ္စများလဲ ကိုလင်း. ."

သို့ဆိုသလို အိပ်ချင်မူးတူးဖြင့် မေးလိုက်၏။

"ဟိုးရှေ့မယ် ကြည့်စမ်းဗျာ. ."

မှောင်နှင့်မည်းမည်း ကျွန်တော် ဘာမှ မမြင်ပါကလား။ သို့ကြောင့်. . .

"ဘာတုံး ကိုလင်း ဘာမှမတွေ့ဘူး. ."

"ဟာ. . ကိုပိုက်က အိပ်ချင်မူးတူး ဖြစ်နေတာကိုး၊ ဟိုးရှေ့က သစ်ခြောက်ပင်ကို ကြည့်ချေစမ်းဗျာ၊ မြင်ရပါတယ်. . သအလင်းရောင်နဲ့ မြင်ရပါတယ်. ."

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ပြန်၏။ သည်တော့မှ လင်းမြင့်လှိုင် ပြောသည်ကို မြင်လိုက်ချေတော့၏။

"ဟာ. . ငှက်တွေပါလား. . အများကြီးပဲ. ."

သို့ ကျွန်တော်က ပြောလိုက်၏။

"ဟုတ်တယ် ကိုပိုက် တောကျိုးကန်းတွေပဲဗျ၊ အဲဒီနားကို ကြာခင်မှ ရောက်လာကြတာ၊ ဧကန္တ အဲသည်နား တစ်ဝိုက်မယ် အသုပ်ကောင်ရှိပြီ ထင်တယ်. ."

"ဗျာ. . ကိုလင်း ဘာပြောချင်တာဟုံး. ."

www.burmeseclassic.com



သို့ ကျွန်တော်က မေးလိုက်၏။ သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့်ကို တိတ်တိတ်လေးနေရန် ခြေဖျာန် လက်ဟန် ပြလာလေပြီး . . .

"အဲသည်နားကို ခုညပဲ သွားချင်တယ်. . "

လို့ ခပ်ကျယ်ကျယ် ပြောလာလေသည်တွင် မင်းမင်းအောင် တစ်ယောက် အိပ်ရာမှ လူးလဲထလာချေပြီး .

"မသွားနဲ့. . မသွားနဲ့. . "

လို့ ပြောလာတော့သဖြင့် . . .

"ဟ ဘာလို့တုံးကွ. . "

လင်းမြင့်လှိုင်က မေးလိုက်၏။

"အော်. . ဘာရယ်မဟုတ်ပါဘူး၊ ညဘက်ဆိုတော့ အစ်ကိုတို့အတွက် အန္တရာယ်များနိုင်လို့ပါ"

"ဟင်း. . ဟင်း. . ဟင်း. . ငါတို့က မှုဆိုးတွေပါကွာ၊ အဲသည်မယ်. . အပုပ်ကောင် ရှိတယ်ဆိုတော့ ကျားကောင်လည်း ရှိနိုင်တယ်လေ"

သို့ လင်းမြင့်လှိုင်က ပြောပြီး မင်းမင်းအောင်ကို စေ့စေ့ကြည့်နေလိုက်၏။

"ဗျာ. . ဘယ်လို. . "

"အော်. . ငါတို့ ကျားကောင်ကို သွားချောင်းချင်လို့. . "

အလိုလေးဗျာ. . လင်းမြင့်လှိုင်တစ်ယောက် ဘယ်လိုဖြစ်သွားတာပါလိမ့်။ သည်သို့ တစ်ခါမျှ စိတ်ကူးမရှိခဲ့သူက ဘာလို့ သို့ စိတ်ကူးဖြစ်လာရပါလိမ့်။ ကျွန်တော် လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာ ကြည့်လိုက်၏။



လင်းမြင့်လှိုင်က ကျွန်တော့်ကို မျက်စိတစ်ဖက် မှိတ်ပြလေမှ အော်. . သူ မင်းမင်းအောင်ကို စ,နေပါလားလို့ သိလိုက်သဖြင့် အသာငြိမ်နေလိုက်တော့၏။

"အစ်ကိုတို့ သွားမယ်ဆို ကျွန်တော် မလိုက်ခဲ့ဘူး၊ သည်မှာပဲ နေခဲ့မယ်. . "

သို့ပြောပြီး မင်းမင်းအောင်သည် ဝ စ်ဖက်စောင်း အိပ်လိုက်ချေတော့၏။

"အလကားစ,တာပါကွာ၊ တကယ်ဘာမ်း သွားမယ်ဆို မနက်စောစောသွားတာပေါ့. . "

သို့ လင်းမြင့်လှိုင်က ပြောပြီး လှဲအိပ်လိုက်ပြန်ချေ၏။

"ကိုလင်း. . အတော်နောက်တာပဲဗျာ. . "

ဆိုလျက် ကျွန်တော်သည်လည်း လှဲအိပ်လိုက်ပြန်၏။

မကြာမီ အိပ်ပျော်သွားပြန်၏။

ကျွန်တော် အိပ်ရာမှ ပြန်လည်နိုးလာချိန်တွင်မတော့ လင်းမြင့်လှိုင်သည် နံဘေးတွင် အိပ်လျက် ရှိနေချေ၏။ မင်းမင်းအောင်တစ်ယောက်ကတော့မှ သူ့နေရာတွင် မရှိ၊ ဘယ်ရောက်သွားပါလိမ့်။ စောစောစီးစီး သည်က ထွက်သွားလိမ့်မည်တော့ မဟုတ်၊ ဟိုနား သည်နား တစ်မိုတစ်ပါး သွားတာများလေလား။

ကျွန်တော် လှမ်းကြည့်လိုက်၏။

ထင်းမီးပုံနံဘေးတွင် ညက ကင်ထားသည့် အသားကင်များကတော့မှ မရှိပါတော့ချေ။ သည်လောက် အများကြီးကျန်တာကို 'မင်းမင်းအောင်' များ ယူစားလိုက်လေသည်များလား။

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင် နိုးလျှင် အရံသင့် စားနိုင်ရန်အလို့ငှာ ငါးရှာရန်အတွက် ချောင်းဘက်သို့ ထွက်ခဲ့ချေတော့၏။

သို့ဆိုတော့ စခန်းထဲတွင် လင်းမြင့်လှိုင် အိပ်ပျော်လျက် ကျန်ခဲ့ချေ၏။

ကျွန်တော်သည် ချောင်းဘက်ရောက်သည်တွင် လွန်မင်းစွာ စိတ်ပျက်သွားတော့၏။ ဘယ့်ကြောင့်မူ ချောင်းတွင် ရေမရှိလေခြင်းကြောင့် ဖြစ်ချေ၏။

သို့ကြောင့် ချောင်းအတွင်း စုန်၍ ဆင်းလိုက်ပြန်၏။

ဘုရားရေ . . ကံကောင်းသည်ဟု ပြောရချိမ့်မည်။ ချောင်းအောက်ဘက်သည် မြောင်လေးတစ်ခုအတွင်း ရေရှိသည် တွေ့လိုက်ရသဖြင့် ဝမ်းသာသွားမိပြန်၏။ ကျောက်မြောင် ဖြစ်လေခြင်းကြောင့် ရေကြည်တော့ ရနိုင်ပေလိမ့်မည်။ သို့အနေဖြင့် ကျွန်တော်မြောင်အတွင်း ဝင်လိုက်၏။

မြောင်ကမ်း တစ်ဖက်တစ်ချက်တွင် ဆေးမြင်းခွာပင်များပေါက်လျက် ရှိချေ၏။ ဆေးမြင်းခွာနက်များ ဖြစ်၏။

ကျွန်တော် မြောင်အတွင်း ဝင်ခဲ့သည်တွင် ချောင်းနှင့်မဝေးလောက်သော နေရာတွင် ရေအိုင်လေးတစ်ခုတွင် ရေကြည်ရှိသည်ကို တွေ့လိုက်၏။

ကျွန်တော် အားရဝမ်းသာ ဖြစ်သွား၏။ ထိုရေအိုင်လေးအတွင်း ကျောက်ငါးခူများ ရှိချေ၏။ ရေအနည်းငယ်နက် ရှိသည်ကြောင့် ခက်ခက်ခဲခဲ ဖမ်းရလေ၏။ သို့ပေမင့် ကျွန်တော်တို့



သုံးယောက် စားလောက်သည့်ငါး ဆယ်ကောင်မက ရလိုက်၏။ တစ်ကောင် တစ်ကောင် တစ်မိုက်လောက် အရှည်ရှိချေ၏။

သို့ရေအိုင်လေးမှ ငါးတို့ကို မိ၍ ထိုနေရာလေးမှ လှည့်ထွက်ခဲ့လေသည်တွင် . . .

"ဒိန်း"

အလိုလေးဗျာ . . မြောင်တစ်ဖက် နံရံပေါ်မှ သေနတ်သံကြောင့် ကျွန်တော် အံ့အားသင့်မိ၏။ ဘယ်သူများပါလိမ့်။

"မင်းမင်းအောင်များလေလား၊ သူဘာစောစီးစီး အမဲပစ်ထွက်လေသည်လား"

သို့တွက်လိုက်မိသည်ကြောင့် ကျွန်တော်သည် ထိုမြောင်ကမ်းပေါ် ခက်ခက်ခဲခဲ တွယ်တက်လိုက်၏။

ကမ်းပေါ် သို့ ရောက်သည်တွင် မင်းမင်းအောင်ကို တွေ့လိုက်သဖြင့် ဝမ်းသာအားရ လှမ်းခေါ်မည်အလုပ်တွင် . . .

"ဟာ . . "

မင်းမင်းအောင်တစ်ယောက် တစ်ဖက်တောင်ခြေအောက်သို့ ပြေးဆင်းသွားချေတော့၏။

"ဟိတ်ကောင် . . မင်းမင်းအောင်"

သို့ ကျွန်တော် လှမ်းခေါ်ရင်း ပြေးလိုက်သွား၏။

အလိုလေးဗျာ . . မင်းမင်းအောင်တစ်ယောက်သည် ကျွန်တော်ခေါ်သံ ကြားနိုင်လောက်ပါရဲ့။ သို့ပြား ဘယ့်ကြောင့် ပြေးဆင်းသွားတာပါလိမ့်။ သူ ပြေးဆင်းသွားသည့် တောင်ကြောတွင် ဝါးသုန်းပင်များ ပေါက်လျက် ရှိလေခြင်းကြောင့် သူ

www.burmeseclassic.com

www.burmeseclassic.com



တောတိုးပြေးသွားသည်ကြောင့် ဝါးသုန်းပင်တို့သည် လှုပ်ရမ်းနေတော့၏။

"ဟိတ်ကောင်. . မင်းမင်း . ."

ကျွန်တော် လှမ်းခေါ် လိုက်ပြန်၏။

သူ ကြားပေလိမ့်မည်။ သို့ပေမင့် လှည့်၍ပင် မကြည့်ပါချေ။ သို့ဖြစ်၍ ကျွန်တော်သည် စခန်းတဲသို့ ရောက်သည်တွင် လင်းမြင့်လှိုင်ကို သို့အကြောင်းစုံ ပြန်ပြောလိုက်၏။ သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့်ကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေပြီး . . .

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ကိုပိုက်ရယ် နို့ပါ အပါ သူ ကိုမိုက် မြောင်ကမ်းပေါ် တက်ကတည်းက မြင်လိမ့်မယ်၊ ကိုပိုက် အော်ခေါ်သံလည်း ကြားလိမ့်မယ်"

"နို့ဖြင့် ဘာလို့ ပြေးသွားရတာလဲ. ."

"အင်း. . ကိုပိုက်ရယ်. . အသိသာကြီးရယ်၊ သူ ကျွန်တော်တို့နဲ့ ခွဲထွက်သွားတာလေ"

"ဘာလို့လဲ. ."

"ဘာလို့လဲဆိုတာ တော်ကြာနေ ကိုပိုက် သိရလိမ့်မယ်"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် မကျေမနပ် ကြည့်လိုက်ချေပြီး . . .

"တော်ကြာနေ မဟုတ်ဘူး၊ အခု သိချင်တယ်. ."

"ဆန္ဒမစောပါနဲ့ ကိုပိုက်ရယ်. . ကျွန်တော် ဆာပြီဗျာ၊ ပေးစမ်းပါ ငါးတွေ ကျွန်တော် တံစို့ထိုးလိုက်မယ်"



သည်သို့ဖြင့် မကြာလိုက်သော အချိန်ကလေးတွင် ထင်းမီးပုံဘေးတွင် တံစို့ထိုးထားသော ငါးကောင်များ အစီအရီ စိုက်လိုက်ကြတော့၏။

"စောစောစီးစီး. . အစားလေးတစ်ခု ဘာလိုက်ချေဦးဗျ"

လင်းမြင့်လှိုင်က သို့ပြောလည်းပြော တစ်စုံတစ်ရာကိုလည်း ကမ်းပေးသဖြင့် လှမ်းယူကြည့်လိုက်၏။

"ဘာတုံးဗျ. ."

"ကိုပိုက် ငါးသွားရှာနေတုန်း ရတာလေ၊ ပွေးနက်ကောင်ဗျ၊ ဆေးဘက်လည်းဝင်တယ်"

သို့ဆိုတော့လည်း အဟုတ်သားကလား။

"နို့နေပါဦး. . ဘယ်လိုဖမ်းရတာလဲ၊ ခင်ဗျား သေနတ်နဲ့ ပစ်ဖမ်းတာတော့ မဟုတ်ပါဘူးနော်"

သို့ ကျွန်တော်က ပြောလိုက်၏။

"ပွေးကောင်ကို သေနတ်နဲ့ ပစ်လို့မရဘူး မဟုတ်၊ ... တယ်၊ နို့ပေမင့် ကိုပိုက်ရယ် ဘယ်လိုလုပ် စားရော ကျန်မလဲ၊ ... တော့ ကျည်တစ်တောင့်နဲ့ ဘယ်လိုလုပ် လဲရမှာတုံး"

"ဟင်း. . ဟင်း. . ကျွန်တော် သက်သက်နောက်တာပါဗျာ၊ အဲ ပြောပါဦး၊ သည်ပွေးကောင်ကို ဘယ်သို့ ဖမ်းလဲ. ."

ကျွန်တော်က စိတ်ဝင်တစား မေးလေခြင်းကို သိလိုက်သည့် လင်းမြင့်လှိုင်က မချိပြုံး ပြုံးပြလိုက်ချေပြီး . . .

"သည်နားကနေ ဝါးခုတ်သမားနှစ်ယောက် ဖြတ်သွားတယ်၊ သူတို့ သည်မယ် အဖန်ရှည် ဝင်သောက်ချင်း သူတို့ ...လာတဲ့ ပွေးကောင်ကို ပေးခဲ့တာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလား . ."

သည်တော့မှ ကျွန်တော် ရှင်းသွားတော့၏။

"နို့ဖြင့် ကိုလင်း ဘာဆက်လုပ်မလဲ၊ ပန်းပုတ်ကြီးပဲ သွားကြမလား"

"သွားတာပေါ့၊ နို့ပေမင့် ညက ကျီးတစ်အုပ် နားတဲ့နေရာ သွားကြည့်ချင်သေးတယ်၊ ကိုပိုက်ရဲ့ . ."

သို့ဆိုလေသည်ကြောင့် ငါးကောင်နှင့် ဝီစကီသောက်ပြီးသည်တွင် ခေတ္တမျှ နားနေကြပြီးနောက် ထိုစခန်းမှ ထွက်ခဲ့ကြတော့၏။

လင်းမြင့်လှိုင် ပြောသည့်နေရာသို့ ဦးတည်သွားလိုက်ကြ၏။ ဝေးလှသည်တော့ဖြင့် မဟုတ်။ သို့ပေမင့် . .

"ကျွန်တော်တို့ လမ်းကြောင်း မှန်ပါတယ်နော်"

ကျွန်တော့်စိတ်ထင် ရောက်လုပြီဖြစ်ငြား မရောက်နိုင်သေးသဖြင့် သို့မေးလိုက်ခြင်း ဖြစ်၏။

"မှန်ပါတယ် ကိုပိုက်ရဲ့၊ ကျွန်တော့်နောက်က လိုက်ခဲ့စမ်းပါ"

သို့ လင်းမြင့်လှိုင်က ပြောရင်း ရှေ့မှ ခပ်သွက်သွက် လျှောက်သွားချေတော့၏။

ကျွန်တော်သည် နောက်မှ ကပ်လိုက်သွားလေ၏။

သို့လျှောက်ခဲ့ရာမှ လမ်းချိုးလေး တွေ့တစ်ခုတွင် ဝါးခုတ်သမားနှစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့လိုက်ချေ၏။

ထိုဝါးခုတ်သမားနှစ်ယောက် ကြည့်ရသည်မှာ ဘာကြောင့်



ရယ်မသိ ထိတ်ထိတ်ပျာပျာ ပြေးလာလေဟန် ဖြစ်ချေ၏။ ကျွန်တော်တို့ကို မြင်သည်နှင့် . . .

"ဆရာလေး . . ဆရာလေး . . လုပ်ပါဦးဗျာ၊ လုပ်ပါဦး"

သို့ဆိုလျှက် လင်းမြင့်လှိုင်ရှေ့ ပိတ်ရပ်လိုက်ကြ၏။

"အာ . . ခင်ဗျားတို့ ပါပဲလား"

ထိုသူနှစ်ယောက်ကို တွေ့သည်နှင့် လင်းမြင့်လှိုင်က ဝမ်းသာအားရ ပြောလိုက်ထောက်ခြင်းအားဖြင့် ပွဲနက်ကောင်ပေးသွားသော ဝါးခုတ်သမားများ ဖြစ်ပေသည်ကို ကျွန်တော်သွတ်လို့ရပြီ ဖြစ်တော့၏။

"ဘယ်လို ဖြစ်လာတာတုံး"

လင်းမြင့်လှိုင်က မေးလိုက်၏။

"ဟို . . ဟို . . ကျွန်တော်တို့ ဝါးခုတ်မဲ့ ဝါးတောအစပ်မယ် လူတစ်ယောက် သေနေတယ်"

"ဟင်"

"ဘာ"

"ဘယ်သူလဲ . . ဘာဖြစ်လို့လဲ . ."

လင်းမြင့်လှိုင်က မေးလိုက်၏။

"နို့တော့ မသိဘူး၊ ကျွန်တော်တို့လည်း ခုမှတွေ့တာ ကြောက်ကြောက်လန့်လန့်နဲ့ ဆရာတို့ဆီ ပြေးလာတာ . ."

"နို့ဖြင့် လာဗျာ . . လမ်းလိုက်ပြကြချေ၊ သွားကြမယ်"

"ဟုတ် . ."

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် ဝါးခုတ်သမား ဦးဆောင်မှုဖြင့် လူသေကောင် ရှိရာသို့ ခပ်သွက်သွက် လျှောက်သွားကြတော့၏။

အတော်ဝေးဝေးသို့ လျှောက်ခဲ့ကြလေသည်တွင် . . .

"ဟာ . ."

"ဟင် . ."

လူငယ်တစ်ယောက်ပါလား။ ရုပ်ပျက်ဆင်းပျက် သေနေလေ၏။ ကြိုးကောင်တို့ ထိုးဆိတ်ထားခြင်းကြောင့် မျက်လုံးဟောက်ပက် ဖြစ်နေ၏။

"ဘယ်လိုကြောင့် သေရတာပါလိမ့် . ."

လင်းမြင့်လှိုင်က မရွံမရှာ မကြောက်မရွံ့ အလောင်းကောင်ကို လက်ဖြင့် ကိုင်တွယ် လှည့်ပတ်ကြည့်လေ၏။

"သူ သေရတာ နောက်ကျော ဓားထိုးခံလိုက်ရလို့ဗျ"

"ဟင် . ."

"အို . ."

"သူ ဘယ်သူလဲဆိုတာ သိဖို့လိုတယ်"

လင်းမြင့်လှိုင်က ပြောလိုက်၏။ သို့ကြောင့် လင်းမြင့်လှိုင်ကို တအံ့တသြ ကြည့်လိုက်၏။ သေသူက တကယ်တော့ ကျွန်တော်တို့သိသော ဆင်ကုန်းရွာမုဆိုး အေးဝင်း ဖြစ်ချေ၏။ ဘယ့်တွက် လင်းမြင့်လှိုင်က မသိသလို ပြောနေပါလိမ့်။ သို့ပေမင့် သူ့တွင် အကြောင်းကိစ္စရှိလို့ ဖြစ်ချိမ့်မည်။ လင်းမြင့်လှိုင်က သို့ မေးလိုက်ပြီး ဝါးခုတ်သမားနှစ်ယောက်ကို စေ့စေ့ကြည့်လိုက်၏။ ဝါးခုတ်သမားနှစ်ယောက် လင်းမြင့်လှိုင်၏ အကြည့်မှ လွှဲဖယ်၍ နှစ်ယောက်သား မျက်နှာချင်းဆိုင် ကြည့်လိုက်ကြပြီး ခေါင်းဆတ်ညိတ်ပြခြင်းအားဖြင့် သူတို့နှစ်ယောက် လူသေကို သိလိမ့်မည်ဟု ကျွန်တော် တွက်လိုက်၏။



သို့ တွက်ဆလိုက်သလိုပင် . . .

"သူက ဆင်ကုန်းရွာသား ဆိုတာတော့ သိတယ်၊ နာမည်မသိဘူး၊ ကျွန်တော်တို့ ဝါးခုတ်တဲကို ရောက်ရောက်လာတတ်တယ်လေ . ."

တစ်ယောက်သော ပါးခုတ်သမားက ပြောလေ၏။

"ဝါးခုတ်သမားပဲပေါ့ . ."

လင်းမြင့်လှိုင်က မေးလိုက်၏။

"ဟုတ်ဘူး . ."

တစ်ယောက်သော မုဆိုးက ပြောသာပြန်၏။

"နို့ဖြင့် သိလျှင် ပြောဗျာ . ."

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"လမ်းပြ အလုပ်လုပ်နေတာ . . သူရောက်လာတိုင်း သူ လမ်းပြရတဲ့သူ တစ်ယောက်ယောက် ပါလာတတ်တယ်"

"နို့ဖြင့် မင်းတို့ သည်မယ် ဝါးခုတ်တာ ကြာပြီလား"

"တစ်လလောက်တော့ ရှိလိမ့်မယ် . ."

ဝါးခုတ်သမားတစ်ယောက်က ပြော၏။

"နို့ဖြင့် သည်ကြားထဲ မင်းတို့ဆီ ရောက်လာသေးလား"

ကျွန်တော်က ကြားဝင်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ လွန်ခဲ့တဲ့ သုံးပတ်လောက်က အောက်ချောင်းဘက်မှာ ဝါးခုတ်နေတုန်း သူ ရောက်လာတယ်"

"သူ တစ်ယောက်တည်းလား. ."

"ဟုတ်ဘူး၊ သူ လမ်းပြပေးရတဲ့ မုဆိုးတစ်ယောက်ပါတယ်"

"နို့ဖြင့်. . ပြောချေစမ်းကွာ၊ ပုံပန်းသဏ္ဌာန်"

"အင်း . . သူ့ပုံက အသားမည်းတယ်လို့ ပြောရလိမ့်မယ် အရပ်ရှည်ရှည်ရယ်၊ မျက်လုံးပြူးပြူး၊ မြို့ပြကလာတဲ့ မုဆိုးဖြစ်ဖို့ များတယ်. ."

"သို့ ပြောလေသဖြင့် ကျွန်တော်တို့နှင့် ဆုံလိုက်သော မုဆိုးလေး မင်းမှုင်းအောင်ကို သတိရလိုက်တော့၏။

တကယ်တော့ လင်းမြင့်လှိုင်တစ်ယောက် ထိုဝါးခုတ်သမားနှစ်ယောက်ထံမှ အမှန်စကား ဟုတ်,မဟုတ် သိလို၍ ဖြစ်ချေတော့၏။ လင်းမြင့်လှိုင်တစ်ယောက် အေးဝင်းကို မသိဟန်ဆောင်နေခြင်းသည် သို့ကြောင့်ပါလား သိလိုက်သဖြင့် လင်းမြင့်လှိုင်ကို ပြုံးပြလိုက်၏။

လင်းမြင့်လှိုင်ကလည်း ကျွန်တော့်ကို ကြည့်ပြီး ပြုံးပြလာကာ. . .

"ကိုပိုက်. . ဟိုအပင်ကို မှတ်မိလား. ."

သို့ မေးလေသဖြင့် လင်းမြင့်လှိုင်ကို မေးငေါ့ပြရာသို့ လှမ်းကြည့်လိုက်၏။

"အလိုလေးဗျာ. . သစ်ခြောက်ပင်ကြီးပါကလား၊ ညက ကြီးတစ်အုပ် နားသွားသော သစ်ခြောက်ပင်ကြီးပင် ဖြစ်ချေတော့၏။



"ကိုလင်း. . ဒါ. ."

"ဟုတ်တယ်. . ကျွန်တော်. . ညက တည်းက စိတ်ထဲတစ်ခုခုပဲလို့ ဖြစ်နေတာ၊ ဟိုကောင်လေးက တကယ်တော့ သူ့ကိုသတ်လိုက်တာဖြစ်ဖို့ များတယ်ဗျ. ."

"ကိုလင်းရယ်. . ဟုတ်ပါ့မလား၊ သူတို့နှစ်ယောက်က လမ်းကွဲနေကြတာလေ၊ ပြီးတော့ သူ့လမ်းပြက သူက သတ်ရမှာလားဗျာ၊ မစွပ်စွဲကောင်းပါဘူး. ."

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလိုက်ချေပြီး . . .

"ကျွန်တော် အတိအကျ ပြောမယ်၊ မင်းမင်းအောင်က သူသတ်တာကောင်. ."

"ဗျာ. ."

"ဟင်. ."

"အလို. ."

ကျွန်တော်ပင် မဟုတ်၊ ဝါးခုတ်သမား နှစ်ယောက်သည်ပင် လင်းမြင့်လှိုင်ကို တအံ့တဩ ကြည့်လိုက်ကြတော့၏။

"သည်မှာကြည့်. ."

လင်းမြင့်လှိုင်က ဘယ်အချိန် ရထားသည် မသိသော ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော ဓားမြှောင်တစ်ချောင်းကို ပြလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘယ်က ဘယ်လို ရလိုက်တာလဲ"

"ကျွန်တော် အိပ်ရာနိုးတော့ အပေါ်သွားမယ်ဆိုပြီး တဲနောက်ဘက် အသွားမှာ သည်ဓားကို တွေ့တာ၊ သည်ဓား အဖျားမယ်. . သွေးစွန်းတာတွေ့လို့ လိုရမယ်ရဆိုပြီး လက်ဖွေ ရအောင် ကျွန်တော် ကြွပ်ကြွပ်အိတ်နဲ့ ကောက်ထည့်ထားတာ"

"ဟင်. ."

"အို. ."

"နို့ဖြင့် သည်ဓား တွေ့တာနဲ့ မင်းမင်းအောင်ပါလို့ ဘာ လို့ အတပ်ပြောလိုက်တာလဲ၊ တစ်ဦးတစ်ယောက် ကျန်ခဲ့တာ ကော မဖြစ်နိုင်ဘူးလား"

ကျွန်တော်က မေးလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းပြချေပြီး . . .

"ဓားအနှောင့်မယ်. . ထွင်းစာလုံးလေး ရှိတယ်. . သည် မယ် ကြည့်လေ. ."

သို့ဆိုတော့ ကျွန်တော် ဓားအနှောင့် သစ်သားလက်ကိုင် ကို စေ့စေ့ကြည့်လိုက်၏။

"ဘုရားရေ. . ဟုတ်ပါ့၊ မင်းမင်း ဆိုပါကလား၊ ဒါ မင်းမင်းအောင်ပေါ့"

"တော်ပါသေးရဲ့၊ လူသတ်သမားကို ဆရာလေးတို့ သိနေလို့၊ နို့ဖြင့် အလောင်းစတွေ့တဲ့ ကျွန်တော်တို့ အမှုပတ်နိုင် တယ်. ."

ဝါးခုတ်သမားနှစ်ယောက်က သို့ဆိုသလို ပြိုင်တူ ပြော လာတော့၏။



"သည့်တွက်တော့ မပူပါနဲ့ ကျွန်တော့်တာဝန် ထားပါ။ ခု ခင်ဗျားတို့လည်း ရွာပြန်ပြီး သူကြီးဆီကို အကြောင်းကြား၊ သူကြီးက ရဲစခန်းသွားပြီး အကူအညီ တောင်းလိမ့်မယ်၊ သူကြီးဆီ ကို ကျွန်တော် စာတစ်စောင် ပေးလိုက်မယ်၊ သည်တော့ ခင်ဗျား တို့နှစ်ယောက်အပေါ် သံသယရှင်းသွားလိမ့်မယ်၊ ကျွန်တော်တို့ နှစ်ယောက် အချိန်မီ မင်းမင်းအောင်ကို ပြက်ရှာရလိမ့်မယ်၊ လတ်တလော အခြေအနေအရ သူဟာ လူသတ်သမားလို ဖြစ်နေ တယ်၊ နို့ကြောင့် သူ့နောက် အလျင်မီ ခြေရာခံလိုက်ရမှာ. ."

လင်းမြင့်လှိုင်က သို့ပြောပြီး ကျွန်တော့်ကို မျက်ရိပ်ပြ ထိုနေရာမှ ထွက်သွားလေသဖြင့် ကျွန်တော် သူ့နောက် လိုက် သွားချေတော့၏။

"ကိုလင်းရေ. . မင်းမင်းအောင်က အေးဝင်းကို သတ် တယ်ဆိုတာ သေချာရဲ့လားဗျာ. ."

"အင်း. . တွေ့ရှိတဲ့ သက်သေအထောက်အထားအရ သေချာတယ်လို့ ပြောရမှာပဲဗျ၊ ဟုတ်ချင်မှလည်း ဟုတ်မယ်လေ၊ သူနဲ့ ဆုံလျှင်ဖြင့် တိကျတဲ့ အဖြေတစ်ခုကို ရမှာပါဗျာ"

တောတိုးသွားရင်း သို့ဆိုသလို ကျွန်တော်က မေးလိုက် သည်တွင် လင်းမြင့်လှိုင်က သည်သို့ ပြောလာချေ၏။

"ကိုလင်း ကျွန်တော်တို့ ဘယ်ရောက်နေပြီလဲ၊ သည်လမ်း အတိုင်း မင်းမင်းအောင် သွားတာ သေချာလား"

ကျွန်တော်က အတန်ကြာကြာ တောတိုးလျှောက်ခဲ့ခြင်း ကြောင့် သို့ဆိုသလို မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ခြေရာကို မတွေ့ဘူး နို့ပေမင့်လို့ ဟိုမယ်. . ကြည့်လေ. . "

သို့ဆိုလျှက် လင်းမြင့်လှိုင်က တောင်ခြေအောက်သို့ လှမ်းထိုးပြလေ၏။ သို့ဆိုတော့ ကျွန်တော် လှမ်းကြည့်လိုက်၏။

အလိုလေးဗျာ. . ဟုတ်ပါရဲ့ တောင်ကြောအောက် တောတိုးဖွေ့သွားနေသော လူတစ်ယောက် တွေ့ရချေ၏။

" မင်းမင်းအောင်လား. . "

ကျွန်တော်က မေးလိုက်၏။

"ဖြစ်နိုင်ချေ များတယ်. . "

သို့သာပြောပြီး လင်းမြင့်လှိုင်သည် ထိုတောင်ကြောစွယ် အောက် တိုးဆင်းသွားချေ၏။ သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောစွယ်ဆုံး ရောက်သည်တွင် မြောင်ကြီးတစ်ခုကို ရောက်ခဲ့ကြ၏။

"ဗွမ်း. . "

"ဗွမ်း . . "

"ဗွမ်း. . "

မြောင်ကြီးအတွင်း ဒူးဆစ်ခန့် ရေရှိနေသဖြင့် ခပ်လှမ်း လှမ်းလောက်ဆီမှ ရေတွင်း လူတစ်ယောက် လျှောက်သွား နေသည်ကို သိရ၏။

"ရှေ့က လျှောက်သွားတာ မင်းမင်းအောင်ပဲ ဖြစ်မယ်"

လင်းမြင့်လှိုင်က ပြော၏။

"နို့ဖြင့် အမီလိုက်ကြတာပေါ့. . "

သို့ ကျွန်တော်က ပြောလေသည်တွင် လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းပြချေပြီး . . .



"အဲလို လုပ်လို့ မရပေဘူး. . "

ပြောလေသဖြင့် လင်းမြင့်လှိုင်ကို အံ့သြတကြီး ကြည့်မိ၏။ ဘယ်လိုဖြစ်သွားရတာပါလိမ့်။ စောစောကတော့ မင်းမင်း အောင်ကို အလျှင်အမီ လိုက်ရမည်ဆိုပြီး ခုတော့ ဘယ်လိုကြီး ပါလိမ့်။

သည်သို့ဖြင့် ကျွန်တော်တို့လည်း ရေထဲဆင်း လျှောက် သွားကြမည် ဆိုလျှင်ဖြင့် သူလည်း ကျွန်တော်တို့ ခြေသံကို ကြား လျှင်လည်း ကြားပေလိမ့်မယ်။ သို့ဖြစ်လာပါက သူ့နောက် ကျွန်တော်တို့ လိုက်လာသည်ကို ရိပ်မိသွားပါက ခြေရာဖျောက် ပြေးသွားနိုင်ခြင်းကြောင့် သို့ပြောလာခြင်း ဖြစ်ပေမည့် ကျွန်တော်က. .

"နို့ဖြင့် သူ့ကို သည်အတိုင်းချည်းပဲ အလွတ်ပေးလိုက်ရ မှာလား"

မေးလိုက်၏။

"ကျွန်တော့်နောက် လိုက်ခဲ့ချေ. . "

လင်းမြင့်လှိုင်က သို့ပြောပြီး တောင်ကြောပေါ်သို့ တိုး ဖွေ့တက်လိုက်ချေ၏။ ကျွန်တော်သည်လည်း လိုက်ပါသွား၏။ သို့ဆိုတော့ လင်းမြင့်လှိုင်သည် မြောင်အတွင်းမှ သွားနေသူကို တောင်ကြောစွယ်ပေါ်မှ လိုက်လံလေခြင်း ဖြစ်ချိမ့်မည်။

သို့ဖြင့် ကျွန်တော်တို့သည် မင်းမင်းအောင် ဆိုသူကို သည်တစ်ခါတော့ဖြင့် လွယ်လင့်တကူ ဖမ်းနိုင်ချေပြီဟု တွက်လိုက် သေမင့်. . .

"အား. . "

www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ. . တောင်ကြောအောက် မြောင်တွင်းမှ သို့ဆိုသလို ထိတ်လန့်တကြား အသံကြားလိုက်ရသည်ကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မတိုင်ပင်ဘဲနှင့် မြောင်တွင်း အပြေးကလေး သွားလိုက်ကြ၏။

"ဘုရားရေ. ."

မြောင်တွင်း ရောက်သွားကြသည်တွင် ကျွန်တော်တို့ တစ်ပတ်ရိုက် ခံလိုက်ရကြောင်း သိရတော့၏။

"ကျွန်တော်တို့ ခံလိုက်ရပြီဗျ. ."

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလေသဖြင့် ကျွန်တော် ပြုံး၍ ကြည့်လိုက်၏။ တောင်ကြောပေါ်မှ ပြေးလွှားသံကို ကြားရပြန်၏။

ကျွန်တော်က တောင်ကြောပေါ် ပြန်တက်မည် လုပ်သည်တွင်. . .

"နေပါတော့ ကိုပိုက်ရယ်. . အလွတ်ပေးလိုက်ပါတော့"

သည်သို့ ပြောလာသော လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

သို့ဖြင့် ကျွန်တော်တို့သည် မြောင်မှ ချောင်းသို့ ထွက်လာလိုက်၏။ ချောင်းတွင်မတော့ ရေရှိသည် ဆိုပေမင့် ဒူးဆစ်သာသာခန့်သာ ရှိချေ၏။ ရေစီးကတော့မူ အေးလေ၏။

"သည်ချောင်းရေအနက်က သည်လောက်ပဲ ထင်တယ်. ."

"တကယ်တော့ သည့်ထက် နက်ပုံရတယ်. ."

"နို့ဖြင့်. . ."

"ကျွန်တော်တို့ တောင်ကြောပေါ် ပြန်တက်မလား ချောင်းဟိုဘက်ကမ်းကို ဖြတ်ကြမလား"



လင်းမြင့်လှိုင်က မေးလေ၏။

"ကိုလင်း ကျွန်တော်တို့ တောင်ကြောပေါ် ပြန်တက်တာ ကောင်းမယ်၊ ဘာလို့လဲဆိုတော့ မင်းမင်းအောင် တောင်ကြောပေါ်မှာပဲ ဖြစ်နိုင်တယ်"

သို့ဆိုသလို ကျွန်တော် စဉ်းစားလိုက်၏။ ကျွန်တော် သိရသလောက် တောင်ကြောပေါ်မှ ခြေသံရှင်တစ်ယောက်နှင့် မြောင်တွင်းမှ ခြေသံရှင်တစ်ယောက် မည်သူက မင်းမင်းအောင် ဖြစ်မည်နည်း။

ရေထဲကလူ ဘယ်လိုကြောင့် ထိတ်လန့်တကြား အော်ဟစ်လေပြီး ပျောက်သွားရပါလိမ့်။

"ကျွန်တော်တို့ တောခြောက်ခံရတာများလား"

ထိုသူ တောင်ကြောပေါ်တက်မည်ဆိုပါက တစ်ဖက် တောင်ကြောသို့သာ တက်သွားနိုင်၏။ သည်တော့ ကျွန်တော်တို့ ဘယ်သို့ လိုက်ကြရမည်နည်း။

တစ်ဖက်တစ်ချက် တောင်ကြောတို့တွင် တစ်ယောက်စီ ရှိနေပါကောလား။ ဘယ်ဘက်တောင်ကြောပေါ်က လူသည် မင်းမင်းအောင် ဖြစ်လေမည်နည်း။ ဆုံးဖြတ်ခက်ချေပြီးကော။

"ကျွန်တော်တို့ လူခွဲလိုက်ကြမလား. ."

သို့အကြံသည် ကောင်းပေ၏။

သည်တော့. . .

"ကဲ ကိုပိုက်က အဲဒီတောင်ကြောပေါ် တက်လိုက်သွားချေ၊ ကျွန်တော်က သည်တောင်ကြောဘက် လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ပြန်ဆုံကြမလဲ"

"တစ်နာရီ အချိန်ပေးပြီး လိုက်ကြတာပေါ့၊ နောက် တစ်နာရီကြာလျှင် ကျွန်တော်တို့ ညက နေခဲ့တဲ့ စခန်းမယ် ပြန်ဆုံကြမယ်"

သို့ဆိုလျက် ကျွန်တော်တို့သည် တစ်ယောက်တစ်နေရာစီ လိုက်သွားကြတော့၏။ ကျွန်တော်သည် တောင်ကြောပေါ်သို့ ရောက်သည်တွင် ဘယ်ဘက်လိုက်ရမည်ကို သိလို၍ တောင်ကြောအထက်အောက် လှမ်းကြည့်လိုက်၏။

ကျွန်တော် ကံကောင်းသည်လား၊ ကံဆိုးသည်လား မပြောတတ်ချေ။ တောင်ကြောပေါ်တွင် ဝါးသုန်းပင်များ ပေါက်ရောက်နေခြင်းတွေ့ရ၏။ သစ်ပင်ကြီးတို့သည် ခပ်ကြဲကြဲသာ ရှိချေ၏။

ဝါးသုန်းတောတွင်း တောတိုးရမည်မှာ မလွယ်၊ ဝါးရွက်ဖျားလေးများကြောင့် ခန္ဓာကိုယ်အနှံ့ ဝါးရွက်ရှရာလေးများမှ သွေးထွက်ယားယံခြင်း ခံရပေတော့မည်။

သို့ပေမင့် ထိုသည်ကို ရှောင်လွှဲ၍ မရ၊ ဝသုန်းတောကို တိုးရပေတော့မည်။ ဘယ့်တွက်မူ တောင်ခြေအထက်ဘက်သို့ လူတစ်ယောက် ဝါးသုန်းတောအတွင်း တိုးဝှေ့သွားနေသည်ကို လှမ်းတွေ့လိုက်ရသည် ဖြစ်ချေ၏။

သို့ကြောင့် ကျွန်တော်သည် ဝါးသုန်းတောအတွင်း ဒရောသောပါး ပြေးဝင် လိုက်သွားချေတော့၏။

ကျွန်တော် လိုက်လာသည်ကို ထိုသူ ရိပ်မိဟန်တူ၏၊ သူ အမြန်သွားနေသည်ကို သတိပြုမိသည်။



သို့ကြောင့် ကျွန်တော်သည် နောက်မှ ပြေးပြေးလွှားလွှား လိုက်ရာမှ သေနတ်ကို မောင်းတင်လိုက်၏။

"ချောက်"

သွားရင်းလာရင်း လက်တွင်းရှိ သေနတ်ဖြင့် လှမ်းချိန်လိုက်၏။ ပြီး . . .

"ဟိတ်ကောင် . . မပြေးနဲ့ . . ရပ် . . မရပ်လျှင် ပစ်လိုက်မယ်"

လို့ ခြိမ်းခြောက်အော်လိုက်၏။

"ဒိုင်း"

အလိုလေးဗျာ . .

တစ်ဖက်တောင်ကြောမှ သေနတ်သံကြားလိုက်ရသဖြင့် လင်းမြင့်လှိုင်သည်လည်း ကျွန်တော်၏ အကွေးချိုးဖြင့် လှမ်းပစ်လိုက်သည်များလား။

အလိုလေးဗျာ . .

သို့သေနတ်သံကြောင့် ကျွန်တော် တွေဝေနေစဉ် အတွင်း ထိုသူသည် ရုတ်ခြည်းဘယ်ရောက်သွားသည် မသိမမြင်လိုက်ပါတော့ချေ . .

"ဘုရားရေ . ."

လူကို လုံးလုံးမမြင်ရပေမင့် သူသွားနိုင်ချေမှန်း၍ ဝါးသုန်းတောတိုးသွားလိုက်ပြန်၏။

ဝါးသုန်းတောလွန်သည်တွင် အောက်ပေါင်း ရှုပ်ထွေးသော တောနက်အတွင်း ရောက်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းစုံပင်များ ပေါက်ရောက်လျက် ရှိသည်ကြောင့် ချုံပုပ်နွယ်ပင်တို့သည် အောက်ခြေရင်း ရှုပ်ထွေးလို့နေ၏။

စိုစိုစွတ်စွတ်နှင့် အနံ့အသက်ကလည်း မကောင်းပါချေ။

ရှေ့မှ ပြေးသွားသူကိုတော့ဖြင့် အရိပ်အယောင် မမြင်မိပါချေ။ သို့ဖြင့် ကျွန်တော်သည် ထိုတောနက်အတွင်း ဝင်လိုက်၏။ လွန်စွာမှ ကြီးမားသည့် သစ်ဆိမ့်ပင်ကြီးတစ်ပင်အောက်တွင် ခေတ္တရပ်၍ နားနေလိုက်၏။

"အုဝူ. . အုဝူ. . အုဝူ. ."

မျောက်တစ်ကောင် နွယ်တစ်နွယ်ကို ခိုလွှားရင်း ကျွန်တော့်ကိုကြည့် သွားဖြီးပြ အော်ဟစ်နေလေသဖြင့်. .

"ဒိန်း"

ကျွန်တော် ဆာလောင်နေသည်ဖြစ်၍ အသေအချာ ချိန်ပစ်လိုက်၏။

"ဘုတ်"

မျောက်ကောင် ပြုတ်ကျလာ၏။

ကျွန်တော် မျောက်ကောင်ထံ သွားလိုက်၏။ မျောက်ကောင်သည် မျောက်မြီးရှည် ဖြစ်ချေ၏။

မျောက်ကောင်ကို အသားဖျက်ရန် သစ်ဆိမ့်ပင်အောက်ပြန်ခဲ့သည်တွင် . . .

"ဟင်"

ယောင်ကြီးငွေနှင့် လူတစ်ယောက် သစ်ဆိမ့်ပင်အောက်တွင် ထိုင်နေလေ၏။ ကျွန်တော့်ကို ပြုံးပြချေ၏။



ကျွန်တော် ပြုံးပြလိုက်၏။

"နောင်ကြီး မျောက်ကောင်ကို ကျုပ် အရေဆုတ် အသားဖျက်ပေးပါရစေ၊ ပြီးတော့မှ ဟင်းစားပေးလေ"

သို့ပြောလာသည်တွင် ကျွန်တော် ပြုံး၍ ကြည့်လိုက်ချေပြီး ခေါင်းညိတ်ပြကာ မျောက်ကောင်ကို ပေးလိုက်၏။

ထိုယောင်ကြီးငွေက မျောက်ကော င် သူ့လက်တွင်းရောက်သည်နှင့် အရေဆုတ်လေတော့၏။ ဗိုက်ခွဲလေ၏။ အူကလီစာတို့ကို ထုတ်လိုက်ချေ၏။ မြန်လိုက်သည်ဖြစ်ခြင်း၊ သို့ပေမင့် သူ့တစ်ကိုယ်လုံး သွေးတို့ စွန်းပေကုန်ချေ၏။ ကျွန်တော်သည် ထင်းမီးဖိုရန်အတွက် ထင်းခြောက် လိုက်ကောက်ပေးလိုက်၏။

"ဘုရားရေ . . . အမြီးသာ မပါလျှင် ဦးပြည်းခေါင်းတုံးနှင့် လူသားတစ်ယောက်ကဲ့သို့ ဖြစ်ချေ၏။

သို့အတွေးအသိကြောင့် ကျွန်တော် စိတ်မကောင်း ဖြစ်သွားတော့၏။

"နောင်ကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

အလိုလေးဗျာ. . ဘယ်လိုကြောင့်ပါလိမ့်။

ကျွန်တော် ထိုလူကို စေ့စေ့ကြည့်လိုက်၏။ သူ ဘာဆက်ပြောမည်ကို နားစွင့်လိုက်၏။

"တကယ်ဆို ကျွန်တော် တုံးတစ်ပြီးမှ ငါးစိုထိုး မီးကင်ရမှာ. . အမှတ်တမဲ့ ဖြစ်သွားတယ်ဗျ. ."

အလိုလေးဗျာ ကျွန်တော့်အတွေးကို သူများ သိသွားသလားသည်များလား။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ. ."

သို့ ကျွန်တော်က ပြောလိုက်၏။

ပြီး မီးပုံနားတွင် ဆောင့်ကြောင့်ထိုင်လိုက်၏။

အသားကောင်လုံးကို လှည့်ပြုပေးလိုက်၏။

"ကျွန်တော် လုပ်ပါမယ်ဗျာ၊ မဂိုအပင်အခြေမှာ အေးအေးလူလူ သွားထိုင်နေပါ"

သို့ဆိုတော့ ကျွန်တော်သည် သူပြောသည့် သစ်ပင်အခြေရင်းတွင် သွားထိုင်လိုက်၏။

"နို့ မေးရဦးမယ်. . ခင်ဗျား တစ်ယောက်တည်းလား"

သို့ သူက မေးလေ၏။

ဘုရားရေ. . တကယ်တော့ ကျွန်တော်က သူ့ကို မေးရမည့်စကား ဖြစ်၏။ သို့ပေမင့်လို့. . . .

"မဟုတ်ဘူး. . အဖော်တစ်ယောက် ပါတယ်၊ တစ်ဖက်တောင်ကြောမယ်. ."

သို့ဆိုတော့ ထိုယောင်ကြီးဖွေက ကျွန်တော့်ကို ပြုံးစမျက်နှာပေးဖြင့် ကြည့်လာချေပြီး . . .

"နို့ဖြင့် ဟိုဘက်တောင်ကြောမယ် ကျုပ်ညီနဲ့ တွေ့လိမ့်မယ်. ."

သို့ပြောလာသည့် ယောင်ကြီးဖွေကို ကျွန်တော် အံ့သြတကြီး ကြည့်လိုက်၏။ ပြီး . . .

"ခင်ဗျား . ဘာပြောတယ်. ."

မေးလိုက်၏။



"အော် . ဟိုဘက်တောင်ကြောဘက်မယ် ကျွန်တော့်ညီ ရှိတယ်. ."

"ဗျာ. ."

"ဟုတ်တယ် သူနဲ့ ကျွန်တော် သားကောင်ကိုလိုက်ရင်း ဘယ်ရောက်သွားမှန်းမသိလို့ သည်တောင်ခြေနှစ်ခုအနက် တစ်ခုမှာ ရှိနိုင်တယ်ဆိုပြီး လူခွဲလိုက်ခဲ့ကြတာလေ"

"ဘုရားရေ. ."

"နို့ဖြင့် ခင်ဗျားညီက ဘယ်လို. ."

"ကျုပ်လိုပဲ ကျွန်တော်နဲ့ တစ်ထပ်တည်း အသံ၊ ရုပ်၊ ကိုယ်လုံးကိုယ်ပေါက် တူကြတယ်ဗျ၊ တချို့ကဆို ဘာတဲ့. . 'ယောင်ညီနောင်တဲ့' . . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား . . ဟား. . "

သို့ပြောပြီး ထိုသူက ရယ်မောနေလေ၏။

"နို့ဖြင့် ခင်ဗျားညီက အမြွှာညီပေါ့. ."

"နို့ပေါ့ဗျာ. ."

"နေပါဦး ဘာကောင်ကို လိုက်ကြတာတုံး"

ကျွန်တော် သင်္ကာမကင်းဖြင့် မေးလိုက်၏။

"ဘာကောင်မှ မဟုတ်ဘူး၊ ရေစီးထဲက အသံကြားတယ်၊ ဘာကောင်ရယ်လို့ ကျုပ်လည်း ဘယ်သိပါ့မလဲ နို့ကြောင့်လည်း ညီကို တစ်ဖက်တောင်ကြောပေါ် သွားခိုင်းပြီး ကျုပ်က ချောင်းထဲဆင်းမယ်အလုပ်မှာ ခင်ဗျားသေနတ်သံကြားလို့ ဆာဆာလည်း ရှိတာနဲ့ လာခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နိုဖြင့် အသံကြားရတယ်ဆိုတဲ့ သတ္တဝါကောင်နောက် မလိုက်တော့ဘူးလား"

ထိုလူ ခေါင်းယမ်းပြလာချေပြီး . .

"ခင်ဗျားသေနတ်သံကြောင့် အဲဒီကောင် ပြေးသွားလောက်ပြီပေါ့"

"ဘာရယ် . . နို့ဖြင့် ခင်ဗျားကျတော့ သေနတ်သံကြောင့် မပြေးဘဲ ဘာလို့ ကျွန်တော့်ဆီ လာရတာလဲ"

သို့ ကျွန်တော် မေးလိုက်သည်တွင် ထိုလူ မျက်စိမျက်နှာ ပျက်သွားတော့၏။

"ပြောလေဗျာ . ."

"ပြောစရာမလိုဘူး ကိုပိုက် . . အဲဒီလူက သူပဲ . ."

"ဟင် . ."

လင်းမြင့်လှိုင်ပါကလား . . ဘယ်အချိန်က ဘယ်လို ရောက်လာတာပါလိမ့်။

"ကဲ ယောင်ကြီးဗွေ ခင်ဗျား စားသောက်ပြီးမှ ကျွန်တော်တို့နဲ့ စကားစမြည် ပြောတာပေါ့၊ တကယ်ကို မေးစရာလေးတွေ ရှိလို့ပါ"

ယောင်ကြီးဗွေက မီးပုံနံဘေးမှာပင် ဆောင့်ကြောင့်ထိုင်နေရင်း မျောက်ကောင်ကို လှည့်ပတ်ပေးနေလေ၏။

သွေးအေးလူစား ဖြစ်ဟန်တူသည်။

လင်းမြင့်လှိုင်ကို ကြည့်လိုက်သည်တွင် သူ့အား မကျေမနပ် ဖြစ်နေပုံပင်။



"ကိုလင်း ဘာဖြစ်လို့လဲ . ."

ကျွန်တော်က လင်းမြင့်လှိုင်ကို တီးတိုးမေးလိုက်၏။

"နောက်တော့ သိရတော့မှာပေါ့"

သို့သာပြောပြီး လင်းမြင့်လှိုင်က သို့ ယောင်ကြီးဗွေနှင့် အစ်ဖက်တစ်ချက်တွင် သွားထိုင်လိုက်၏။

"ယောင်ကြီးဗွေ ခင်ဗျား ကျွန်တော် ပြောချင်တာတွေကို သိပါလိမ့်မယ်၊ ဟုတ်တယ် မဟုတ်လား၊ ခင်ဗျားကို အနှောင့်အယှက် မပေးတော့ပါဘူး၊ စားသောက်ပြီးတော့မှ ပြောရမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်က ဝီစကီပုလင်းပြားလေးအဖုံးကို လှည့်ဖွင့်လိုက်၏။

သို့ဆိုတော့ ယောင်ကြီးဗွေသည် လင်းမြင့်လှိုင်ထံ လှည့်ကြည့်လာချေပြီး . .

"ကျုပ်တို့လည်း တိုက်လိမ့်မယ် ထင်ပါရဲ့၊ အင်း . . သောက်ရင်းစားရင်း အေးအေးလူလူ စကားလေးဖောင်ဖွဲ့ ပြောရတော့မယ်ဗျ . ."

သို့ဆိုတော့ လင်းမြင့်လှိုင်က ယောင်ကြီးဗွေကို သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလိုက်ကာ . .

"စကားစမြည်ပြောတယ် ဆိုပေမင့် မေးခွန်းတွေ များမယ်"

"မေးမယ်ဆိုတော့ ခင်ဗျားကို ဖြေချင် မဖြေချင်ဆိုတာ ရှိသဘောပါဗျာ"

"ဖြေချင်စိတ် ဖြစ်လာစေမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. ."

သို့ဆိုတော့ ယောင်ကြီးဖွေက လင်းမြင့်လှိုင်ကို အံ့ဩ တကြီး ကြည့်လိုက်ချေတော့၏။

"အော်. . ဖြေချင်စိတ် ဖြစ်လာမှာပါလို့ ပြောတာလေ"

သို့ဆိုတော့ ယောင်ကြီးဖွေတစ်ယောက် မှင်တက်မိသွား ချေတော့၏။ ပြီးလေမှ လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက် ချေပြီး. .

"ကောင်းပြီလေ. . ပြောသင့်ပြောရမှာပေါ့၊ နို့ပေမင့်လို့ ကျုပ် ဆာနေပြီဆိုတော့ အလျှင်စားသောက်တာပေါ့၊ အဲ နို့ပေမဲ့ လို့ တစ်ခုရှိတယ်နော့ ကျုပ်ကို လျှော့မတွက်နဲ့၊ 'ထန်းရည်မူ[း] ကျွဲခိုးပေါ်ပါလိမ့်မယ်' ဆိုတဲ့ အတွေးမျိုးတော့ မရှိလေနဲ့ဗျ၊ ကျု[ပ်] က မူးလျှင် ပိုလို့တောင် နှုတ်နည်းပါ့ဗျာ၊ ဟင်း. . ဟင်း. ခင်ဗျာ[း] တို့ သိထားရမှာက . . ကျုပ်ပြောချင်စိတ် ရှိလို့သာ ဖြေတယ်ဆို[တ] တာကို သိထားပါ"

သို့ဆိုလျက် ယောင်ကြီးဖွေသည် လင်းမြင့်လှိုင်၏ အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ ပါးနပ်သော လင်းမြင့်လှိုင်က ဂီစ[က်] ပုလင်းပြားလေးကို လှမ်းပေးလိုက်ချေ၏။

"အဟင်း. . တယ်အဆင့်မြင့်ပါလား၊ ရွှေပတ်ပေပဲ"

သို့ပြောပြီး အဖုံးဖွင့်ကာ တစ်ငုံမော့သောက်လေတော့ ၏။ ပြီး ပုလင်းပြားလေးကို ပြန်ကမ်းပေးလိုက်၏။ မျောက်ကော[င်] သား ကျက်လောက်ပြီ ဖြစ်မည်။ သို့ကြောင့် သူတားဖြင့် လှီးဖြ[တ်] စားလိုက်ချေ၏။



လင်းမြင့်လှိုင်က သူ့ကိုကြည့်ပြီး ပြုံးနေချေတော့၏။

ကျွန်တော်တို့ သုံးယောက်သည် ကမ်းပေးကမ်းယူ သောက်လိုက် စားလိုက်ကြရင်းမှ လင်းမြင့်လှိုင်က. .

"ကဲ ယောင်ကြီးဖွေရေ. . ကျွန်တော် မေးတော့မယ်"

"မေး"

"ဘယ်ရွာသားလဲ"

"အလဲ့. . လွယ်လှချည်လား၊ ကမ်းနီရွာသား. ."

"သည်ကို ဘာလာလုပ်တာလဲ"

"ဘယ်လိုထင်လဲ"

အလာကြီးပါကလား။ သူက ပြန်မေးလာ၏။

"အထင်ကို မပြောချင်ဘူး၊ သိချင်လို့ မေးတာလေ"

"လူတစ်ယောက် လာရှာတာ. ."

"ဘယ်သူလဲ. . ဘယ်ရွာသားလဲ. ."

"ဆင်ကုန်းရွာ မုဆိုးအေးဝင်း. ."

"ဗျာ. ."

"ဟင်. ."

သို့ဆိုတော့ ကျွန်တော်တော လင်းမြင့်လှိုင်ပါ ယောင်ကြီးဖွေကို အံ့ဩတကြီး ကြည့်လိုက်ကြတော့၏။

သူ တကယ် မသိသေးပါကလား။

"ဘာကိစ္စလဲ. ."

လင်းမြင့်လှိုင်က မေးလိုက်၏။

သည်တွင် ယောင်ကြီးဖွေက လင်းမြင့်လှိုင်ကို မကျေ [illegible] ကြည့်လာချေပြီး. .

www.burmeseclassic.com

www.burmeseclassic.com



“ဘာကိစ္စဖြစ်ဖြစ် ခင်ဗျားတို့ သိစရာမလိုဘူး . .”

လို့ ပြောလေ၏။ သည်တွင် လင်းမြင့်လှိုင်က ပြုံး၍ ကြည့်လိုက်ချေပြီး . . .

“ဟုတ်ပါ့ဗျာ၊ ကျွန်တော် တောင်းမန်ပါတယ်၊ နို့ပေမင့် လို့ သည်တစ်ခါ မေးမှာကိုတော့ အမှန်အတိုင်း ဖြေပေးစေချင် ပါတယ်”

“ပြောကြည့်ပါဦး . .”

“အေးဝင်းကို လိုက်ရှာနေတာ တကယ်မတွေ့သေးဘူးလား သူ့အကြောင်း ဘာမှ စုံစမ်းမရသေးဘူးလား”

“ဟုတ်တယ်၊ တစ်ချိန်တော့ တွေ့လိမ့်မယ် ထင်တယ် သူ သည်တောမှာပဲ ရှိတာ သေချာတယ်”

“နို့ဖြင့် အေးဝင်း ဘယ်မှာရှိလဲ ကျွန်တော် ပြောနိုင်တယ် ဆိုလျှင်ကော . .”

သည်တွင် ယောင်ကြီးဖွေက လင်းမြင့်လှိုင်ကို စေ့စေ့ ကြည့်လိုက်ချေပြီး . .

“အေးဝင်းကို သိလို့လား . .”

“အလျင်က မသိဘူး၊ သူနဲ့ ဆုံမှသိတာ . .”

“ဟင် . . နို့ဖြင့် သည်တောထဲမှာပေါ့ ဖြေစမ်းပါဗျာ၊ မြန်မြန် သည်ကောင်ကို အလျင်မီတွေ့မှ ဖြစ်မယ် . .”

သို့ဆိုသလို ယောင်ကြီးဖွေတစ်ယောက် ပျာပျာသ ဖြစ်သွားခြင်းကို ကြည့်ခြင်းအားဖြင့် သူ အမှန်တကယ် အေးဝင်း အကြောင်း မသိသေး၊ မတွေ့ဆုံသေးဆိုတာ ဟုတ်မှန်ကြောင်း တွက်လို့ ရလေသဖြင့် . .



“အေးဝင်းနဲ့ ခင်ဗျား တွေ့နိုင်တော့မှာ မဟုတ်ဘူး”

ကျွန်တော်က ဝင်ပြောလိုက်သည်တွင် ယောင်ကြီးဖွေ သည် ကျွန်တော့်ကို မျက်လုံးနီနီကြီးဖြင့် စူးစိုက်ကြည့်လာချေပြီး-

“ခင်ဗျားက ဘာစကားပြောတာလဲ၊ ဘာလို့ မတွေ့နိုင် ရမှာလဲ၊ ခင်ဗျားတို့ တွေ့ခဲ့ကြတယ်ဆိုတော့ သူ ဘယ်မှာ ရှိတယ် သိရမှာပေါ့၊ နို့ကြောင့် မြန်မြန်ပြောချေဗျာ”

“ကောင်းပြီလေ . . မှန်တာပြောမယ် . .”

လင်းမြင့်လှိုင်က ဝင်ပြောလိုက်ချေ၏၊

“ပြောဗျာ မြန်မြန် သူနဲ့ တွေ့ချင်ပြီ”

“သူနဲ့ တွေ့ချင်လျှင် မီးလောင်ကုန်းရွာ လိုက်သွားတော့၊ နို့ပေမင့်လို့ ခင်ဗျား သူနဲ့ စကားပြောလို့တော့ ရမှာ မဟုတ်ဘူး”

“ဘာလို့လဲ . .”

မကျေမနပ်ကြည့် မေးလာ၏။

“သူ သေပြီ . .”

“ဘာ . . မဖြစ်နိုင်တာ . .”

“ဖြစ်နိုင်လို့ပြောတာ ကျွန်တော်တို့ ကိုယ်တိုင် သူ့ အလောင်းကို တွေ့ခဲ့တာ၊ ပြီးတော့ ကျုပ်တို့ ကိုယ်တိုင် သူ့ အလောင်းကို မီးလောင်ကုန်း သူကြီးဆီ အပ်ခိုင်းလိုက်တာ . .”

“ဘာလို့ သေရတာလဲ . .”

“ကျွန်တော်တို့ ထင်တာတော့ သူ လုပ်ကြံခံရတာ . .”

သို့ပြောလိုက်သည်တွင် ယောင်ကြီးဖွေ အံ့သြတကြီး ဖြစ်သွားလိမ့်မည်ဟု ထင်လိုက်ပေဖြား . .

www.burmeseclassic.com

www.burmeseclassic.com



"အင်း ကျုပ်တော့ နောက်ကျသွားပြီမဲ. . "

လို့ အေးအေးလူလူ ပြောလာသဖြင့် ကျွန်တော်တို့က သာလျှင် အံ့ဩတကြီး ဖြစ်သွားရတော့၏။

"ဘုရားရေ. . "

"နို့ဖြင့် သူ အသတ်ခံရမယ်ဆိုတာ သူ့မယ် အန္တရာယ် ရှိနေပြီဆိုတာ ခင်ဗျား သိနေလို့လား"

သို့ဆိုသလို လင်းမြင့်လှိုင်က မေးလိုက်၏။

"ဟုတ်တယ်. . "

"ဟင်. . နို့ဖြင့် ခင်ဗျား ပြောပြနိုင်မလား"

"ဘာကိုလဲ. . "

"ဘာလို့ သူ ဒီလိုဖြစ်မယ် ကြိုသိရတာလဲ"

"သူ. . မုဆိုးနဲ့ လိုက်သွားကတည်းက ထင်တော့ အထင် လိုက်သားကလား"

"ဟာ. . မုဆိုး ဆိုတာ ဟိုမင်းမင်းအောင် ဆိုတဲ့ ကောင်လေး လား. . "

"ဟုတ်တယ်. . "

"နို့ဖြင့် အဲဒီမုဆိုးနဲ့ ဘယ်လိုပတ်သက်ကြလဲ၊ ပြောစမ်းပါ ဦး၊ သူက လမ်းပြအဖြစ် လိုက်လာတာပဲလေ၊ ဘယ်လိုကြောင့်"

"အဲဒါတွေ ငါ မသိဘူး၊ ရွာကနေ ထွက်သွားတုန်းက လည်း ငါ မသိဘူး၊ အဲ သူတို့ ထွက်သွားပြီးမှ အေးဝင်းမိန်းမက ပြောလို့ ငါ အမီလိုက်လာတာလေ. . "

"ဟင်. . "



"အလိုကလေးဗျာ. . ဘယ်လိုပါလိမ့်. . "

"သူ့မိန်းမက ဘာပြောလို့လဲ. . "

"နေပါဦး" ဆိုလျက် ယောင်ကြီးဖွေသည် အရက်ပုလင်း ကို လှမ်းယူလိုက်၏။

"ဟာ. . ကုန်ပြီပဲ. . "

"ရှိပါတယ်. . "

လင်းမြင့်လှိုင်က နောက်တစ်ပြား ကမ်းပေးလိုက်၏။ ယောင်ကြီးဖွေ တစ်ငုံသောက်လိုက်လေပြီး . . .

"တောထဲမယ် သူတို့တွေ ပြဿနာတက်တော့မယ်. . ဆိုလို့"

"ဘယ်လိုပြဿနာလဲ၊ သူ့မိန်းမက ဘယ်လိုသိလဲ"

"တကယ်တော့ သူ့မိန်းမက ကျုပ်ရဲ့ နှမလေးပဲဗျ"

"ဟင်. . "

"ဘာ. . "

"ကျုပ်ရဲ့ တစ်ဦးတည်းသော ညီမလေး"

"နို့ဖြင့် ပြောပြနိုင်မလား၊ သူ ဘာတွေသိထားလို့လဲ၊ သူ ဘယ်လိုကြောင့် အဲလို သိရတာလဲ"

"သည်လိုကွ. . အေးဝင်းက ငမူး. . အမြဲမူးနေတာ. . ကြောင့် ကျုပ်တို့ကလည်း နှမနဲ့ အိမ်ထောင်ကျသွားပေမင့် သဘောတူတာ မဟုတ်ဘူး၊ ညီမလေးက ကြိုက်နေတော့လည်း ခတ်သားကလား၊ နို့ကြောင့် လွှတ်ထားရတာ၊ အဲ. . သူနဲ့ မင်းအောင်က ငယ်သူငယ်ချင်းတွေကွာ ဟိုကောင်က မြို့ပြ

www.burmeseclassic.com



ရောက်လို့ တစ်သွေးတစ်မွေး ဖြစ်နေတာ၊ အဲ. . ရွာကို တစ်ခါ ပြန်လာတယ်၊ အမဲလိုက် ထွက်လာတာပေါ့ကွာ၊ နို့ပေမင့် သွားခဲ့ပါတယ်၊ အေးဝင်းတို့အိမ်မှာချည်းပဲနေပြီး ပြန်တာ များတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ငါတို့လည်း အစက မသိဘူး၊ ခု နှမလေး ပြောမှ သိတာ. ."

"နို့ဖြင့် ပြောပါဦး. ."

"ကျုပ် နှမလေးကို အဲ့ဒီကောင်က ကြာခိုချင်နေတာ. ."

"ဗျာ. ."

"ဟင်. ."

"ဒါကို အေးဝင်း မသိဘူးလား"

"သည်ကောင်မသိဘူး. . မူးနေတာပဲ၊ နှမလေးက သိတယ်၊ နို့ပေမင့်လို့ သူယောက်ျားကို မပြောဘူး၊ ပြဿနာတွေ ဖြစ်မှာစိုးလို့. ."

"သည်တော့. ."

"ကဲကွာ. . ရှင်းရှင်းပြောမယ်၊ သူတို့ တောထဲသွားမယ့်နေ့ မနက်က အေးဝင်း မူးပြီးအိပ်နေတုန်း သည်ကောင် မင်းမင်းအောင်က နှမလေးကို စော်ကားဖို့ကြံတယ်၊ အဲ့ဒီမှာ ညီမလေးက သူယောက်ျားကို နှိုးပြီးတိုင်တယ်. ."

"သည်တော့. ."

"အေးဝင်းက သိပ်မူးနေတယ်ဆိုတော့ ထင်ထားသလို ပြဿနာ မဖြစ်လိုက်ဘူးလေ၊ မူးမူးနဲ့ သူငယ်ချင်း မင်းသစ္စာ မရှိဘူး၊ ဘာညာပဲ ပြောတာပေါ့၊ ပြီးပြီး သဘောပေါ့ကွာ၊ နို့ပေမင့်လို့



အဲသည်နေ့ ညနေပိုင်းမှာပဲ အေးဝင်း အနုကြီး မူးလာတယ်၊ သူ ဘာမှ မသိသလိုပဲ၊ သူငယ်ချင်းနှစ်ယောက် ဖက်လဲတကင်း ဖြစ်သွားပြန်တယ်၊ နှမလေးကလည်း အေးအေးချမ်းချမ်းနဲ့ ပြီးသွားတာကြောင့် မင်းမင်းအောင်ကလည်း ညီမလေးကို သူ မူးလို့ပါဆိုပြီး ကျေနပ်အောင် လာတောင်းပန်ခဲ့တယ်လေ၊ သည်တော့ ပြီးပြီးကောပေါ့၊ နို့ပေမင့်လို့ကွာ. . အဲဒီညနေစောင်းမှာပဲ သူတို့ အမဲပစ်သွားမယ်ဆိုပြီး ထွက်သွားကြဘယ်လေ၊ ညီမလေးက အံ့ဩနေတာတဲ့၊ ဘယ်လို ဖြစ်သွားကြတာလိမ့်ပေါ့၊ သည်ကိစ္စ သူ့ယောက်ျားကပဲ စီစဉ်တာလား၊ မင်းမင်းအောင်ကပဲ စီစဉ်တာလား ဆိုတာကိုပေါ့။ ပြီးတော့ သူ့ယောက်ျား အေးဝင်းကလည်း စကားနည်းတယ်လေ၊ ပြဿနာတစ်ခုကို ခေါင်းအေးအေးနဲ့ ဆုံးဖြတ်တတ်တယ်လေ၊ နို့ကြောင့် ညီမလေးက သူတို့ထွက်သွားပြီးမှ အေးဝင်းအတွက် စိုးရိမ်လာတယ်လေ၊ စိုးရိမ်တယ်ဆိုတာ နေ့လယ်ခင်းက ဖြစ်ခဲ့တဲ့ကိစ္စ သူသိနေလို့များလား၊ မူးချင်ယောင်ဆောင် အိပ်နေပြီး ခုမှ သွေးအေးအေးနဲ့ မင်းမင်းအောင်ကို ဆုံးမ မလို့လားဆိုတဲ့ အသိစိတ် ဝင်သွားလားပေါ့။ သည်တော့ သူ့အား အေးဝင်းတစ်ယောက် လက်လွန်ခြေလွန် လုပ်လိုက်မှာ စိုးလို့ ငါ့ကို လာပြောတယ်လေ၊ နို့ကြောင့် ငါ သူ့နောက် လိုက်လာတာ၊ ခုတော့ မင်းတို့ပြောတာ တကယ်လား၊ အေးဝင်း အသတ်ခံရတယ် ဆိုတာ. ."

သို့မေးလာသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်က ခေါင်း ညိတ်ပြလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ငါတို့ ထင်ထားတာ အေးဝင်းက မင်းမင်းအောင်ကို လက်လွန်ခြေလွန် လုပ်လိုက်မှာကို စိုးရိမ်လို့ ခုကလည်း တစ်မျိုးကြီးပါကလား၊ အေးဝင်းက အသတ်ခံလိုက်ရတယ်လို့ ငါတော့ တကယ်အံ့ဩတယ်ကွာ . ."

သို့ပြောပြီး ယောင်ကြီးဇွဲတ ပုလင်းပြားလေးကို မော့လိုက်ပြန်၏။

"ဖွီးလ်"

ပြီး ရေငုံ့ထွေးထုတ်လိုက်၏။

"အင်း . . သူကြည့်ရသည်မှာ ယောက်ဖဖြစ်သူအတွက် သိပ်ကြီးမခံစားရ၊ အံ့ဩခြင်း မရှိပုံပင်။ ထိုသည်ကို ကျွန်တော်ကော လင်းမြင့်လှိုင်ပါ အံ့ဩမိ၏။ ဘယ်လိုကြောင့်ပါလိမ့်၊ သူပြောနေသည်များသည် ဒဏ္ဍာရီများလေလား . ."

"ဟုတ်ပြီလေ . . နို့ သည်တစ်ခါမေးတာ ဖြေပါဗျာ . ."

"ဟ . . မေးခွန်းတွေကလည်း မဆုံးနိုင်တော့ပါကလား၊ သည်လောက် ပြည့်ပြည့်စုံစုံ ပြောပြီးပြီပဲကွာ၊ သူ့အကြောင်း ဒါပဲလေ . . ဘာမှ ပြောစရာ မရှိလောက်တော့ပါဘူး"

"ဟုတ်ပါတယ် . . နို့ ခုမေးမှာ ခင်ဗျားအကြောင်း . ."

"ဘာ . ."

"အော် ခင်ဗျားအကြောင်းဆိုတာ သည်လိုပါ၊ ခင်ဗျား ခြေသလုံးသားကို လှစ်ပြနိုင်မလား"

"ဟင် . . ဘာလုပ်မလို့လဲ . ."

လင်းမြင့်လှိုင်၏ အမေးကြောင့် သူကော ကျွန်တော်ပါ အံ့ဩသွားမိတော့၏။



"အော် . . ခြေသလုံးမှာ ဒဏ်ရာများ ရထားလားလို့"

သို့ဆိုတော့ လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်ချေပြီး-

"ဘယ်လိုထင်လို့လဲ . ."

လင်းမြင့်လှိုင်ကို ပြန်မေးလေ၏။ သူ့ခြေသလုံးကို လှစ်ပြချင်သည့်သဘော ဖြစ်ချေ၏။ သို့ကြောင့် လင်းမြင့်လှိုင် ဘာသိထားပါလိမ့်၊ ကျွန်တော် သိလိုက်ချေပြီ ဖြစ်၏။ ယောင်ကြီးဇွဲကလည်း ဘယ်လိုဖြေလိမ့်မည်ကို သိလိုပေ၏။

"ကျွန်တော် မေးတာဖြေပါ၊ ခြေသလုံးမှာ ဒဏ်ရာရှိလား"

"ရှိတယ် . ."

"ဟာ . ."

"ဟင် . ."

သို့ဆိုတော့ ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။ လင်းမြင့်လှိုင် ဘယ်လို သိတာပါလိမ့်။

"တောဝက် ပက်ခံရတာလား"

"ဘာကွ . ."

ခြေသလုံးကို လှစ်ပြမည် လုပ်လေပြီးမှ လင်းမြင့်လှိုင် အပြောကြောင့် ခြေသလုံးကို လှစ်မပြလေဘော့ဘဲ စူးစူးရဲရဲ ကြည့်ကာ မေးချေတော့၏။

"အော် . . သည်လိုပါ . . ခင်ဗျားခြေသလုံးကို ဝက်ကကော်သွားတာ ခံလိုက်ရတာလားလို့ သိချင်တာပါ"

"ဟား . . ဟား . . ဟား . . ဟား . . ဘား . . ဟား . . ဟား . . အတော်ရယ်ရတာပဲကွာ၊ ဘယ်ကလာ ဝက်ပက်ရမှာတုံး၊

www.burmeseclassic.com

www.burmeseclassic.com



သည့်မယ် ကြည့်ချေ. . ဆင်ရဲ ဝါးစားကျက်မှာ ကွဲနေတဲ့ ဝါးရှမိတာ၊ ခင်ဗျားတို့နဲ့ မတွေ့ခင်ကတည်းက နို့ကြောင့် သစ်ပင်အောက် ထိုင်နေရင်း ခင်ဗျားတို့နဲ့ တွေ့တာ. . ”

သို့ဆိုလျက် . . .

ဟုတ်ပါရဲ့. . ဟုတ်ပါရဲ့၊ သူ၏ ခြေသလုံးတွင် ဟက်တက်ကွဲ သွေးထွက်အရာ ရှိချေ၏။

လင်းမြင့်လှိုင်က သူ့ခြေသလုံးကို ကြည့်ပြီး အံ့အားသင့်သွားရသည်မှာ. .

“နေပါဦး ဟိုဘက်တောင်ကြောမှ ခင်ဗျားပဲ မဟုတ်လား၊ ဝက်ကို ပစ်လိုက်တာလေ၊ ဝက်ကောင် ချက်ချင်းမသေဘဲ ဝက်က ခင်ဗျားကို ပြေးပက်တယ်လေ၊ ခြေသလုံးကို ထိသွားပြီး ခင်ဗျားလဲကျသွားတယ်၊ နို့ကြောင့် ကျွန်တော် အပြေးအလွှား လာကူတာ တကယ်ပဲ ခင်ဗျား မဟုတ်ဘူးလား”

“ဟား. . ဟား. . ဟား. . ဟား. . ဟုတ်ပါပြီ၊ ခင်ဗျားတွေ့ခဲ့တာ ကျုပ်ညီပဲကွ၊ အမြွှာညီလေ၊ စောစောက ပြောပြီးမဟုတ်လား၊ ကျုပ်ညီ အဲဒီဘက်တောင်ကြောမယ် ရှိတယ်လို့၊ ကျုပ်က သည့်တောင်ကြောမှာလို့. . ”

သို့ပြောပြီး ကျွန်တော့်ကို ကြည့်လေသဖြင့် . . .

“ဟုတ်ပါရဲ့ ကိုလင်းရဲ့ သူပြောခဲ့တယ်လေ. . ”

ကျွန်တော်က ထောက်ခံလိုက်၏။

“အေးဗျာ. . နို့ဆိုတော့ အမြွှာက တကယ်ခွဲမရပါကလားဗျာ. . ”



“အေးလေ အမြွှာဆိုတာ စိတ်ချင်းဆက်နေတယ်လေ၊ သူ ဝက်ပက်ခံရချိန်မှာ ငါက ဝါးရှခံလိုက်ရတာပဲ ဖြစ်မပေါ့၊ ဟင်း. . ဟင်း. . ဟင်း. . ”

သို့ သူပြောရင်း သဘောကျနေရာမှ. . .

“နို့ နေပါဦး၊ ငါ့ညီ ဝက်ပက်ခံရတယ်ဆိုတော့ ဘာဖြစ်သွားလဲ”

“သိပ်ပြီး ပြင်းပြင်းထန်ထန်ဖြစ်မယ် မထင်ဘူး၊ ဘာလို့လဲဆိုတော့ ကျွန်တော်က သူ့ကို သွားကူမယ်အလုပ်မှာ ပြေးထွက်သွားတယ်လေ၊ သူ သည်ဘက်တောင်ကြော ပြေးလာလို့ ကျွန်တော်လိုက်လာတာ”

“ဟင်း. . ဟင်း. . ဟင်း. . နို့ဆိုလျှင် ငါ့ညီ ဘာမှ မဖြစ်လောက်တဲ့ ဒဏ်ရာဖြစ်လို့ နေမှာပါ၊ အင်း သူရောက်လာမှာပါ”

သို့ပြောပြီး ယောင်ကြီးဖွေသည် အသားတစ်ဖတ်ကို စားလိုက်ကာ အရက်တစ်ငုံ မော့သောက်လိုက်လေပြီး သစ်ပင်ကျောမှီကာ မျက်လုံးအစုံ မှိတ်လိုက်လေတော့၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အရက်သောက်အမြည်းဆက်စားလိုက်ကြတော့၏။

သူ့အနိုးကိုတော့ဖြင့် စောင့်ရပေရော့မည်။ သူပြောသလို သူ့ညီ ဆိုသူ ရောက်လာမည်ကိုလည်း စောင့်ကြည့်လို၍ ဖြစ်ချေတော့၏။

သူအိပ်ပျော်နေစဉ် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း သူအိပ်ရာအနီးကို စောင့်ရင်း သောက်ရင်း စားရင်း စကားမပြည် ပြောနေရာမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ကိုလင်း . . ဟိုမယ် . . ဟိုမယ် . ."

ခပ်လှမ်းလှမ်းနေရာလောက်မှ ချုံပုပ်နွယ်ပင်တို့ ယှိမ်းယှိုင်လှုပ်ခါနေသဖြင့် ကျွန်တော်က သားကောင်တစ်ကောင် ထင်ပြီး လက်တွင်းရှိ သေနတ်ဖြင့် ပစ်ခတ်ရန် စဉ်းစားလိုက်ချေပြီးမှ ထိုချုံပုပ်ပင်အောက်မှ လူတစ်ယောက် ထွက်လာသည်ကို တွေ့လေသဖြင့် ချိန်ရွယ်ထားသော သေနတ်ကို ဘေးသို့ ချလိုက်ပြီး လင်းမြင့်လှိုင်ကို ပြောပြလိုက်၏။

"အလိုကလေးဗျာ . . ယောင်ကြီးဖွေ တစ်ယောက်ပါကလား၊ သူပြောသည့် သူညီဆိုသည့် ယောင်ကြီးဖွေ ဖြစ်ချိမ့်မည်။ သို့ဆိုတော့ ယောင်ကြီးဖွေ ပြောသည့်စကား အမှန်တွေချည်း သတ်မှတ်ရမလို ဖြစ်ချေတော့၏။

ထိုယောင်ကြီးဖွေသည် ကျွန်တော်တို့ကို မြင်သည်နှင့် တစ်ဖက်ပြန်လှည့် ပြေးထွက်သွားဟန် ပြုလေပြီးမှ သစ်ပင်ကျောမှီအိပ်နေသည့် သူ့အစ်ကို ယောင်ကြီးဖွေကို မြင်လိုက်သည်ကြောင့် သို့ စိတ်ကူးကို ဖျက်လိုက်ပုံရချေ၏။

ကျွန်တော်တို့ကို စေ့စေ့ကြည့် လျှောက်လာချေတော့၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သူ့ကို မျက်ခြေမပျက် ကြည့်နေရင်းမှ . .

"ဟိတ်လူ . . ခင်ဗျားညီ လာပြီ . . ထတော့ . ."

သို့ပြောပြီး ကျွန်တော်က ယောင်ကြီးဖွေကို လှုပ်နှိုးလိုက်၏။

"ဘာကွ . . ညီလာတာ ငါက တခမ်းတနား ထကြိုရမှာလား၊ သူလာတာ လာပေါ့၊ ငါ အိပ်နေတာ ဘာလို့ နှိုးရတာလဲ"



ယောင်ကြီးဖွေက သို့ဆိုသလို ကျွန်တော့်ကို မကျေမနပ် ကြည့်ပြောလေ၏။

"သိဘူးဗျာ . . ခင်ဗျားညီဆိုတော့ တွေ့ချင်မလားလို့"

"ညီအစ်ကိုပဲကွ . . နိစ္စဓူဝတွေ့နေကျပဲ၊ ဘာဆန်းတာမှတ်လို့၊ အလကားကွာ အိပ်ချင်စိတ် ကုန်သွားရတယ်လို့ . ."

သို့ မကျေမနပ်ပြောကာ လူလွန့်ထသာချေတော့၏။

"ကိုကြီး"

"ညီလေး . ."

အလိုလေးဗျာ . . အခုတော့လည်း မတွေ့တာ နှစ်ပေါင်းများစွာကြာ၍ ညီအစ်ကိုရင်း ပြန်ဆုံကြသလိုပင် အားရဝမ်းသာ နှစ်ယောက်သား မျက်နှာချင်းဆိုင် ပြေးလာပြေးသွားချေတော့၏။

"ဟာ"

"ဟင်"

သို့ဖြစ်စဉ်ကို ကြည့်နေစဉ် ညီဖြစ်သူ ယောင်ကြီးဖွေသည် ပြေးရင်းမှ ခြေထောက်ခွေကျ လဲသွားချေတော့၏။

"ဘယ်လိုဖြစ်တာပါလိမ့် . ."

ကျွန်တော်သို့ အသံထွက်သွားမိ၏။

"ဘာဖြစ်ရမှာလဲ . . သူ့ခြေသလုံးကို ဝက်ပက်ခံထားရတယ်လေ"

လင်းမြင့်လှိုင် သတိတရ ပြောလာလေတော့မှ . .

"ဘာမှ စိုးရိမ်စရာမရှိပါဘူး"

လင်းမြင့်လှိုင်က သို့ပြောလာသည် ဆိုပေမင့် အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ယောင်ကြီးဗွေက ညီဖြစ်သူ ယောင်ကြီးဗွေထံ ရောက်သွားသည့်တိုင် လဲနေရာမှ ပြန်မထလာနိုင်သေးဖြင့် ဒဏ်ရာကြီးပုံရ၏။

အစ်ကိုဖြစ်သူ ယောင်ကြီးဗွေက ညီဖြစ်သူကို ထွေးပွေ့လိုက်ချေပြီး ဘာတွေပြောနေလေသည် မသိ၊ ပြီး ညီဖြစ်သူ ခြေသားလုံးကို လှမ်းကဲကြည့်လေပြီး ညီဖြစ်သူကို ပခုံးထက်တင် ထမ်းပိုးလာချေ၏။

ကျွန်တော်တို့ အနားရောက်သည်တွင် ဖြည်းလေးစွာ ချလိုက်လေ၏။

"မှန်း"

ကျွန်တော်က ထိုယောင်ကြီးဗွေ၏ ခြေသားလုံးကို လှစ်ဟကြည့်လိုက်၏။ ဘုရားရေ. . အတော်ကြီးကြီး ဒဏ်ရာပါကလား"

သို့ကြောင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။ ဘာယ်လိုလုပ်ကြမှလဲ ဆိုသည့်သဘော ဖြစ်၏။

"နေပါဦးဗျ၊ ကျွန်တော် သည်လာတုန်းက နောက်ဘက်မှာရှိတဲ့ မြောင်စပ်ဘေးမယ်. . သစ်မွှေးပင် တွေ့ခဲ့လားလို့ ခဏ နေဦးနော်. ."

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သေနတ်ကို ကောက်ကိုင်ပြေးထွက်သွားချေတော့၏။ သို့အချိန်ကလေးတွင် ကျွန်တော်နှင့် ယောင်ကြီးဗွေသည် ဒဏ်ရာရထားသည့် ခြေသားလုံးဒဏ်ရာမှ စိမ့်ထွက်သွေးတို့ကို သုတ်ပေးလိုက်ကြ၏။

ဒဏ်ရာနက်လို့ သွေးတို့စိမ့်ထွက်ခြင်းမဟုတ်ပါကလား။ သို့ကြောင့် ကျွန်တော် ရေဗူးမှ ရေဖြင့် သူ၏ ခြေသားလုံး ဒဏ်ရာကို ဆေးပေးလိုက်၏။



သို့ဆိုတော့လည်း အတန်အသင့်တော့ဖြင့် သွေးစိမ့်ထွက်ခြင်း ရပ်သွားချေ၏။

အဝတ်စဖြင့်လည်း ဒဏ်ရာပေါ်သို့ ဖိဖိအုပ်ထားပေးလေသည်ကိုး။

"ကိုပိုက်ရေ. . ဟန်ကျသဗျ၊ သစ်မွှေးခေါက် ရပြီ"

သို့အသံနှင့်အတူ လင်းမြင့်လှိုင်တစ်ယောက် အားရဝမ်းသာ ပြေးလာချေ၏။

"ကျွန်တော်တို့ ကံကောင်းတယ်ဗျာ၊ သစ်မွှေးခေါက်ခွဲတယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သစ်မွှေးခေါက်ကို ခါးချိတ်ဓားပြားပေါ်တွင်တင်၍ ရေဆွတ်ဖျန်းကာ သွေးလိုက်၏။

ပြီးနောက် ယောင်ကြီးဗွေ၏ ဒဏ်ရာပေါ်သို့ အုပ်တင်သိမ်းပေးလိုက်ချေပြီး အဝတ်စကို ဖြဲ၍ ပတ်ပေးလိုက်၏။

"ကျေးဇူးတင်တယ်. ."

အစ်ကိုကြီးဖြစ်သူ ယောင်ကြီးဗွေက ပြောလေ၏။

"နို့ ပြောပါဦး ခင်ဗျားတို့ညီအစ်ကိုက အမြွှာပေါ့"

"ဟုတ်တယ်. . ငါးမိနစ်ပဲ ခြားတယ်. ."

"နာမည်လေးတွေ သိခွင့်ရှိမလားပဲ. ."

လင်းမြင့်လှိုင်က မေးလိုက်၏။

"ယောင်ကြီး. ."

"ယောင်လေး. ."

"ဗျာ. ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘယ်လို. ."

"အော်. . သူက အစ်ကိုကြီးမို့ ယောင်ကြီးလို့ ခေါ်တာ
ကျုပ်က အငယ်မို့ ယောင်လေးလို့ ခေါ်ကြတယ်လေ. ."

သို့ဆိုတော့ ဘယ်လို အကြီးအငယ် ခွဲရပါ့ ကျွန်တော်
သို့အတွေးဖြင့် ညီအစ်ကိုနှစ်ယောက်ကို စေ့စေ့ကြည့်လိုက်၏

ရုပ်ချင်းဆင် ခန္ဓာကိုယ်အရွယ်အစား တူပေမင့် ကွဲပြား
တော့ဖြင့် တွေ့လေပြီ၊ သို့သည်ကား. .

အစ်ကိုဖြစ်သူ ယောင်ကြီးပွေတွင် ဘယ်ဘက်မျက်
ထောင့်တွင် မှည့်နက်တစ်လုံး ရှိချေ၏။

ညီဖြစ်သူထံတွင်မတော့ မရှိပါချေ။ ခွဲခြားရလွယ်သည်
ဆိုပေမင့်. .

နှစ်ဦးစလုံးကို မျက်လုံးအဝတ်စည်းထားကြမည်ဆိုလျှင်
ဘယ်သူအကြီး ဘယ်သူအငယ်ဆိုသည် ခွဲခြားရခက်ချေလိမ့်မည်

"ညီအစ်ကိုနှစ်ယောက်ကို ခွဲခြားတတ်လား. ."

အစ်ကိုယောင်ကြီးက စပ်ဖြီးဖြီးမျက်နှာဖြင့် မေးလာလေ
သဖြင့် . . .

"ကျွန်တော် သိပ်ခွဲခြားတတ်တာပေါ့. ."

လို့ လူတတ်ကြီးလုပ် ပြောလိုက်လေ၏။

"ပြောကြည့်စမ်းဗျာ. . မှန်အောင်ပြောနိုင်လျှင် ဝက်
စွယ်နက်ကွင်း တစ်စုံပေးမယ်"

ညီဖြစ်သူ ယောင်လေးက ပြောလေသဖြင့် လင်းမြင့်လှိုင်
က ယောင်လေးကို ပြုံးစေ့စေ့ ကြည့်လိုက်ချေပြီး . . .



"ဘာလဲ. . ကိုယ့်ပက်သွားတဲ့ ဝက်ကို မှန်မှန်နေ လိုက်ဖမ်း
သတ်တော့မလို့လား"

လို့ မေးလိုက်သည့်တွင်. . .

"ဟင်. . ခင်ဗျား ဘယ်လိုလုပ်သိလဲ"

သို့ ယောင်လေးက မေးလေတော့၏။

သည့်တွင် လင်းမြင့်လှိုင်က သူမြင်ကြောင်း သိကြောင်း
သူ လှမ်းခေါ်သည်ကိုပင် မကြားတော့သဖြင့် ပြေးထွက်သွားပုံတို့
ကို ပြောပြလိုက်တော့၏။

"နို့ဖြင့် ကျုပ်နဲ့ ပတ်သက်လို့ ဘာသိသေးသေးလဲ"

သို့ အမေးသည် အံ့ဖွယ်ပင် ကောင်းသေးတော့၏။ သို့
မေးလာသံနှင့်အတူ သူ့မျက်နှာလည်း မှုပျက်သွားချေတော့၏။

သည့်တွင် လင်းမြင့်လှိုင်က သူ့အား စေ့စေ့ကြည့်လိုက်
ချေပြီး ခေါင်းခါယမ်းပြလေ၏။

သို့ပေမင့် လင်းမြင့်လှိုင်ကို သူ ယုံကြည်ပုံ မပေါ်ချေ။
တွေတွေလေး ကြည့်နေချေ၏။

မှင်တက်မိသွားသူ တစ်ယောက်အလား ဖြစ်ချေ၏။

"ကျုပ် မကြားဘူး ပြေးထွက်သွားတဲ့ ဝက်နောက် လိုက်
သွားတာ"

"မိတယ်ပေါ့. ."

"အင်း"

"ဘာနဲ့ဖမ်းလဲ. ."

သူ့တွင် သေနတ်၊ လက်နက် မတွေ့သဖြင့် သို့ ကျွန်တော်
က မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထောင်ချောက်ဆင်ဖမ်းတာ. ."

"ဘယ်လို. . ဘယ်လို. ."

လင်းမြင့်လှိုင်က မရှင်းသဖြင့် မေးလိုက်၏။

"သူသွားလမ်းကိုပိတ်ပြီး ကျောက်ကွင်းရှိတဲ့ လမ်းကို ပြေးခိုင်းလိုက်တာ. ."

ဘုရားရေ. . သို့ဆိုလျှင် သူ ဝက်ပက်ခံရသည်မှာ မတော်တဆ မဟုတ် အပက်ခံ၊ ဝက်သွားလမ်းကို ပိတ်ခြင်းပါကလား၊ ကျွန်တော် သူ့ကို တအံ့တသြ ကြည့်လိုက်၏။

အကယ်၍များ ခြေသလုံး မဟုတ်ဘူး၊ ဝမ်းဗိုက် ဆိုပါလျှင် ဆိုသည့်အတွေး ဝင်မိသဖြင့် သူ့အစား ကြက်သီးထမိသေးတော့၏။

"ကိုကြီးယောင်"

"ဟေ"

"ဝက်သွားဖျက်ကြရအောင်"

သို့ဆိုတော့ အစ်ကိုယောင်ကြီးက ကျွန်တော်တို့နှစ်ယောက်ကို အဓိပ္ပာယ်ပါပါ ကြည့်လာချေတော့၏။

ကျွန်တော် သဘာပေါက်လိုက်ပြီ ဖြစ်၏။

"နေဦး. ."

လင်းမြင့်လှိုင် ပြောလာသဖြင့် ကျွန်တော်တို့ သုံးယောက် လှည့်ကြည့်လိုက်၏။

"ဘာလဲ. ."

ယောင်ကြီးက မေး၏။



"သူ့ ဝက်စွယ် ဘယ်လိုရလဲ. ."

သို့ဆိုတော့ ယောင်လေး . . မျက်နှာပျက်သွား၏။

လင်းမြင့်လှိုင်က ပြုံးကြည့်နေလေ၏။ ယောင်ကြီးက ညီဖြစ်သူ ယောင်လေးကို မည်သို့ ပြန်ဖြေမည် စေ့စေ့ကြည့်ချေတော့၏။

ကျွန်တော်သည်လည်း သူ ဘယ်လိုဖြေမည်ကို စောင့်စားနားထောင်နေလိုက်ပြီး . . .

"တွင်းထဲဆင်း ရိုက်ချိုးယူလာခဲ့တာ. ."

လင်းမြင့်လှိုင် ပြုံးပြန်လေသဖြင့်. .

"ကျုပ်တို့နဲ့ လိုက်ခဲ့ချေ၊ ဘယ်လိုဆိုဘာ ဟိုကျ သိလိမ့်မယ်. ."

ယောင်လေးက သို့ပြောလေပြီး ထိုနေရာမှ ထသွားမည်လုပ်လေသည်တွင် ကျွန်တော်ကလည်း . . .

"အဲဒီဝက်စွယ် ကျွန်တော့်ကိုပေး. ."

"ဘာ. ."

"ဘာရမှာတုံး. . ညီအစ်ကိုနှစ်ယောက်ကို ခွဲခြားတတ်မယ်ဆိုလျှင် ဝက်စွယ် ပေးမယ်ဆိုဗျ. ."

"အော်. . ဟုတ်ပါရဲ့၊ တဲ. . ပြောချေဗျာ"

"အစ်ကိုကြီးရဲ့ ဝဲဘက်မျက်လုံးအစပ်မယ် မှည့်တစ်လုံးရှိတာနဲ့ ခွဲလို့ရတာယ်. ."

"မျက်စိလျှင်တာပဲ၊ ကဲ. . ရော့ ယူချေဗျာ. ."

သို့ဆိုလျှက် ယောင်လေးသည် ကျွန်တော့်အား ဝက်စွယ်တစ်စုံ ပေးလာချေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ . . တကယ်ပဲ ဝက်စွယ်ကို ရိုက်ချိုးလာတာပါကလား"

သွေးတို့ စွန်းပေနေချေ၏။

"ကျွန်တော် ယူထားတာထက် ခင်ဗျားအတွက် ပိုအမှတ်တရ ဖြစ်မှာပါ . ."

သို့ဆိုလျက် ဝက်စွယ်တစ်စုံကို ပြန်ကမ်းပေးလိုက်၏။

သည်တွင် ယောင်လေးက ကျွန်တော့်ကို စေ့စေ့ကြည့်လာလေပြီး . .

"တကယ်တော့ ခင်ဗျား ယူထားတာ ပိုကောင်းမယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို တကယ်တမ်း အမှတ်တရ ဖြစ်စေမယ့် ပစ္စည်းတစ်ခုပဲဗျ၊ ဟုတ်လား"

သို့ဆိုတော့ လင်းမြင့်လှိုင်က . . .

"ကိုပိုက် ယူထားလိုက်ပါဗျာ . . တကယ်လည်း မှတ်မှတ်ရရ ပစ္စည်းတစ်ခု ဖြစ်လာမှာပါ"

အလိုလေးဗျာ . . လင်းမြင့်လှိုင် ဘယ်လိုသဘောနှင့် ပြောတာပါလိမ့်။

ယောင်ကြီးနှင့် ယောင်လေးက ကျွန်တော်တို့ကို ပြုံး၍ ကြည့်လာကြချေလေ၏။

"ကဲ . . ကျွန်တော်တို့ ဝက်ဖျက်တာ ကူညီ . ."

သို့ဆိုတော့ ကျွန်တော်တို့သည် ယောင်လေး၏ ဦးဆောင်မှုဖြင့် ဝက်ကောင်သေ ရှိရာသို့ ထွက်ခဲ့ကြချေတော့၏။



တောင်ကြောတစ်ခုကို ဆင်းခဲ့ပြီး မြောင်တစ်ခုကို စုန်ဆင်းခဲ့၏။

ထိုမြောင်လေးအဆုံးတွင် ချောင်းငယ်လေးတစ်ခု ခံနေ၏။ ထိုချောင်းငယ်လေးကို ဖြတ်၍ ဖာစ်ဖက်လမ်းပေါ် ဝင်လိုက်၏။

အနည်းငယ်မျှ လျှောက်ခဲ့ကြပြီးသည်တွင် ချုံပုပ်နွယ်ပင်တို့ ရှုပ်ထွေးသွားသည့် လမ်းမြောင်ကလေး ရှိသေး၏။ ထိုလမ်းမြောင်ကလေးအတိုင်း လျှောက်ခဲ့ကြသည်တွင် တွင်းတစ်တွင်း တွေ့လိုက်ကြ၏။ ထိုတွင်းအတွင်း ဝက်ကောင်သေကို တွေ့ကြရ၏။

ဘုရားရေ . . တွင်းထောင်ချောက်ပါကလား။ အောက်တွင် ဝါးချွန်များ စိုက်ထားသည်ကြောင့် ဝက်ကောင် တွင်းထဲ ပြုတ်ကျသွားသည်တွင် ထိုဝါးချွန်တို့ဖြင့် ထိုးမိပေါက်ထွက်သေရခြင်း ဖြစ်တော့၏။

တွင်းထဲမှ ဝါးလုံးတောင့်တောင့် တစ်လုံး တွေ့သည်တွင် ကျွန်တော် သဘောပေါက်လိုက်၏။

တွင်းထဲသို့ ထိုဝါးလုံးဖြင့် တွယ်ဆင်းကာ ဝက်စွယ်ကို ရိုက်ချိုးယူလာခြင်း ဖြစ်၏။

ကျွန်တော်တို့သည် တွင်းထဲသို့ ဆင်းလိုက်ကြ၏။ ဝက်၏ ခန္ဓာကိုယ်ဖောက်ထွက် ဝါးချွန်တို့ကို ခုတ်ဖြတ်လိုက်ကြ၏။ ပြီး ဝက်ကောင်ကို နွယ်ကြိုးဖြင့် တုပ်နှောင်ချည်၍ တွင်းပေါ် ပြန်တက် ဆွဲမယူလိုက်ကြပြန်၏။

ခက်ခက်ခဲခဲတော့ဖြင့် လုပ်ရခြင်း မရှိပါချေ။

ယောင်ကြီးပွေ့ညီအစ်ကိုသည် အားကောင်းမောင်းသန်

www.burmeseclassic.com



များ ရှိကြသဖြင့် လူလေးယောက်အားဖြင့် ဝက်ကောင်ကို လွယ်
လင့်တကူ တွင်းပေါ် ဆွဲမ,ယူတင်နိုင်ကြခြင်း ဖြစ်တော့၏။

တွင်းပေါ် ဝက်ကောင်သေ ရောက်သည်တွင် ခေတ္တ
နားနေကြပြီးနောက် ခြေခင်းလက်ခင်းသာသည့် နေရာသို့ မ,
လိုက်ကြ၏။

"သည်နေရာမှာပဲ စခန်းချကြမယ်ဗျာ. ."

လင်းမြင့်လှိုင်က ပြောလိုက်၏။

ယောင်ကြီးဗွေ ညီအစ်ကိုက လင်းမြင့်လှိုင်ကို တ
တသြ ကြည့်လာပြီး . . .

"ကျုပ်တို့ညီအစ်ကိုနဲ့တူတူ သည်မယ် ညအိပ်မယ်ပေ

"ဟုတ်တယ်. ."

"ပြီး ဘာဆက်လုပ်မှာလဲ. ."

"အေးဝင်းကို သတ်သွားတဲ့ လူသတ်သမား မင်းမ
အောင်ကို လိုက်ရှာမယ်"

သို့လင်းမြင့်လှိုင်က ပြတ်ပြတ်သားသား ပြောလိုက်သ
ကိုကြည့်၍ ယောင်ကြီးဗွေညီအစ်ကိုသည် တစ်ယောက်မျက်
တစ်ယောက် ကြည့်လိုက်ကြပြီး လင်းမြင့်လှိုင်ဘက် ပြန်လှည့်က

"တွေ့မယ်လို့ ထင်ထားလား. ."

မေးလေ၏။

ဘုရားရေ. . ဘယ်လိုကြောင့် သို့ မေးရတာပါလိမ့်

"ပျောက်သောသူ ရှာလျှင်တွေ့နိုင်တယ်လေဗျာ. .

"အော်. ."



"အင်း. ."

သို့သာ ယောင်ကြီးဗွေညီအစ်ကိုက အော်. . အင်း. .
လိုက်ကြချေပြီး ဝက်ကောင်ကို အသားဖျက်နေအလို့ငှာ စီစဉ်
လိုက်ကြချေတော့၏။

သို့ဆိုတော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထင်းမီး
ပုံအလို့ငှာ သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်များကို အနီးဝန်း
ကျင်တွင် လိုက်လံ ရှာဖွေစုဆောင်းလိုက်ကြချေတော့သည်။

အတန်ကြာတွင် ဝက်ကောင်လုံးကင် တံစို့ထိုး မီးကင်
ဖြစ်သွားတော့၏။

တစ်နေ့တာ ပင်ပမ်းနေကြသည်ဖြစ်၍ သစ်ပင်တွင်
ကျောမှီ နားနေလိုက်ကြ၏။ သို့ဆိုတော့ လင်းမြင့်လှိုင်နှင့်
ကျွန်တော်သည် ပျဉ်းမရွက်ကြီးပင်အောက်တွင် ရှင်းလင်း၍
ယှဉ်ထိုင် အပင်ကျောမှီ မှိန်းနေလိုက်ကြ၏။

ယောင်ကြီးနှင့် ယောင်လေးတို့သည် ညီအစ်ကို ဖြစ်ပေ
ငြားလည်း တစ်ယောက်က သစ်တစ်ပင်အောက်တွင် ရှိပြီး
တစ်ယောက်ကတော့မူ ထင်းမီးပုံကြီးနံဘေးတွင် ရှိချေ၏။

အားလုံး အိပ်ပျော်ခြင်းတော့ဖြင့် မရှိကြပါချေ။ အတွေး
ကိုယ်စီနှင့် ဖြစ်ကြချေ၏။

သို့ရှိစဉ်. .

ကီးလ်စ်

ကီးလ်စ်

ကီးလ်စ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နေရာနှင့် ကိုက် ၁၀၀ လောက် အကွာရှိ သစ်တစ်ပင်မှ သို့အသံကြောင့် လေးယောက်သား စူးစိုက်ကြည့်လိုက်ကြ၏။ မီးအလင်းရောင်နှင့် အလှမ်းဝေးလေသဖြင့် မှောင်ရိပ်ကျနေချေ၏။

"ဘာကောင်လဲ. ."

ကျွန်တော်က မေးလိုက်၏။

"ကိုပိုက် . . ဓာတ်မီးနဲ့ ထိုးချေဗျာ. ."

သို့ဆိုလျှက် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ သေနတ်ကို မောင်းတင်လိုက်ချေပြီး အသံလာရာသို့ ပြောင်းထိုးချိန်လိုက်၏။

သို့ဆိုတော့ ကျွန်တော်သည်လည်း ဓါတ်ခဲ ၆ လုံးထိုး လက်နက်ဓာတ်မီးဖြင့် အသံလာရာသို့ လှမ်းထိုးလိုက်၏။

ဘုရားရေ. . အလင်းအောက်တွင် ပေါ်လာသည်မှာ နီနီရဲရဲ မျက်လုံးအစုံ ဖြစ်ချေ၏။

"ဟာ. . ."

ဓာတ်မီးရောင်ကြောင့် ထိုသတ္တဝါကောင်သည် နေရာမှ ခုန်လွှားထွက်သွားချေတော့၏။

"ဒိန်း. ."

ထိုသတ္တဝါကောင် လှည့်အထွက် လင်းမြင့်လှိုင်သည်လည်း သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်ပြီး ဖြစ်တော့၏။

"မြန်လိုက်တာ. . မီးထိုးတောင် မခံဘူး. ."

ကျွန်တော်က ပြောလိုက်၏။

"အေးဗျာ"



လင်းမြင့်လှိုင်က အားမလို အားမရ ပြောလာလေ၏။

"ဘာကောင်လဲ သိလား. ."

မီးပုံနံဘေးတွင် ထိုင်နေသည့် ယောင်လေးက မေးလာလေ၏။ "အဲမှတ်တမဲ့ပေပဲဗျ၊ မြန်လွန်းတော့ လွှားခနဲ ခုန်ထွက်သွားတာပဲ သိလိုက်တယ်၊ အတော်မြန်တဲ့ အကောင်ပဲဗျ"

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလေသည်တွင်. .

"အင်း. . မုဆိုးကြီး မသိလျှင်ဖြင့် ပြောပြရတာပေါ့"

သို့ပြောလာသည်မှာ သစ်မန်ကျည်းပင်အောက်တွင် ထိုင်နေသည့် ယောင်ကြီး ဖြစ်ချေတော့၏။

"နို့ဖြင့် ပြောကြည့်ချေဗျာ. ."

"သစ်ကျုတ်"

"အဲလိုကလေးဗျာ. ."

"ဟုတ်တယ်. . သစ်ကျုတ်. . တစ်နာရီကို မိုင် ၇၀ နှုန်းလောက် ပြေးလွှားသွားနိုင်တဲ့ အကောင်ပေါ့"

သို့ ယောင်ကြီးက ပြောလာသည်ကို ကျွန်တော် မယုံလေသည့် သဘောဖြင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

ကျွန်တော့်အကြည့် အဓိပ္ပာယ်ကို သိလိုက်သည့် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး. .

"ကျွန်တော် ကြားဖူးတယ်၊ ခုနမြင်လိုက်တယ် ဆိုပေမင့် မှောင်ကလည်း မှောင်နေတော့ သဲသဲကွဲကွဲ မမြင်လိုက်ရဘူးဗျ၊ ပစ်ခင်ကတည်းက သစ်ကျုတ်မှန်း သိလျှင် သူ့ပြေးလမ်းရှေ့ကို ကျပစ်တာပေါ့ဗျာ၊ တော်က. ."

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုသလို လင်းမြင့်လှိုင်က အားမလိုအားမရ ပြောလာချေတော့၏။

"မင်းတို့ သစ်ကျုတ်ကို မြင်ဖူးရစေမယ်"

အလိုလေးဗျာ. . အစ်ကိုဖြစ်သူ ယောင်ကြီးက သို့ပြောလာလေသဖြင့် လူကြားတစ်ယောက်ဟု သတ်မှတ်ကာ အထင်အမြင်သေးဟန် ကြည့်လိုက်ချေသည်တွင်. .

"ကျုပ်အစ်ကိုက ပြောသလို လုပ်တတ်တယ်၊ လုပ်သလိုလည်း ဖြစ်လေ့ဖြစ်ထ ရှိတယ်"

"မင်းဟာ စားလို့ရပြီလားကွာ. ."

ယောင်ကြီးက သို့ လှမ်းမေးရင်း သူသည်ပင် ကျွန်တော်တို့ နှစ်ယောက်ရှိရာ ပျဉ်းမရွက်ကြီးပင် ရှိရာသို့ လှမ်းလာလေတော့၏။

လင်းမြင့်လှိုင်ကလည်း အလိုက်တသိပင် ဝီစကီပုလင်းပြားလေးကို ထုတ်လိုက်ချေတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် ဝက်သားကင် စားလိုက် ဝီစကီ သောက်လိုက်ဖြင့် ဝီစကီ နှစ်ပြားခန့် ကုန်သွားသည်တွင် အိပ်ရာဝင်လိုက်ကြတော့၏။

သို့ဆိုရာ၌ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ပျဉ်းမပင်အောက်တွင် နေရင်းအတိုင်း ထိုင်၍ ငိုက်မျည်းနေလိုက်ကြခြင်းဖြစ်၏။

ယောင်ကြီးက သစ်မန်ကျည်းပင်ပေါ် သို့ တွယ်တက်သွားချေ၏။ ယောင်လေးကတော့မူ မီးပုံနားတွင်သာလျှင် ထိုင်၍ နဖူးအား ဒူးပေါ် ဖိကပ်ထားလိုက်ချေတော့၏။



မကြာမီ ကျွန်တော်သည် အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ။

"ကိုပိုက် . . ကိုပိုက်. . ကိုပိုက်. ."

သို့ နာမည်ကိုခေါ်၊ ပုခုံးပေါ် ဆုပ်ကိုင် လှုပ်ခါနှိုးလာလေသဖြင့် အိပ်ရာမှ နိုးလာရတော့၏။

"ဘာလဲ ကိုလင်း. ."

"ရှူး တိုးတိုး ဟိုမယ်ကြည့်ချေ. ."

လင်းမြင့်လှိုင် အသံတိုးတိုး ပြောလာသဖြင့် လှမ်းကြည့်လိုက်၏။

ယောင်ကြီးနှင့် ယောင်လေးတို့ ညီအစ်ကိုနှစ်ယောက်သည် ကျွန်တော်တို့ စခန်းနေရာလေးမှ သစ်ကျုတ် ထွက်ပြေးရာ လမ်းကြောင်း အမှောင်ရိပ်တွင်း ဝင်သွားသည်ကို တွေ့လိုက်၏။

"သူတို့ ဘယ်သွားကြတာလဲ. ."

ကျွန်တော်က မေးလိုက်၏။

"သိဘူး. ."

"လိုက်ကြည့်ကြမလား. ."

ကျွန်တော့်ဆန္ဒကို ဖွင့်ပြောလိုက်၏။

"သူတို့က သည်တောကျွမ်းပုံရတယ်၊ ညဘက်ကြီး လိုက်မနေတော့ပါဘူး"

"သူတို့ ပြန်မလာတော့လျှင် ဘယ်လိုလုပ်မလဲ"

"အသာနေချေပေါ့ဗျာ၊ စထွက်ကတည်းက ကိုပိုက်နဲ့ ကျွန်တော်ပဲလေဗျာ၊ ကျွန်တော်တို့နဲ့ တောက်လျှောက်ပါလာတဲ့သူတွေမှ မဟုတ်တာချည်း၊ သည်တော့ လွှတ်ထားလိုက်ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျက် လင်းမြင့်လှိုင်သည် သစ်ပင်ကို ကျောမှီ မျက်လုံးအစုံ မှိတ်လိုက်ချေသဖြင့် ကျွန်တော်သည်လည်း . .

"နို့ဖြင့်လည်း ဘာလို့ အိပ်နေတာကို နှိုးပြောရတာလဲ ဗျာ . ."

လို့ လင်းမြင့်လှိုင်ကို ပြောလိုက်ကာ သူ့အိတ်တွင်းမှ ဝီစကီပုလင်းပြားလေးကို လှမ်းယူလိုက်ချေ၏။

သို့ဆိုတော့ လင်းမြင့်လှိုင်က . .

"နို့ ကိုပိုက် . . သူပေးတဲ့ ဝက်စွယ်ကော . ."

သို့မေးလာသဖြင့် ကျွန်တော် အံ့အားသင့်သွားချေ၏။ ဘယ့်တွက် ဝက်စွယ်ကို မေးလာရတာပါလိမ့်"

"ရှိတာပေါ့ . ."

သို့ဆိုလျက် ကျွန်တော်သည် ဘောင်းဘီအိတ်အတွင်းမှ ယောင်လေး ပေးသော ဝက်စွယ်ကို ထုတ်ပြလိုက်၏။

လင်းမြင့်လှိုင်က လှမ်းယူလိုက်ချေပြီး ထိုဝက်စွယ်ကို စေ့စေ့ကြည့်လိုက်ချေသည်ကြောင့် . . .

"ဘာထူးမှုရှိလဲဗျာ . ."

ပြောလိုက်၏။

"ထူးခြားတယ် . ."

"နို့ဖြင့် ပြောစမ်းပါဗျာ . ."

ကျွန်တော်တို့ မုဆိုးတွေ ဆိုတာသိလျက် သူတို့က သည် ဘာမဟုတ်တဲ့ ဝက်စွယ်နှစ်ချောင်းကို အရေးတယူလုပ် ပေးရ တာပါလိမ့်။



"နို့ကတော့ ကိုလင်းရယ် သူ ဝက်ပက်ခံလိုက်ရတယ်၊ အဲဒီဝက်ကောင်ကို သူ ရအောင် ဖမ်းတယ်၊ ပြီးတော့ သူ့ကို မာန်နဲ့ တိုက်ခိုက်လာတာကြောင့် မာန်စွယ်လေးပဲ တွက်ပြီး အစွယ်ကို ချိုးယူလာတာလေ၊ ပြီးတော့ အလောင်းအစား ရှုံးလို့ ဆိုပြီး ကျွန်တော့်ကို ပေးလာတယ်လေ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ကျွန်တော်တော့ အဲ့လို မထင်ဘူး . ."

"ဟင် . . နို့ဖြင့် ဘယ်လိုထင်လို့တုံး . ."

ကျွန်တော် မေးသည်ကို အဖြေမပေးသေးဘဲ ဝက်စွယ်ကို လှည့်ပတ်ကိုင်တွယ် စူးစိုက်ကြည့်နေလေရာမှ . . .

"ဟာ . . ဟုတ်ပြီ၊ ဒါ ဝက်မာန်စွယ် ဖြစ်တဲ့အပြင် သေချာ ကြည့်ချေဗျာ၊ အစွယ်ထိပ်မယ် မည်းနေတယ်လေ၊ နှစ်ချောင်း လုံးပဲ . ."

သို့ပြောလေသဖြင့် ကျွန်တော်သည်လည်း အံ့ဩတကြီး ဖြင့် လင်းမြင့်လှိုင်လက်ထဲမှ ဝက်စွယ်ကို ပြန်ယူ စေ့စေ့ကြည့် လိုက်၏။

ဘုရားရေ . . ဟုတ်ပါ့ . . ဝက်စွယ်၏ အလျားထိပ်တို့ တွင် လက်မဝက်ခန့်နေရာထိ မည်းနက်နေပါကလား၊ ထူးဆန်း လိုက်တာ။

"ကိုလင်း ဘယ်လိုထင်လဲ . ."

"ဝက်စွယ်နက်လို့ ပြောရလိမ့်မယ် . ."

"သူ စပေးတုန်းကတော့ အမှတ်တမဲ့ . ."

www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့်လည်း ထူးဆန်းတယ်၊ ကိုပိုက် သိမ်းထားချေဗျာ၊ ဘယ်လို အစွမ်းရှိလဲတော့ မသိရဘူး၊ ဟုတ်တယ်. ."

"အေးဗျာ. ."

သို့ဆိုလျက် ကျွန်တော်သည် ထိုဝက်စွယ်နှစ်ချောင်းကို လင်းမြင့်လှိုင်လက်ထဲမှ ပြန်ယူကာ ဘောင်းဘီအိတ်ထွင်း ပြန်ထည့်လိုက်၏။

"ကဲ. . တစ်ရေးအိပ်ကြတာပေါ့၊ မနက်ကျ သည်ကနေ ထွက်ကြတာပေါ့"

"ဟုတ်ပြီလေ. ."

သို့ဆိုလျက် ကျွန်တော်တို့သည် သစ်ပင်ကို ကျောမှီ အိပ်လိုက်ကြပြန်၏။

ကျွန်တော် မေ့ခနဲတစ်ချက် ဖြစ်သွားတော့၏။

ဘယ်လိုကြောင့်ရယ် မသိ၊ အိပ်မက်လိုလို ဖြစ်သွားရင်းက ထင်းထင်းပေါ်လာလေတော့၏။

ဘုရားရေ. . လူမည်းကြီးတစ်ယောက် အရပ်ရှည်ရှည် တင်းပုတ်ကြီးကိုင်၍ ကျွန်တော့်ထံ ပြေးလာသည်ကို မြင်လိုက်၏။ သို့ကြောင့် ကပျာကသီ နံဘေးရှိ သေနတ်ကို ကောက်ကိုင်လိုက်၏။

ဘုရားရေ. . ကျွန်တော် သေနတ်ကို ကိုင်မိဖို့နေနေသာ လှုပ်လို့ပင် မရပါကလား။ သို့ကြောင့် နံဘေးရှိ လင်းမြင့်လှိုင်ကို သတိပေးပြောရန် လှမ်းအော်လိုက်၏။

အလိုလေးလေး ကျွန်တော့်အသံသည်လည်း မထွက်လာပါကလား၊ ခေါင်းလှည့်လို့ပင် မရ၊ မည်းမည်းသဏ္ဍာန်



အကောင်ကြီးသည်လည်း သူ့လက်တွင်းရှိ တင်းပုတ်ကြီးဖြင့် ကျွန်တော့်ထံ အရှိန်အဟုန် ပြင်းပြင်းဖြင့် ပြေးလာနေ၏။ ကျွန်တော် ကြံရာမရ နေရာမှ ထ,ပြေးထွက်ရန် ကြိုးစားသော်လည်း ထရပ်ဖို့ မပြောလေနှင့်၊ အနည်းငယ် မျှပင် လှုပ်မရလေခြင်းကြောင့် ထိတ်လန့်တကြား ဖြစ်သွား၏။ ဇောချွေးများလည်း ပျံလာချေပြီ ဖြစ်၏။ ကျွန်တော် ကြိုးစားလှုပ်ရှားကြည့်၏။ ဘုရား. . ဘုရား . . ထမင်းလုံးတစ္ဆေခြောက် ခံနေရခြင်းများလား"

မှန်တာဝန်ခံရလျှင် ကျွန်တော် လွန်မင်းစွာ ကြောက်လန့်နေမိချေတော့၏။ မည်းမည်းသဏ္ဍာန်ကြီးသည်လည်း တဖြည်းဖြည်း နီးလာချေပြီ ဖြစ်၏။

ကျွန်တော် ကြိုးစားရုန်းကန်ကြည့်လေ၏။ အော်ကြည့်၏။ လုံးဝဖြစ်မလာပါကလား။ သို့ရှိစဉ်. .

"ဒိန်း"

နံဘေးရှိ လင်းမြင့်လှိုင်က သူ့လက် ဘွင်းရှိ သေနတ်ဖြင့် ထိုသတ္တဝါကြီးကို ပစ်လိုက်လေခြင်း ဖြစ်တော့၏။

ဘုရားတ,မိပေလို့များလား. .

လင်းမြင့်လှိုင် သေနတ်သံကြောင့် ကျွန်တော် အသံ ပြန်ထွက်လာ၏။ လှုပ်ရှားလာ၏။ သို့ကြောင့် ထိုနေရာမှ ထရပ်လိုက်၏။

ဘုရားရေ. . လင်းမြင့်လှိုင် သစ်ပင်ကျောမှီ အိပ်နေဆဲပါကလား။ မည်းမည်းသဏ္ဍာန်ကြီးသည်လည်း လုံးဝမရှိပါကလား။

သို့ဆိုပါလျှင် ကျွန်တော် ထမင်းလုံးတစ္ဆေခြောက် ခံနေရခြင်း ဖြစ်ချိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုက် . . ကြားလိုက်လား . ."

ဘုရားရေ . . လင်းမြင့်လှိုင် အိပ်နေသည်ဟု ကျွန်တော် ထင်ထားသည်မှာ မဟုတ်ဘဲ မျက်လုံးမှိတ် သစ်ပင်ကျောမှီရင်းမှ ကျွန်တော့်ကို မေးလာခြင်း ဖြစ်ချေ၏။

"နို့ဖြင့် ကိုလင်း မည်းမည်းအကောင်ကြီးကို ပစ်လိုက်တာလား"

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင် မျက်လုံးပွင့်လာချေပြီး . .

"ကိုပိုက် ဘာတွေပြောနေတာလဲ၊ ကျွန်တော် သေနတ်သံကြားလို့ ကိုပိုက်လည်း ကြားလို့ အိပ်ရာက နိုးလာတာလားလို့ မေးတာလေ"

"ဗျာ . ."

သို့ဆိုတော့ ကျွန်တော် အိမ်မက်လိုလို ထမင်းလုံးတစ်ခွေ ခြောက်ခံရသလိုလို ဖြစ်နေခြင်းပါကလား။

"အေးဗျာ . . သေနတ်သံကြားလို့ ကျွန်တော် အိပ်မက်ဆိုးက နိုးလာတာပေပဲဗျ"

"ဟုတ်လိမ့်မယ် ကိုပိုက်၊ ကျွန်တော် ကြားလိုက်တဲ့ သေနတ်သံက ရှေ့တောင်ကြောအပေါ် လောက်ကဗျ၊ ကျွန်တော့်အထင် ယောင်ကြီးဖွေတို့ ညီအစ်ကို ဖြစ်လိမ့်မယ်"

"ဟာ ကိုလင်းကလည်း သူတို့မယ် သေနတ်မှ မပါကြတာလေ"

"ဟာ . . ဟုတ်ပါရဲ့၊ နို့ဖြင့် အင်း . . မင်းမင်းအောင်



ဖြစ်မယ်၊ နို့မှ မဟုတ်လျှင် အမဲပစ်ထွက်တဲ့ အဖွဲ့က ဖြစ်မယ်၊ ကိုပိုက်ရယ် မိုးလည်းလင်းလုပါပြီ၊ ဝက်ကင်သားကို နံနက်စာ စားပြီး ထွက်ကြတာပေါ့"

"ကောင်းတယ်ဗျာ . ."

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝက်ကောင်အင်နား ထိုင်၍ အသားတို့ကို ဖဲ့ယူစားလိုက်ကြ၏။

"ဟာ . . ကိုပိုက် . . ဟိုနှစ်ယောက် . ."

ကျွန်တော်တို့ စားသောက်နေစဉ် ယောင်ကြီးဖွေတို့ ညီအစ်ကိုနှစ်ယောက် ပြန်လာသည်ကို လှမ်းတွေ့လိုက်ကြတော့၏။

အနားရောက်သည်တွင် . .

"ညက ဘယ်သွားကြလဲ"

ကျွန်တော့်အမေးကြောင့် သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး . ."

"ညအိပ်တန်းဝင် ငှက်တွေ သွားရှာတာ . ."

ဘုရားရေ . . ဘယ်လိုဖြစ်နိုင်မှာတုံး၊ သူတို့ အကြောင်းချက်က မလုံလောက်ပါကလား။ သို့ကြောင့် ကျွန်တော်က ထပ်မေးလိုက်မည်ဟန် ပြင်လေသည်တွင် လင်းမြင့်လှိုင်က သူတို့မမြင်အောင် ကျွန်တော့်ကို မျက်စိမှိတ်ပြလာချေပြီး . .

"အော် . . ဟုတ်လား . . ဘယ်အချိန်က ထွက်သွားမှန်း ကျွန်တော်တို့ မသိလိုက်ကြဘူး"

ဟုသို့ ပြောလေ၏။

သည်တွင် ယောင်ကြီးက လင်းမြင့်လှိုင်ကို ပြုံး၍ ကြည့်လာချေပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ. . မင်းတို့နှစ်ယောက် အိပ်နေတာကြော အိပ်ရေးပျက်မှာစိုးပြီး မပြောမဆို ထွက်သွားရတာပဲ"

"ငှက်အိပ်တန်းတွေ တွေ့ခဲ့ပုံ မရဘူးပေါ့"

"နို့ကြောင့် ငါတို့ လက်ထဲ ဘာငှက်ကောင်မှ ပါမလ တာပေါ့ကွ. ."

သို့ ယောင်ကြီးဖွေက ပြောလေပြီး ဝက်ကင်နားသွား ဝက်ကင်တို့ ယူစားလိုက်ချေတော့၏။

"ကျွန်တော်တို့နှစ်ယောက် သွားတော့မလို့. ."

"ဘယ်သွားမှာလဲ. ."

ယောင်ကြီးက မေးလေ၏။

"မင်းမင်းအောင်ကို ရှာရမပေါ့"

ယောင်လေးက . . .

"နို့ ငါတို့လည်း လိုက်မယ် ပြောထားတယ်လေ. ."

"နို့ဖြင့်လည်း စားကြချေဗျာ၊ တူတူသွားကြတာပေ"

လင်းမြင့်လှိုင်က သို့ပြောပြီး ပျဉ်းမပင်အောက်သွား ခြေပစ်လက်ပစ် ထိုင်ချလိုက်ချေတော့၏။

သူတို့နှစ်ယောက် စားပြီးမှ စခန်းမှ ခွာတော့မည် ဖြစ်ချေ၏။

"သည်အသားကင်တွေ ထားပစ်ခဲ့ရမှာ နှမြောပါ"

ယောင်လေးက ပြောလေသဖြင့်. .

"ထားခဲ့ချေဗျာ. . ရိက္ခာအတွက် ရှေ့လျှောက် လင့်တကူ ရနိုင်ပါတယ်"

လို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

"အပိုင်တွက်ထားပုံရတယ်. ."

သို့ ပြောလာလေပြန်၏။

လင်းမြင့်လှိုင်က မည်သို့မျှ ပြန်မပြော။ သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးပြုံးလို့သာ နေချေတော့၏။

"နို့ဖြင့် ညက သစ်ကျုတ် ရရစေမယ်ဆို"

သို့ ကျွန်တော်က ယောင်ကြီးကို ကြည့်၍ မှတ်မှတ်ရရ ပြောလိုက်ချေ၏။

သည်တွင် ယောင်လေးက ကျွန်တော့်ရှေ့ ရောက်လာ လေပြီး. .

"ခင်ဗျားလူ ကနေ့ သားကောင် တကောင် ရ,မရ လောင်းမလား. ."

ပြောလာလေသဖြင့် ကျွန်တော် သူ့အား အံ့အားသင့်စွာ ကြည့်လိုက်ချေ၏။

"ကိုယ့်လူကို ကိုယ်မယုံလို့လား. ."

"ကိုပိုက် လောင်းလိုက်ချေဗျာ. ."

လင်းမြင့်လှိုင် မပြောလည်း ကျွန်တော် လောင်းရဲလေ သည်ပဲ။ သို့ဖြစ်ရခြင်းမှာ ယောင်လေးသည် ဘယ်လိုကြောင့် ရုတ်တရက် ကျွန်တော့်ကို ပြောရတာပါလိမ့်။ ဘကယ်တမ်း သူ အလောင်းအစား ပြောရမည့်သူသည် လင်းမြင့်လှိုင် မဟုတ်ပါ ကလား။ ယခုတွင် ဘယ်လိုကြောင့် ကျွန်တော်ကို ပြောရတာပါ လိမ့်။ သို့ကြောင့် . . .

"ကောင်းပြီလေ. . လောင်းမယ်. . ဘာကြေးလဲ. ."

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ ယောင်လေးက ကျွန်တော့်ကို စိမ်းစိမ်းကြည့်လာချေပြီး . . .

"မနေ့က ခင်ဗျား နိုင်သွားလို့ ရသွားတဲ့ ဝက်စွယ်"

"ဗျာ. ."

ကျွန်တော် သူ့ကို အမှန်တကယ်ပင် နားမလည်နိုင်ပါကလား။ ဒီဝက်စွယ်ကို ဘာကြောင့် မနေ့ကတော့ အလောင်းအစားလုပ် အလွယ်တကူ ပေးရတာပါလိမ့်။ သည်တုန်းကလည်း ကျွန်တော်က စပြောခြင်း မဟုတ်၊ သူ့သဘောနှင့်သူ ပေးလာလေခြင်း ဖြစ်၏။

"ကောင်းပြီလေ. ."

သို့ဆိုလျက် ကျွန်တော်က ပြောလိုက်သည်တွင် ယောင်လေးတစ်ယောက် ကျေနပ်သွားသည်ကို တွေ့လိုက်ရချေ၏။

"ကိုလင်း ပြောတဲ့အတိုင်း ဖြစ်ပါစေဗျာ. ."

သို့ ကျွန်တော်က လင်းမြှင့်လှိုင်ကို ပြောလိုက်၏။ ကျွန်တော့်လက်ထဲမှ ဝက်စွယ်ကို သူ့ပြန်မပေးလိုသဖြင့် ကျွန်တော်က လင်းမြှင့်လှိုင်ကို သို့ပြောလိုက်ခြင်း ဖြစ်ချေ၏။

"စိတ်ချ ကိုပိုက်. ."

သို့ဆိုတော့ ယောင်လေးကို ပြုံးပြလိုက်ချေတော့သည်။ ယောင်လေးကလည်း ခေသူမဟုတ် သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ရှိနေသူ အလားပင်။ ကျွန်တော့်အား ပြန်၍ ရွဲ့ပြုံးပြလာချေတော့သည်။

ကဲ. . ငါတို့ စားမြီးပြီ၊ သွားကြမယ်၊ အေး. . တစ်ခု



တော့ ပြောထားရဦးမယ်၊ မင်းမင်းအောင်ကို တွေ့လျှင် ငါတို့ညီအစ်ကိုနှစ်ယောက်နဲ့ အလျှင် စာရင်းရှင်းနှင့် ပေးရမယ်"

သို့ပြောလာသည့် ယောင်ကြီးကို ကျွန်တော်နှင့် လင်းမြှင့်လှိုင်က တအံ့တသြ ကြည့်လိုက်၏။

"ဘာလို့လဲ၊ ခင်ဗျားတို့ အလျင်တွေ့လျှင် အလျှင်ရှင်းပေါ့ဗျာ. ."

"မာင်. . မင်းတို့က ဘာတွက် သည်ကောင်ကို သည်လောက် ဖြစ်နေရတာလဲ"

ယောင်ကြီးက မေးလေ၏။

"ဟာ. . ကျွန်တော်တို့က အမှန်တရားကို ဖြစ်ချင်တာ၊ သမ်းပြ အေးဝင်းက သူခေါ်လာတာလေ၊ ဘာလို့ သူက သတ်ပစ်ရတာလဲ၊ သူ့ကို ကျွန်တော်တို့က လူသတ်တရားခံလို့ မြင်တာကိုး၊ သိချင်တာ. . အေးဝင်းအတွက် အမှန်အတိုင်း ဖြစ်စေရမယ်"

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား"

လင်းမြှင့်လှိုင် စကားဆုံးသည်တွင် ယောင်ကြီးက သို့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ချေပြီး. .

"အေး. . မင်းတောင် ဘာမှ သွေးတော်သားမစပ် အေးဝင်းအတွက် သည်ကောင်ကို သဲသဲမဲမဲ ဖမ်းချင်တာ ငါတို့လို သွေးသားအရင်းတွေဆို ဘယ်လိုနေမလဲ မင်း စဉ်းစားကြည့်စမ်းကွာ"

"ဗျာ. ."

"ဟင်. ."

www.burmeseclassic.com



သို့ဆိုတော့ အေးဝင်းနှင့် သူတို့ညီအစ်ကို သွေးသားတော်စပ်နေကြပါကောလား . . ။ သို့ဆိုတော့ . .

အေးဝင်းမိန်းမ သူတို့နှမ ဆိုသည်မှာ ညီနှင့် ပတ်သက်ခြင်း ဆိုလိုသည်ပေါ့။

"ဟုတ်ပြီလေ . . သည်တော့ မင်းမင်းအောင်ကို တွေ့လျှင် ခင်ဗျားတို့လက်ထဲ အပ်မယ်၊ ကိုယ့်သွေးသား သေသလို သေရမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့တော့ မင်းမင်းအောင်ကို လုပ်လို့မဖြစ်ဘူးနော်၊ တရားဥပဒေဘောင်ထဲကပဲ ဆုံးမ ပြစ်ဒဏ်ခတ်ခံခိုင်းရမှာနော်"

သို့ဆိုတော့ ယောင်ကြီးတို့ညီအစ်ကို မျက်စိမျက်နှာပျက်သွားတော့၏။ သို့ကြောင့် . .

"ကျွန်တော် ပြောသလိုပဲ လုပ်ရမှာနော် . ."

သို့ လင်းမြင့်လှိုင်က ထပ်ပြောလိုက်လေတော့၏။

"ဟုတ်ပြီလေ . . ငါတို့ လက်ထဲ အလျှင်အပ်၊ ဘာလို့ အေးဝင်းလို လူအေးကို သတ်ရတာလဲလို့ . ."

"အင်း . . သို့ဆိုတော့လည်း သူတို့ ညီအစ်ကိုသည် လေးစားစရာပါကလား"

"ကဲ . . သွားကြစို့ . ."

သို့ဆိုလျက် ယောင်ကြီးက ဦးဆောင် စခန်းမှ ထွက်သွားခဲ့ချေတော့၏။

ကျွန်တော်တို့သည် စခန်းမှ ထွက်ခဲ့ကြသည်နှင့် ဝါးတောစ၍ဖြတ်ခဲ့ကြရ၏။ ဝါးဘိုးဝါးခဲတောကြီး ဖြစ်ခြင်းကြောင့် အောပေါင်း ရှုပ်ပေ၏။ သို့ကြောင့် အတော်လှမ်းလှမ်းသို့ လှမ်းမြင်ရ၏



"ကဲ . . မင်းတို့ လောင်းထားတာ ဘယ်လိုလဲ"

သို့ဆိုသလို ယောင်ကြီးက ပြောလေသဖြင့် . .

"ဘာကိုလဲ . ."

သို့ ကျွန်တော်က နားမလည်ဟန် မေးလိုက်၏။

"ငယ်ငယ်ရွယ်ရွယ်နဲ့ မေ့တတ်ရန်ကော . . ခင်ဗျားလူ နေမွန်းမတည့်မီ သားတောင် တစ်ကောင် ရအောင် ပစ်မယ်ဆိုတာလေ။ အလောင်းအစားက ဝက်စွယ်လေ . ."

သို့ ယောင်လေးက ပြောလေမှ ကျွန်တော် သတိရမိသဖြင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

"ကျွန်တော် သိတယ် . ."

လင်းမြင့်လှိုင်က သို့သာပြောပြီး ရှေ့ဝဲယာ တစ်ဖက်တစ်ချက်သို့ မျက်စိကစားကြည့်ရင်း လျှောက်သွားချေတော့၏။

"ဟိုမယ် တွေ့လား၊ ဂျီ (ချေ) တစ်ကောင် . ."

ယောင်ကြီးက ခပ်လှမ်းလှမ်း နေရာသို့ လှမ်းပြပြောချေ၏။

အလိုလေး . . ဟုတ်ပါရဲ့၊ သို့ပေမင့် ထိုဂျီလေးသည် ဝါးဘိုးဝါးရုံလေးနောက်တွင် ရှိချေ၏။ ဝါးများ ကွယ်နေခြင်းကြောင့် ပစ်ရလိမ့်မည် မဟုတ်။

"မဖြစ်နိုင်ပေဘူး ထင်တယ် . ."

ကျွန်တော်က လင်းမြင့်လှိုင်ကို ကြည့်ပြောလိုက်၏။

"ဟုတ်တယ် . ."

လင်းမြင့်လှိုင်က သို့ဆိုလျက် ထို ချေ ကောင်ကို စေ့စေ့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလေ၏။ ဂျီကောင်သည် တလှုပ်လှုပ်နှင့် ဝါးပိုးဝါးမျှစ်တို့ကို စားနေလေပြန်တွေ့၏။

"နေချေဦးဗျာ. ."

လင်းမြင့်လှိုင်က ကျွန်တော်တို့ကို တား၍ ရှေ့သို့ လှမ်းထွက်သွားလေသဖြင့် ကျွန်တော်တို့သုံးယောက်သည် ရှိရင်းနေရာမှာပင် ရပ်၍ စောင့်ကြည့်နေကြချေ၏။ ကျွန်တော်တို့နှင့် ကိုက်ငါးဆယ်လောက် လင်းမြင့်လှိုင် ရောက်သွားသည့်တွင် သားကောင်ကို ချိန်မှတ်ကောင်းကောင်း ရလိုက်သည့်ကြောင့်လားမသိ၊ လင်းမြင့်လှိုင်က သူ့သေနတ်ကို မောင်းတင်လိုက်ကာ ပြောင်းထိုးချိန်လိုက်လေတော့၏။

"ဒိန်း"

"ဟာ. ."

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ ဂျီကောင်လေးသည် ကဆုန်ပေါက် ပြေးသွားချေတော့၏။

ဘုရားရေ. . လင်းမြင့်လှိုင် ဘယ်လိုဖြစ်ရတာပါလိမ့်။

အင်း. . ဖြစ်နိုင်သည်ပဲ၊ ဝါးဘိုးပင်များ ခံနေသည်ကြောင့် ပစ်မှတ်လွဲသွားရခြင်း ဖြစ်နိုင်၏။ ကိစ္စမရှိချေပြီ။ အချိန်တွေ ရှိသေးသည်ပဲ။ ရှေ့လျှောက် သားကောင် တွေ့နိုင်လေသည်ပင်။

"ဝါးပင်တွေကြောင့် ပစ်ကွင်းကောင်းကောင်း မရလိုက်ဘူး"

လင်းမြင့်လှိုင်က သို့ဝင်ခံလေ၏။

"ဟင်. . ဟင်း. . ဟင်း. . ဟင်း. ."



ယောင်လေးက ကျွန်တော့်ကို ကြည့်ရယ်သွမ်းသွေးချေ၏။ ကျွန်တော်သည် သူ့အား 'ကြည့်ပါဦးကွာ. .' ဆိုသည့်အဓိပ္ပာယ်သက်ရောက်သည့် မျက်နှာပေးဖြင့် ကြည့်လိုက်ချေ၏။

သို့မှ ကျွန်တော်တို့သည် ဝါးတောက် ကျော်ဖြတ်ခဲ့ကြ၏။ ဝါးတောသည် အတော်ကလေး အကျယ်သားကလား။

ဝါးတောလေးအလွန်တွင် ပန်းစုံတောသို့ ရောက်ခဲ့ကြ၏။ ထိုတောတွင် သစ်ပင်ကြီးများ အပေါက်များပေ၏။ သစ်ဆိမ့်ပင်ကြီးတစ်ပင်အောက်တွင် ဂျီကောင်ကို ထပ်တွေ့ပြန်ချေ၏။ အစောက ဂျီလိုတော့ဖြင့် မဟုတ်၊ ယခုတွေ့ရသော ဂျီသည် အတော်အတန် ကြီးချေ၏။ သစ်ဆိမ့်ပင်အောက် ကြွေကျနေသည့် သစ်ဆိမ့်သီးများကို ကောက်ယူစားနေခြင်း ဖြစ်၏။

အတန်ငယ်ဝေးလှမ်း၏ ဆိုပေမင့်. . သေနတ်ပစ်ကမ်းစာလောက်သာ ရှိချေ၏။ ပစ်ကွင်းကောင်းဟု ပြောရပေမည်။ ကျွန်တော်တို့ အမြင်မှ ကြည့်လျှင် ဘေးတိုက်အနေအထား ဖြစ်၏။

"ကျွန်တော်တို့ နိုင်လျှင် ခင်ဗျားတို့ဘက်က ဘာပေးမှာလဲ"

"လင်းမြင့်လှိုင်က သို့မေးရင်း ပြုံးပြလာချေ၏။

"သေချာလို့ချည်လား. ."

ယောင်လေးက ပြောလေ၏။

"ပြောပါ. . ဘာပေးမှာလဲ၊ ဘာရပိုင်ခွင့်ရှိမှာလဲ"

လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ သေနတ်ဖြင့် ဂျီကောင်ကို လှမ်းချိန်ရင်း မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အသက်ကလွဲလျှင် တောင်းဆိုတာ ပေးမယ်. ."

ယောင်လေးက ပြောပြန်၏။

"နို့ဖြင့် မတန်ဘူး ပြောရလိမ့်မယ်"

"ဘာလို့လဲ. ."

ယောင်ကြီးက လင်းမြင့်လှိုင်ကို စေ့စေ့ကြည့် မေးလေ၏။

"အော်. . ကျွန်တော်တို့ ရှုံးလျှင် ဝက်စွယ်ကိုသာ ပြန်ပေးရပြီး ခင်ဗျားတို့ရှုံးလျှင် ကျွန်တော်တို့ ဘာလိုသည် ဖြစ်စေ ဖြည့်ဆည်းပေးမယ်ဆိုတော့ ဘယ်တရားပါ့မလဲ၊ သည်တော့ သည်လိုလုပ်. ."

"ပြောကြည့်လေ. ."

"ကျွန်တော် ပစ်လို့ မှန်သွားလျှင် ခင်ဗျားတို့နှစ်ယောက် သွားကောက်ချေ၊ ပြီးတော့ နားနေ စခန်းချသည့်တိုင် ထမ်းပိုးလာရမယ်၊ ပြီးတော့ အသားဖျက် ချက်ပြုတ်ရလိမ့်မယ်၊ ဘယ့်လိုလဲ"

သို့ဆိုတော့ ယောင်ကြီးနှင့် ယောင်လေးသည် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လေပြီး. .

"ကောင်းပြီလေ. . ကိုယ်သတ်မှတ်တာ. . ကိုယ်တာဝန်ယူရမယ်နော်. ."

လင်းမြင့်လှိုင် လက်တွင်းမှ သေနတ်သံ ထွက်လာသည်နှင့် ကျွန်တော် စိုးရိမ်ကြီးစွာဖြင့် သားကောင် ရှိရာသို့ ကြည့်လိုက်၏။

ဘုရားရေ. . တော်ပါသေးရဲ့၊ ဂျီကောင် ခွေလဲကျသွား၏။ ပစ်ချက် မှန်သွားလေသည်ပဲ။

"ဘယ်လိုလဲ. ."



ယောင်ကြီးနှင့် ယောင်လေးကို လှမ်းကြည့် ပြောလိုက်သည်နှင့်. .

ကောင်းပြီလေ ဆိုလျက် ညီအစ်ကိုနှစ်ယောက် ဂျီကောင် လဲကျသွားရာဆီသို့ ခပ်သုတ်သုတ် ထွက်သွားကြတော့၏။

လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြုံးပြလာချေ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ရှေ့သို့ ဆက်လျှောက်သွားလိုက်ပြန်၏။

သို့ရှိစဉ် လင်းမြင့်လှိုင် ပစ်လိုက်၍ ပြိုလဲကျသွားသော ဂျီကောင်သည် ရုတ်ခြည်းဆိုသလို ထပြေးသွားချေတော့၏။

ယောင်ကြီးနှင့် ယောင်လေးသည် လဲကျရာမှ ထပြေးသွားသော ဂျီကောင်ကို တအံ့တသြ ကြည့်နေကြတော့၏။ ဂျီကောင် ပြင်းထန်သော ဒဏ်ရာမရ။ ထပြေးသွားလေသည်ပဲ။ သို့ပေမင့်လို. .

"ဒိန်း. ."

လင်းမြင့်လှိုင်တစ်ယောက် ဂျီကောင်ကို လုံးဝအလွတ်ပေးလိုဟန် မတူချေ။ လျှပ်တစ်ပြက် ပစ်လိုက်လေခြင်း ဖြစ်တော့၏။

ဂျီကောင် ဝေးဝေးသို့ မပြေးနိုင်၊ လဲပြိုကျသွားပြန်၏။ သည်တစ်ခါတွင်မတော့ ဂျီကောင် လုံးဝ လူပ်ရှားနိုင်လိမ့်မည်မထင်။

ယောင်ကြီးနှင့် ယောင်လေးက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်လာချေ၏။ အံ့ဩသွားပုံလည်း ရ၏။

"ကိုပိုက်ရေ. . ကျွန်တော်တို့ မှန်ဘေး ပြောပြန့်တာလေး

www.burmeseclassic.com

www.burmeseclassic.com



မယ် နားနေကြလျှင် ကောင်းမယ်၊ နို့မှ သူတို့လည်း ဝေးဝေးလံလံ ဂျိုကောင်ကို ထမ်းပိုးကြရတော့မှာ မဟုတ်ဘူး”

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင် စခန်းချလိုသည့် နေရာသို့ လှမ်းကြည့်လိုက်ချေ၏။

ဘက်ကြီးနှင့် ခပ်လှမ်းလှမ်းနေရာလောက်တွင် ရှိချေ၏။

လင်းမြင့်လှိုင်သည် ဘယ်လိုသဘောနှင့် ထိုနေရာကို စခန်းနေရာ ရွေးလိုက်ပါလိမ့်။ မြေပြန့်သည် မှန်၏။ သို့ပေမင့် အောက်ပေါင်းရှုပ်၏။ အတော်ကလေး ရှင်းလင်း ခုတ်ထွင်းရလိမ့်မည်။ ဘယ်လိုသဘောနှင့် သို့ ရွေးချယ်လိုက်ပါလိမ့်။ သို့ကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို နားမလည်နိုင်စွာ ကြည့်လိုက်၏။

“အသာနေချေပါဦး. .”

သို့ လင်းမြင့်လှိုင်က ပြောလေသည်ကြောင့် သူ့တွင် အကြံအစည် ရှိရမည်ဟု တွက်မိလိုက်လေခြင်းကြောင့် မည်သည့် စကားမျှ မပြောလေတော့ဘဲ ထိုနေရာလေးသို့သွားကာ ချုံပုတ်နွယ်ပင်တို့ကို ဖြတ်ခုတ်ရှင်းလင်းလိုက်ချေ၏။

သို့ဆိုတော့လည်း အဟုတ်သားကလား။ ထိုနေရာလေးကို ရှင်းလင်းပြီးသည်တွင်. . .

“ထင်းခြောက် သွားစုဆောင်းချေဦးမယ်. .”

ဆိုလျက် ထိုနေရာလေးမှ ထွက်ခဲ့တော့၏။

ကျွန်တော်သည် ခပ်လှမ်းလှမ်း ရောက်သွားသည်တွင် ယောင်ကြီးဗွေတို့ ညီအစ်ကိုနှစ်ယောက်သည် စခန်းနေရာသို့ ဂျိုကောင်ကို ထမ်းပိုးရောက်လာလေပြီ ဖြစ်တော့၏။



လင်းမြင့်လှိုင်ကို ဘာတွေပြောနေလေသည် မသိ။

ကျွန်တော် ထင်းခြောက်တို့ကို ရှာဖွေကြည့်လိုက်၏။ မှုန်တော်ပါသေးရဲ့ ထင်းခြောက်ကိုင်းတွေ အများကြီးပါကလား။

ထိုနေရာလေးတွင် ခေတ္တနားနေ ခန်းချစဉ်တွင် ဂျိုကောင်လေးကို အသားဖျက် တံစို့ထိုး မီးကင်လိုက်ကြ၏။

“ဘယ်လိုလဲ၊ ကျွန်တော့်မယ်ရှိတဲ့ ဝက်စွယ် ပြန်ပေးစရာ လိုတော့ဘူးပေါ့”

သို့ ကျွန်တော်က ယောင်လေးကို ကြည့်၍ ပြောလိုက်၏။

“ဒါပေါ့ဗျာ. . နို့ပေမင့်လို့ ခင်ဗျားကို ပေးထားတဲ့ ဝက်စွယ် ခဏပေးချေဗျာ”

သို့ကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

လင်းမြင့်လှိုင်က ခေါင်းညိတ်ပြလေသဖြင့် ကျွန်တော်သည် ဘောင်းဘီအိတ်အတွင်းမှ ဝက်စွယ်ကို ထုတ်ပေးလိုက်၏။

ယောင်လေးက သေချာစွာ စေ့စေ့ကြည့်နေပြီး အစ်ကိုဖြစ်သူ ယောင်ကြီးအား ပေးလိုက်လေ၏။

အစ်ကိုဖြစ်သူ ယောင်ကြီးက ဝက်စွယ်ကို သေချာကြည့်လိုက်ပြီး အဖျားပိုင်းကို သူ့တွင်ရှိ ဓားဖြင့် ခြစ်နေလေသဖြင့်. .

“ဒါ ဘာလုပ်တာလဲ၊ ဒါ ကျွန်တော့်ပစ္စည်း ဖြစ်နေတယ်လေဗျာ. .”

သို့ဆိုသလို ကျွန်တော်က ပြောလိုက်သည်တွင် ယောင်ကြီးက. . .

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သည်အစွယ်ထိပ်ဖျားက မည်းနေတာ
ဘယ်လိုသဘောဆိုတာ သိချင်လို့ ဓားနဲ့ အနည်းငယ် ခြစ်ကြည
တာပါ၊ ရှေ့ပါဗျ. . ဝက်စွယ်ထိပ်ဖျားမယ် ဆေးနက်သုတ်ထ
တာပေပဲဗျ. . "

"ပေးဗျာ. . "

ကျွန်တော် လှမ်းယူကြည့်လိုက်၏။ ဘုရားရေ. . ဟု
ပါ၊ ဝက်စွယ်ထိပ်ဖျားတွင်ရှိ အမည်းရောင်နေရာလေးကို ယော
ကြီးက ဓားနှင့် ခြစ်ထားသည်ကြောင့် စေ့စေ့စပ်စပ် ကြည့်လိုက်
အားလား. . လား. . ဟုတ်ပါ၊ ဝက်စွယ် မူလရောင် အော
ပေါ်နေလေသည်ပဲ၊ သို့ဆိုတော့ ဝက်စွယ်အဖျားကို ဆေးန
သုတ်ထားခြင်းပါကလား။ ဘယ်လိုကြောင့် သို့ လုပ်ရတာပါလိ
သို့ သိလိုသည်ကြောင့် ယောင်လေးကို ကြည့်လိုက်ကာ. .

"ခင်ဗျား လုပ်ထားတာ မဟုတ်လား. . "

မေးလိုက်၏။

ယောင်လေးက ခေါင်းကို ခါပြလေပြီး. .

"ဘယ်လိုဖြစ်နိုင်မှာလဲဗျာ. . "

"ဟ. . ဖြစ်နိုင်တာပေါ့၊ သည်ဝက်စွယ်က ခင်ဗျား
လိုက်တဲ့ ဝက်ကောင်ရဲ့ အစွယ်ကို ချက်ချင်း ရိုက်ချိုးယူလာ
ဆိုဗျ၊ နို့ဆိုတော့ ဒီအကြား အချိန်ပိုင်းမယ် ဘယ်သူမှ ဝက်တေ
ကို သတ်ဖြတ်နိုင်လိမ့်မလဲ၊ ခင်ဗျားဆီက ဝက်စွယ်ကို ဘယ်သ
ဘယ်အချိန် ယူသွားပြီး ဘယ်လို ဆေးသုတ်လိမ်နိုင်ရမှာလဲ
ခင်ဗျားပဲ ပြောတာ၊ ကျွန်တော့်ကို ချက်ချင်းပေးလာတာဆို



သည်အတွင်းကို ခင်ဗျား မခြယ် ဘယ်သူ ခြယ်မှာတုံး. . "

သို့ မေးလိုက်သည်တွင် ယောင်လေးတစ်ယောက် မျက်စိ
ကျက်နှာ ပျက်သွားလေ၏။ သို့ပေမင့် ယောင်ကြီးက. . .

"အား. . နို့ သူ ပြောလို့ ပြောရဦးမယ်ဗျာ၊ ခု စကား
ကြုံလို့ ပြောဖြစ်တာပါ။ သူနဲ့ ငါတို့ မတွေ့ခင် ဝက်စွယ် ရိုက်ချိုးယူ
ဘာပြီး လမ်းမယ် သစ်ခုတ်သမား အဘိုးကြီးတစ်ယောက် တွေ့ခဲ့
ဘယ်ဆိုပဲ၊ သူ့လက်ထဲက ဝက်စွယ်ကိုတွေ့တော့ အဘိုးကြီးက
တောင်းယူကြည့်ပြီး ပြန်ပေးတာ သူက မစစ်တော့ဘဲ အိတ်ထဲ
ထည့် ပြေးလာတော့ မင်းနဲ့(ကျွန်တော့်ကို ဆိုလိုခြင်း ဖြစ်၏)
အလောင်းအစားလုပ်ပြီး (ညီအစ်ကို ခွဲခြားနိုင်ခြင်းကိစ္စ) ပေးလိုက်
တာလေ"

"ဟုတ်ပါပြီ၊ အဲဒီတုန်းက မလိုချင်လို့ အလောင်းအစား
လုပ်ပေးလာတာလေ၊ ပေးတုန်းက ပေးပြီး ခု ဘာလို့ ပြန်လိုချင်ပြီး
အလောင်းအစား လုပ်ရတာတုံး၊ ခုလည်း ရှုံးပြန်ပြီလေ၊ နို့ မေးရ
ဦးမယ်၊ သည်ဝက်စွယ်က ဘာဖြစ်လို့လဲ. . "

သို့ ကျွန်တော်က မေးလေသည်တွင် ယောင်လေးက
ယောင်ကြီးကိုကြည့်ပြီး ပြောပြသင့်တယ် ဆိုသဖြင့် ယောင်ကြီးက-

"အေး. . ငါအမှန်အတိုင်း ဝန်ခံမယ်ကွာ၊ ယုံမှာလား"

ဆိုတော့ လင်းမြင့်လှိုင်က ယောင်ကြီးကို စေ့စေ့ကြည့်
ပြီး. .

"ယုံသင့် ယုံမယ်ပြော. . "

ဆိုလေသဖြင့်. .

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ညီအစ်ကို ဝက်စွယ်နက်ကွင်းကို လိုက်ရှာနေကြတာ. ."

"ဗျာ. ."

"ဘယ်လို. ."

"ဝက်စွယ်နက်ကွင်းလေ. ."

"ကြားလည်း မကြားဖူးဘူး၊ မြင်လည်း မမြင်ဖူးဘူး ဝက်စွယ်နက်ရယ်လို့ ကမ္ဘာမှာတောင် ရှိလိမ့်မယ် မထင်ဘူးဗျာ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဟုတ်တယ်. . ဘယ်လိုဖြစ်နိုင်မှာလဲ. ."

"ဖြစ်နိုင်တယ်. . ရှိကိုရှိတယ်. ."

သို့ ပြောလာသည့် ယောင်ကြီးကို ကျွန်တော်တို့ နှစ်ယောက် အံ့ဩတကြီး ကြည့်လိုက်ကြပြီး. .

"နို့ဖြင့် ပြောပြစမ်းပါဗျာ၊ ကျွန်တော်တို့ ဗဟုသုတ နည်းပါတယ်"

သို့ဆိုတော့ ယောင်ကြီးသည် ကျွန်တော်တို့နှစ်ယောက်ကို မဲ့ပြုံး ပြုံးပြလာချေပြီး . . .

"သိစ်ရှိတာပေါ့. ."

"ခင်ဗျား တွေ့ဖူးလား၊ မြင်ဖူးလား. ."

ကျွန်တော်က မေးလိုက်၏။

သည်တွင် ယောင်ကြီးက . . .

"သေချာတယ်လေ. . သေချာတယ်၊ နို့ပေမင့် ငါ့လက်ထဲ ရောက်မလာဘူး"



သို့ပြောလာသည်ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ယောင်ကြီးကို တအံ့တဩ ကြည့်မိကြတော့၏။

"ငါ့အဘိုး ပြဖူးတယ်၊ ဝက်စွယ်နက်ကွင်းဆိုတာ အဖျား လေးမယ် အနက်ရောင် ဖြစ်နေတာတဲ့၊ တစ်ချောင်းလုံး နက်တာ မဟုတ်ဘူးတဲ့"

"ဗျာ. ."

"ဟင်. ."

"ရှင်းအောင်ပြောပါဦး"

"မင်းတို့ကို ပေးမိတဲ့ ဝက်စွယ်မယ် အနက်ဖျား ရှိလား သိချင်လို့ပေါ့"

"သည်တော့. ."

"ငါ့စားနဲ့ ခြစ်ကြည့်ပြီးပြီ၊ မဟုတ်ဘူး၊ ဆေးသုတ်ထားတာ ဝက်စွယ်နက် ဆိုလျှင်ဖြင့် အဖျားပိုင်း နက်တယ် မှန်တယ်၊ ခ ငါ စားနဲ့ ခြစ်ကြည့်တယ်. . မဟုတ်ဘူး၊ ဒါ ဆေးသုတ်ထားတာပဲ"

"နို့ ဘယ်လိုလုပ် ဝက်စွယ်ကို ဘယ်သူက ဘယ်အချိန်က ဆေးသုတ်လိုက်တာလဲ၊ ခင်ဗျားတို့ ညီအစ်ကို သိရလိမ့်မယ်. ."

သို့ပြောရင်း လင်းမြင့်လှိုင်က သူ့ကို စေ့စေ့ကြည့်လိုက်၏။

"အမှန်အတိုင်း ပြောနေတာပဲကွ၊ သည်ဆေးသုတ်ထားတဲ့ ဝက်စွယ်က တကယ်တော့ မင်းတို့ကို မှားပြီး ပေးမိတာ"

"အစ်ကို တကယ်ပဲ ပြောပြလိုက်တော့မှာလား"

သူ့စကားမဆုံးမီ ညီဖြစ်သူ ယောင်လေးက သို့ ပြောလာသေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး. . အမှန်ပြောရတော့မပေါ့ကွာ၊ နို့မှလည်း သူတို့ဆီက ငါတို့ အကူအညီရကောင်း ရပါလိမ့်မယ်၊ အရင်စောစောပိုင်းက ငါတို့မယ် ဝက်စွယ်နက်ကွင်း အဲဒါကိုပေါ့. . ရှိတယ်လေ၊ သူ ဝက်ပက်ခံရပြီး အဲဒီဝက်ကို ထောင်ဖမ်း ဝက်စွယ် ရိုက်ချိုးယူခဲ့တယ်၊ မင်းတို့နဲ့တွေ့တော့ အလောင်းအစားလုပ် ဝက်စွယ် ထုတ်ပေးလိုက်တာမှာ ငါတို့မယ်ရှိတဲ့ ဝက်စွယ်နက်ကွင်းနဲ့ မှားယွင်းပေးမိတယ်လေ။ နို့ကြောင့် တောတောင်ထဲ မုဆိုးတွေဖြစ်တဲ့ မင်းတို့ကို အသိမပေးလိုတာကြောင့် ခုလို လုပ်လိုက်ရတာလေ နို့ကြောင့်ပါ. ."

"အဲဒီဝက်စွယ်နက်ကို ခုမှ ဘာလို့ စစ်ဆေးရတာလဲ"

"အေး ငါပြောမယ်. . ငါတို့ ရတဲ့ဝက်စွယ်နက် စွမ်းမစွမ်း သူစစ်တော့ မစွမ်းလို့ပဲဖြစ်မယ်၊ သူ့ခြေသလုံးသား ဝက်ပက်ခံလိုက်ရတယ်၊ နို့ကြောင့် သည်ဝက်စွယ်ကို မယုံကြည်တော့ဘူးလေ၊ နို့ပေမင့် သေချာအောင်ဆိုပြီး မင်းတို့နဲ့ ပြန်လာတွေ့ အကြောင်းပြ ပြန်ရအောင်ယူပြီး အတု အစစ် ခွဲရအောင် ဓားနဲ့ ခြစ်ကြည့်တော့လည်း ခုတော့ ရှင်းသွားပါပြီ၊ ဝက်စွယ်နက်ကွင်း အတုကြီးပေပဲ. ."

သို့ဆိုတော့ ကျွန်တော် ပြုံးမိလေတော့၏။

"နို့ မေးရဦးမယ်. ."

လင်းမြင့်လှိုင်က ပြောလာပြန်၏။

"ဘာလဲ. ."

ယောင်ကြီးက မကျေမနပ်ကြည့် ပြောလေ၏။



"အဲဒီ ဝက်စွယ်နက် အတုကကော ဘယ်ကရတာလဲ"

သို့ မေးလိုက်သည်တွင် ယောင်ကြီးနှင့် ယောင်လေးသည် တအောင့် တွေဝေသွားသည်ပြင် မျက်နှာ ဖျက်သွားကြချေပြီး. .

"နို့က သည်လို. ."

သို့သော စကားသည် နှစ်ယောက်လုံး နှုတ်ဖျားမှ ပေါ်ထွက်လာချေတော့၏။

ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး. .

"ယောင်ကြီး ပြော. ."

"ယောင်လေး မင်း ပြောလိုက်. ."

သည်တွင် ယောင်လေးက. . .

"သည်ဝက်စွယ်က ဖာလာစခန်းက ခစ်ခုတ်သမားဆီက ရတာ. ."

"သူက သည်ဝက်စွယ်နက်အကြောင်း သိလို့လား"

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"သူ မသိလို့ဖြစ်မယ်"

"ခင်ဗျားတို့ တောင်းလာတာလား"

"ဒါပေါ့. ."

"လွယ်လွယ်နဲ့ ပေးလိုက်တာလား"

သည်တွင် ညီအစ်ကိုနှစ်ယောက် မျက်စိမျက်နှာ ပျက်သွားကြတော့၏။

ပြီးတော့မှ . . .

www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံပေးဝယ်ခဲ့တာ. ."

"သေချာလား. ."

"သေချာတာပေါ့. ."

"ဟုတ်ပြီလေ. . ခု ဝက်စွယ်နက်ကွင်းက အတုဖြစ်နေတော့ ဘာဆက်လုပ်မလဲ. ."

"ဒါ ကံကြမ္မာနဲ့ ဆိုင်တယ်၊ ငါတို့ လုပ်ရမှာ အေးဝင်းကို သတ်တဲ့ မင်းမင်းအောင်ကို အဓိကထား လိုက်ရှာမယ်၊ အဲလို လိုက်ရှာရင် ဝက်တွေ့လျှင် ပစ်မယ်၊ အစွယ်ကြည့်မယ်. ."

အလို တယ်ဟုတ်ပါကလား။

"စိတ်ဝင်စားတယ်ဗျာ. ."

"ဘာကိုလဲ. ."

သို့ မေးလာပြန်တော့ ကျွန်တော်သည် ယောင်လေး မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး. .

"ဒါ စိတ်ဝင်စားစရာပေပဲဗျ၊ ကျွန်တော်တို့ မူဆိုး တစ်သက် ဝက်စွယ်နက်ကွင်းရယ်လို့ ကြားလည်း မကြားဖူး၊ မြင်လည်း မမြင်ဖူးဘူးလေ၊ ပြီးတော့ တစ်စွယ်လုံးနက်တာ မဟုတ်ဘူး၊ အဖျားလေးတင် နက်တယ်ဆိုတော့. ."

သို့ပြောလိုက်သည်တွင် ယောင်ကြီး ယောင်လေး ညီအစ်ကိုနှစ်ယောက်လုံး ကျေနပ်သွားကြချေပြီး . . .

"ဟုတ်တယ်. . ငါတို့ညီအစ်ကိုလည်း ကြားဖူးတယ်၊ အဲဒီဝက်စွယ်နက်ကို လိုက်ရှာကြမယ်၊ စွမ်းတယ်ဆိုပဲ. ."

"ဘယ်လိုစွမ်းတာလဲ. ."



"အဲလိုပေါ့ကွာ. . သိတာပေါ့၊ ကိုယ့်ကို ဒုက္ခပေးလောက်မယ့် အန္တရာယ်တွေကနေ ရှောင်ကွင်းနိုင်တာပေါ့"

သို့ဆိုတော့ ကျွန်တော်က ယောင်လေးကို ကြည့်လိုက်ချေပြီး. .

"ဟင်း. . ဟင်း. . စွမ်း၊မစွမ်း ခင်ဗျားခြေသားလုံးသားကို ကြည့်လျှင် သိနိုင်လောက်ပြီပေါ့ဗျာ"

လို့ ပြောလိုက်တော့၏။

"ဒါက အတုဖြစ်နေတာကိုး"

"ကဲ. . ကဲ. . ငါတို့ သည်ကနေ စားသောက်ပြီး သွားကြမယ်. ."

"ကျွန်တော်တို့လည်း လိုက်မယ်"

"ဘာလဲ. . ဝက်စွယ်နက်ကွင်းကို စိတ်ဝင်စားလို့လား"

"ဘယ်ကဟုတ်ရမှာလဲ၊ မင်းမင်းအောင်ကို လိုက်ရှာမှာလေ"

သို့ဆိုတော့ ညီအစ်ကိုနှစ်ယောက်လုံး ငြိမ်သွားကြချေ၏။

"နို့ဆိုတော့ တူတူသွားကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုစခန်းနေရာလေးမှ ထွက်ခဲ့ကြပြန်တော့၏။

တကယ်တော့ သူတို့ညီအစ်ကိုနှစ်ယောက်သည် ကျွန်တော်တို့နှစ်ယောက် လိုက်ပါလေသည်ကို နှစ်သက်ဟန်တူချေ။

သို့ဖြင့် ကျွန်တော်တို့သည် တောခြောက်တစ်ခုသို့ ရောက်လာကြ၏။ တောခြောက်ဆိုတော့. . အောက်ပေါင်းရှင်း

www.burmeseclassic.com

www.burmeseclassic.com



သည်ပေါ့၊ နို့ပေမင့် ရွက်ကြွေခြောက်များကြောင့် ခြေချလိုက်သည်တိုင်း 'ဂျွတ်. . ဂျွတ်. .' ရယ်လို့ အသံမြည်ချေ၏။

"ချွတ်. . ချွတ်. ."

"ချွတ်. . . ချွတ်. ."

"ချွတ်. . . ချွတ်. . ချွတ်. ."

"အား. ."

ရွက်ခြောက်တို့အပေါ် နင်းလျှောက်လေရာမှ ကျွန်တော်၏ ခြေထောက်သည် တစ်စုံတစ်ခုနှင့် တိုးတိုက်မိလေသည်ကြောင့် ထိတ်လန့်သွားရချေ၏။ ကျွန်တော်နှင့် တိုက်မိသောအရာသည် ပျော့စိစိကြီး ဖြစ်ချေ၏။ သို့ကြောင့် ကပျာကယာငုံ့ကြည့်လိုက်၏။

ဘုရားရေ. . ကျွန်တော်တို့ သွားလမ်းတွင် တန်းတန်းကြီး ရှိနေလေသည့် စပါးကြီးမြွေကောင်ပါကလား။

ကျွန်တော် တိုက်မိသည်မှာ ဝမ်းဗိုက်သား ဖြစ်ချေ၏။ ဝမ်းဗိုက်နေရာတွင် ဖောင်းကားနေလေ၏။

သို့ဆိုတော့ စပါးကြီးကောင်သည် အစာမြိုထားလေပြီး အစာစားပြီးပြီးချင်းတွင် ငြိမ်သက်နေလေခြင်း ဖြစ်၏။

ကျွန်တော်၏ တိုးတိုက်မှုကြောင့် မြွေကောင်ကြီး အနည်ငယ်မျှ လှုပ်ရှားသွားချေပြီး တရွေ့ရွေ့ ထွက်သွားလေ၏။

ယောင်လေးက စပါးကြီးကောင် မြင်သည်တွင်. . .

"ဟာ. . မြွေကြီး မြွေကြီး ရိုက်သတ်ချေလေဗျာ"

သို့ ပြောလည်းပြော. . သူ့လက်တွင်းရှိ တုတ်ချောင်းဖြင့် မြွေကောင်ကြီးကို ရိုက်လေမည့်ဟန် ပြင်လေသဖြင့်. . .



"မလုပ်ပါနဲ့ဗျာ. . သူအစာ မြိုထားဘာ. . သွားပါစေ"

သို့ ကျွန်တော်က ဟန့်တားလိုက်၏။

"အင်း. . ဆာနေတဲ့အချိန် ဆိုလို့ကတော့ လွတ်လိမ့်မယ် မထင်နဲ့"

ယောင်လေးက သို့ဆိုလျက် လက်ဘွင်းမှ တုတ်ကို အဝေးသို့ လှမ်းပစ်လိုက်ချေတော့၏။

"ဟာ. ."

"ဟင်. ."

သူ ပစ်လိုက်သည့်တုတ် မြေပြင်သို့ ကျသွားသည်နှင့် ထိုနေရာမှ သတ္တဝါကောင်သည် ရုတ်ခြည်း ထပြေးသွားချေတော့၏။

"သစ်ကျွတ်ပါကလား. ."

"ကိုလင်း ပစ်လို့ လွတ်ထွက်သွားတဲ့ အကောင်များလေလား. ."

ကျွန်တော်က မေးလိုက်၏။

"သည်နေရာမယ် သစ်ကျွတ် ရှားတယ်ဆိုလျှင်ဖြင့် အဲ့ဒီအကောင်ပဲ ဖြစ်နိုင်တာပေါ့၊ ပေါပေါများများ ရှိတယ်ဆိုလျှင်ဖြင့် အခြားတစ်ကောင် ဖြစ်လိမ့်မယ်"

သို့ဖြင့် ကျွန်တော်တို့သည် ရွက်ခြောက်တောအတွင်း ဆက်လျှောက်ခဲ့ကြပြန်၏။ သို့ လျှောက်ခဲ့ကြရာမှ. .

"နေဦးဗျ၊ အနံ့ဆိုးဆိုးဝါးဝါး တစ်ခု ရသလိုပဲ"

လင်းမြင့်လှိုင် သွားနေရာမှ ရပ်တန့်လိုက်ပြီး သို့ ပြောလာလေသဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်လည်း ဂရုတစိုက် အသက်ရှူမိချေ၏။

ဟာ. . ဟုတ်ပါရဲ့ အနံ့စူးစူးဝါးဝါး ဖြစ်၏။

အပုပ်နံ့လည်း မဟုတ်။

အူတူတူအနံ့ ဖြစ်ချေ၏။

လင်းမြင့်လှိုင်က ရွက်ခြောက်တစ်ခုကို ကောက်ယူ လက်တစ်ပြန်အမြင့်မှ လွှတ်ချလိုက်၏။

လေသည် ဘယ်က လာသည်ကို သိလိုခြင်း ဖြစ်ချေ၏။

"ဟိုနောက် သစ်ပင်ခြောက်ကြီးဘက်ကဗျ"

ထိုအူတူတူ အနံ့ရှိမည် ထင်ရသည့် နေရာသို့ ပြောလေခြင်း ဖြစ်၏။

"သွားကြမယ်ဗျာ. ."

သို့ဆိုတော့ ယောင်ကြီးနှင့် ယောင်လေးသည် လိုက်လာကြချေပြီး . . .

"သားကောင် တစ်ကောင် သေနေတာ ဖြစ်မှာပေါ့ဗျာ၊ ကျွန်တော်တို့ ဟိုးရှေ့ တောတန်းလေးထဲ သွားရမှာလေ. ."

သူတို့ ညီအစ်ကိုသဘောသည် ထိုသစ်ခြောက်ပင် ရှိရာသို့ မသွားလိုခြင်း ဖြစ်လေ၏။ သို့ကြောင့် . . .

"ဟုတ်ပြီလေ၊ ခင်ဗျားတို့ သွားနှင့် ကျွန်တော်တို့တော့ အဲဒီနား သွားကြချေမယ်၊ ပြီး အဲဒီတောတန်းလေးဘက် လိုက်ခဲ့မယ်. ."

သို့ပြောပြီး လင်းမြင့်လှိုင်က သစ်ခြောက်ပင် ရှိရာသို့ သွက်လက်သော ခြေလှမ်းများဖြင့် သွားလေသည်တွင်. . .



"ကျွန်တော်လည်း လိုက်မယ်. ."

ဆိုလျက် လိုက်သွားပေတော့၏။

သစ်ခြောက်ပင်နား ရောက်လှသည်ဝင် ထိုပုပ်အက်အက် အူတူတူ အနံ့သည် ပို၍ စူးရှလာချေသဖြင့် နှာခေါင်းကိုပိတ်၍ ထိုသစ်ခြောက်ပင်ကြီး အနားသို့ ကပ်သွားလိုက်၏။

"အနံ့က သည်အပင်နောက်ဘက် ချုံပုပ်ထဲက လာတာဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သစ်ခြောက်ပင်နောက်ဘက် ချုံပုပ်ပင် ရှိရာသို့ တိုးကပ်သွားလိုက်ပြန်သဖြင့် ကျွန်တော်သည်လည်း ကပ်လိုက်သွားတော့၏။

"ဘုရားရေ. ."

"ဟာ"

ကျွန်တော် ထင်ထားသည်မှာ သားကောင်ငယ်လေးတစ်ကောင်သေ၍ ပုပ်နေသည်ဟု၊ ယခုတော့မူ ထင်မှတ်မထားသည့်မြင်ကွင်းကြောင့် အံ့သြထိတ်လန့်သွားရတော့ချေ၏။

လူသေ တစ်ယောက်ပါကလား။

ဘယ်လိုဖြစ်တာပါလိမ့်။

ချုံပုပ်ပင်ကို ခုတ်ထွင်လိုက်၏။ သည်တော့ အလောင်းပေါ်လာ၏။

"ဟာ. . မင်းမင်းအောင်ပါကလား"

"ဘယ်လိုဖြစ်ရတာလဲ၊ ကိုလင်း. ."

"ကျွန်တော်လည်း ဘယ်သိပါ့မလဲဗျာ၊ နေဦး ဘယ်လိုကြောင့် သေရတာလဲ ကြည့်လိုက်ချေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ လင်းမြင့်လှိုင်သည် မင်းမင်းအောင်၏ အလောင်းကို စေ့စေ့ကြည့်နေချေ၏။ ဟိုရှေ့ သည်ရှေ့ လှန်လှော ကြည့်လေ၏။

"ဒဏ်ရာလည်း မတွေ့ဘူး . ."

"ဟာ . . ဟုတ်ပြီ၊ သိပြီ . . သူလည်ပင်းမယ် ညှိမည် နေတာပဲဗျ၊ သူ လည်ပင်းညှစ်သတ် ခံရတာပဲ၊ လည်ပင်းညှစ် သတ်တယ် ဆိုတာတောင်မှ လက်နဲ့ မဟုတ်ဘူးဗျ၊ ကြိုးလုံး ခပ်ကြီးကြီးတစ်ခုနဲ့ လည်ပင်းကို ရစ်ပတ် ညှစ်သတ်တာ ဖြစ်မယ်ဗျ"

သို့ပြောလည်းပြော . . လည်ပင်းကိုလည်း စေ့စေ့ကြည့် ကိုင်တွယ်စမ်းသပ်လေ၏။

"ဘာသဲလွန်စ တွေ့လဲ . ."

ကျွန်တော်က မေးလိုက်၏။

နို့နေပါဦးဗျ၊ လည်ပင်းညှစ်သတ်တယ်လည်း ဆိုသေး လျှာလည်း မထွက် မျက်လုံးပြူးထွက်တာလည်း မရှိပါကလား

သို့ မေးလိုက်သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့် ပြုံးလျက်ကြည့်လာချေပြီး . . .

"လျှာမထွက်အောင် အဝတ်စနဲ့ ဆို့လိုက်တယ်ဗျ"

"ဘယ်လိုလုပ် သိလဲ . ."

"ကြည့်လေ . . သည်သွားကြားမယ် ပိတ်စကလေးတစ် ညှပ်ကျန်ခဲ့တယ်"

သို့လည်း ပြောဆို အစလေးကိုလည်း ဆွဲထုတ်ကြည့် ချေ၏။



"ဒါ ပုဆိုးစ ဖြစ်မယ်ဗျ . ."

သို့ပြောပြီး လင်းမြင့်လှိုင်သည် ထိုပုဆိုးစလေးကို သူ့ အိတ်ကပ်တွင်း ထည့်လိုက်ချေ၏။

"ကဲ . . ကိုပိုက် ကျွန်တော်တို့ ယောင်ကြီးဗွေ ညီအစ်ကို နောက် လိုက်သွားကြပြီး သူတို့ကို အကျိုးအကြောင်း ပြောပြပြီး မင်းမင်းအောင် အလောင်းနဲ့ ပတ်သက်လို့ စခန်းကို အကြောင်း ကြားရလိမ့်မယ် . ."

သို့ ပြောလည်းပြော ထိုနေရာမှလည်း လင်းမြင့်လှိုင်နှင့် ကျွန်တော် ထွက်ခဲ့ကြတော့၏။

"ယောင်ကြီးဗွေတို့ ညီအစ်ကို ဟိုရှေ့တောတန်းလေးက စောင့်နေမယ် ပြောတာပဲ . ."

သို့ဖြင့် ကျွန်တော်တို့သည် တောတန်းလေးသို့ လျှောက် ခဲ့ကြ၏။

"ဝူး"

"ဝူး"

"ဝူး"

သို့နှယ် အသံပြု အချက်ပေးလိုက်၏။

တောတန်းလေးအတွင်း ရှုပ်ထွေးခြင်းတော့ အလျဉ်း မရှိ ပါချေ။

သစ်ပင်ကြီးများကြားမှ ကြသောင်းဝါးများ ပေါက်နေလေ ၏။ ချုံပုပ်နွယ်ပင် မရှိသလောက်ပင် အောက်ပေါင်းရှင်း၏။ သို့ ကြောင့် အတော်လှမ်းလှမ်းသို့ လှမ်းကဲကြည့် မြင်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



သည်လူတွေ သည်ကစောင့်နေမယ်ဆိုပြီး ဘယ်ရောက်သွားကြပါလိမ့်။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ယောင်ကြီးဗွေတို့ ညီအစ်ကိုနှင့် တွေ့နိုး တွေ့နိုး လှည့်ပတ် အချက်ပေး ရှာပြေငြားလုံး၀ အရိပ်အယောင် မပြောလေနှင့် အသံပင် မကြားရချေ။

"သည်လူတွေ ဘယ်များ သွားနေပါလိမ့်"

ဟိုရှိစဉ် ခပ်လှမ်းလှမ်းမှ လူနှစ်ယောက်ကို တွေ့လေသဖြင့် . .

"ဟော . . ဟိုနှစ်ယောက်များလား . ."

ကျွန်တော်က မေးလိုက်၏။

"မဟုတ်ဘူးဗျ၊ သူတို့က သစ်ခုတ်သမားတွေထင်ပါရဲ့၊ လက်ထဲမှာလည်း ပုဆိန်ကိုယ်စီနဲ့ . ."

ထိုသစ်ခုတ်သမားနှစ်ယောက် အနားရောက်လာလေသည်တွင် . .

"ဟာ . . ဆရာလေးတို့ပါကလား"

"ဟော . . ဘယ်သူများလည်း မှတ်တယ်၊ တာပုနဲ့ တပလူးပါလား"

"မင်းတို့ သစ်လာခုတ်ကြတာလား"

"အေး . . ဟုတ်တယ်၊ ငါ့ဘကြီး အိမ်ဆောက်ဖို့ အိမ်တိုင်နည်းနည်းလိုလို့ပဲကွ"

"သည် မရမ်းမြောင်မှာ လာရှာတာကွ၊ ကျွန်းတွေက သည်မှာ ပေါတယ်လေ"



ဟာလုက ပြောလေသဖြင့် ကျွန်တော်က . . .

"မရမ်းမြောင်မယ် ပျဉ်းမရှက်ကြီး မရှိဘူးလား၊ အိမ်တိုင်ကောင်းပါဗျာ . ."

လို့ အကြံပေးလိုက်၏။

"ရှိတော့ ရှိတယ်၊ အတော်လေး ရှာယူရလိမ့်မယ်"

"ကျွန်းတော့ မလုပ်ပါနဲ့၊ ပျဉ်းမရှက်ကြီးလည်း အများကြီးကောင်းတာပေါ့၊ သွားရှာကြည့်ချေ . ."

"အေးကွာ . . ဆရာလေး ပြောသလို ပျဉ်းမသွားရှာကြည့်မယ်၊ မြောင်ဖျားမယ် ရှိလောက်တယ်"

"ကျွန်းဆိုလျှင် တောခေါင်းကြီး မောင်မောင်စိုးနဲ့ တိုးလို့ တွေ့နေဦးမယ်"

"နို့ ဘယ်သွားကြမလို့လဲ . ."

"ရွာပြန်ရိက္ခာယူရဦးမယ်ကွ . ."

"ဟာ . . အတော်ပဲ၊ နို့ဖြင့် မေးရဦးမယ်၊ သွားရင်းသာရင်း ယောင်ကြီးဗွေနဲ့ လူနှစ်ယောက် မတွေ့မိဘူးလား"

"ဟာ . . တွေ့တယ်ကွ၊ ငါတို့ သစ်ခုတ်တဲ့ဆီ ရောက်လာတယ်လေ . ."

"ဘယ်တုန်းကလဲ . ."

"ဟာ . . ငါတို့ သည်ထွက်မလာခင်လေကွာ"

"ဟာ . . ဟုတ်ပြီ၊ သူတို့ ခု ဘယ်မှာလဲ . ."

"ထွက်သွားကြပြီ . . ဘာလို့လဲ၊ အော . . ငါတို့ သူတို့နှစ်ယောက်ကို ကြည့်ရတာ အရေးတကြီး တစ်နေရာကို သွားကြပဲ . ."

www.burmeseclassic.com

www.burmeseclassic.com



“ဟေ..”

“ဟင်..”

“ကိုပိုက်ရေ.. သူတို့ လစ်သွားကြပြီဗျ..”

လင်းမြင့်လှိုင်က ပြောလေသည်နှင့်..

“ဘာလို့လဲဗျာ..”

“မင်းမင်းအောင် သေဆုံးတာနဲ့ ပတ်သက်လိမ့်မယ် ထင်တယ်..”

“ဟာ.. မဖြစ်နိုင်တာ၊ မင်းမင်းအောင် သေတာ သူတို့ မသိသေးဘူး မဟုတ်လား”

“ကိုပိုက် အတော်ညံ့တယ်ကလား၊ ကျွန်တော်တို့ သစ်ခြောက်ပင်အောက် သွားကြမယ်.. အပုပ်ကောင် အနံ့ရတယ် သွားကြည့်ကြမယ်ဆိုတော့ သားကောင်တစ်ကောင် သေလို့ ပုပ်နေတာ ဖြစ်ပါမယ်၊ လာပါဗျာ.. မင်းမင်းအောင်နောက် လိုက်ကြတာပေါ့.. အချိန်မီတုန်းလို့ ပြောတာလေ၊ အဲဒီတုန်းက သူတို့ နှစ်ယောက် မျက်စိမျက်နှာ ပျက်နေကြတာဗျ၊ သူတို့ မင်းမင်းအောင် အဲဒီမှာ သေနေတာ သိထားလို့ ဖြစ်မယ်၊ ခုလည်း ကြည့် လေ.. သည်နေရာကနေ ကျွန်တော်တို့ကို စောင့်မယ်ဆိုပြီ ထွက်သွားကြတယ်၊ သေချာသွားတာ ပြောမယ်၊ သူတို့ အနေ တကြီး အမှုအရာတွေနဲ့ သွားကြတယ့်ဆိုတာ စဉ်းစားစရာ မဟုတ်လား”

သို့ လင်းမြင့်လှိုင်က ပြောလေ၏။

“ဟုတ်ပါတယ်ဗျာ၊ နို့ပေမင့်လို့ ကျွန်တော်တော့ သူတို့ နောက် လိုက်သွားချင်တယ်၊ အလျင်မီပေါ့”

“မဖြစ်သေးဘူး ထင်တယ် ကိုလင်းရဲ့၊ မင်းမင်းအောင်ကိစ္စ ပြန် ရဲစခန်း အကြောင်းကြားရဦးမယ်လေ”

“အင်း.. ဆရာလေးတို့ ဘာတွေပြောနေကြတာလဲ ဘာဖြစ်လို့လဲ..”

တာပုနှင့် တာပလူးက ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်၍ အံ့သြတကြီး မေးလေ၏။

သို့ဖြစ်၍ ကျွန်တော်သည် မင်းမင်းအောင်အလောင်း တွေ့သည့်ကိစ္စကို ပြောလိုက်ချေ၏။

“ဟာ.. မင်းမင်းအောင်ဆိုတာ.. ‘ဆပုဂံ’ ရွာကလား”

“ဟုတ်တယ်.. သိလား..”

“သိတာပေါ့၊ အဲ.. သိတယ်ဆိုပေမင့် တစ်လောလေး မှ စခန်းကို ရောက်လာတယ်လေ၊ အဲ.. သူပြောတာ ဝက်စွယ် က်ကွင်း သူမှာ ရှိသတဲ့၊ ရောင်းချင်လို့တဲ့”

“ဘာ..”

“ဘယ်လို”

ဝက်စွယ်နက်ကွင်း ဆိုသည်ကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော် လွန်မင်းစွာ စိတ်ဝင်စားသွားတော့၏။ ကျွန်တော့်တွင် ဝက်စွယ်နက်ကွင်းကို စမ်းလိုက်မိ၏။

“ဟုတ်ပြီ.. ပြောပါဦး ဝက်စွယ်နက်ကွင်းဆိုတာ မင်းတို့ ကို သူ ပြတာလား”

“ပြတော့ မပြဘူး၊ ရှိတယ်.. ရောင်းမယ်ပြောတယ်”

“သည်တော့..”

www.burmeseclassic.com

www.burmeseclassic.com



"သည်တော့ ကျွန်တော် ဖားအိုသားလေး စိုးဝင်း
လမ်းညွှန်ပေးလိုက်တယ်လေ"

"တရုတ်သောင်းစိန်နဲ့ မယားညီအစ်ကိုလား"

"ဟုတ်တယ်၊ သူက အဲဒီလို ပစ္စည်းတွေကို အရော
အဝယ်လည်း လုပ်တတ်တယ်"

"သည်တော့. ."

"သည်တော့ သူ ကျွန်တော်တို့တဲမှာ တစ်ညအိပ်
နောက်နေ့ ထွက်သွားတယ်"

"ဘယ်သွားလဲတော့ မသိဘူး"

"ဟား . . ဟုတ်ပြီ နို့ဆိုလျှင် တာပလူး ငါတို့ကို ကူညီကွ

"ပြောလေ. ."

သို့ဆိုလျက် တာပုနှင့် တာပလူးတို့ခေါ်၍ မင်းမင်းအော
အလောင်း ရှိရာသို့ သွားလိုက်၏။

လင်းမြင့်လှိုင်တစ်ယောက် မရွံ့မရှာ မင်းမင်းအော
အလောင်းကို ကိုင်တွယ်စမ်းသပ် တစ်စုံတစ်ရာကို ရှာဖွေနေလေ၏

"ဘာလဲ. . ဝက်စွယ်နတ် ရှိမလားလို့. . ဟုတ်လား. .

"ဟုတ်တယ်. . ရှာလို့သာ ရှာရတယ်၊ မရှိလော
တော့ပါဘူးဗျာ"

"ကဲ. . တာပု. . တာပလူး မင်းတို့တွေ မီးလောင်ကု
ကို ပြန်ကြပြီးတော့ သူကြီးကိုပြော၊ ပြီးတော့ ရဲစခန်းသွ
အကြောင်းကြားကြချေ၊ ရော့. . သည့်တွက် မင်းတို့ သုံးဖို့. .

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သူတို့နှစ်ယောက်အ
ငွေသား နှစ်သောင်း ထုတ်ပေးလိုက်ချေ၏။



"တာပလူး အားကြီးလော်. ."

ကျေးဇူးများကြီးတင်ပါတယ်ပြောပြီး တာပုနှင့် တာပလူး
သည် ရွာဘက်ဆီသို့ ခပ်သွက်သွက် ထွက်သွားကြတော့၏။

အတော်အားကိုးလောက်သည့် မိတ်ဆွေနှစ်ယောက်
ဖြစ်ချေ၏။

"ကျွန်တော်တို့ မရမ်းမြောင်ဘက် သွားကြမယ်၊ အဲဒီမယ်
သစ်ခုတ်သမားတွေ ရှိတယ်ဆိုတော့ ယောင်ကြီးဖွေတို့အကြောင်း
မေးလို့ ရနိုင်တယ်၊ တာပုတို့နဲ့တောင် ဆုံခဲ့သေးတာပဲ"

"ဟုတ်ပြီလေ. ."

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မရမ်းမြောင်သို့
ခြေလှမ်းသွက်သွက် လှမ်းလိုက်ကြချေတော့၏။

မရမ်းမြောင်သို့ တောတိုးလာခဲ့ကြရာမှ မရမ်းမြောင်ဝ
သို့ ရောက်သည်တွင် လူတစ်ယောက်နှင့် ဆုံပြန်လေ၏။

"ဘယ်က လာလို့ ဘယ်သွားမလဲ. ."

လင်းမြင့်လှိုင်က မေးလိုက်၏။

"ဒါ ငါက မေးရမှာကွ. ."

အလိုလေးဗျာ. . ဘယ်လိုလူပါလိမ့် သို့ကြောင့် ကျွန်တော်
စေ့စေ့ကြည့်လိုက်၏။ အရပ်သေးသေးညှက်ညှက်နှင့် အသား
ညိုးမည်း၊ ခေါင်းလုံးလုံး၊ မျက်လုံးပြူးပြူး သူ့တွင် ဓားမ
တစ်ချောင်းနှင့် စတီးသံကြိုးခွေတစ်လိပ်ကို လက်တွင်းလျှို၍ ပခုံး
တွင် ချိုင်းလွယ်ထားချေ၏။

"ဟဲ. . ဟဲ. . တစ်မျိုး မထင်ပါနဲ့ကွာ၊ ငါက သည်ဘက်က
ဟုတ်ဘူးကွ ရခိုင်က လာတာ. ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် လင်းမြင့်လှိုင်က သူ့အား စေ့စေ့ကြည့်နေ လေခြင်းကြောင့် ထိုသူက ဤပြောလာလေ၏။

"အဲ့လိုလုပ်ပါ၊ ကဲ ပြောဗျား . . ဘာကိစ္စရှိလဲ"

လင်းမြင့်လှိုင်က ခပ်တည်တည် မျက်နှာလေးဖြင့် မေး လိုက်၏။

"ကျုပ် သည်တောမယ် ဆင်လာဖမ်းတာ . ."

"ဘာ"

"ဟင်"

ဘုရားရေ . . ဆင်ဖမ်းမည့်သူတဲ့ တစ်ယောက်တည်း လူက သေးသေးညှက်ညှက် သူ့တွင် စတီးကြိုးခွေသာ ပါ၏။ ဓားမ တစ်ချောင်းသာ ပါ၏။

ကျွန်တော် သရော်ပြုံး ပြုံးလိုက်ချေပြီး . .

"ဘာလဲ . . ဆင်ကောင်ကို လက်သီးနဲ့ထိုး မေ့လဲသွားရင် ကြိုးနဲ့ချည် ဆွဲသွားမှာလား"

လို့ နောက်ပြောင်မေးလိုက်၏။

"ဟင်း . . ဟင်း . . ဟင်း . . ခင်ဗျားကြည့်ရတာ ခပ်ညံ့ ညံ့ထဲက ဖြစ်မယ်၊ သည်မယ် စတီးကြိုးခွေ တွေ့လား . . ကျော ကွင်းနဲ့ ဖမ်းမှာကွ . ."

"ဗျာ . ."

"ဘယ်လို . ."

"မင်းတို့တွေ သိချင် လိုက်ခဲ့ . ."

"ဟာ . . မလိုက်နိုင်ပါဘူး၊ တော်ပါဗျာ . . ခင်ဗျား



ဘယ်လိုဖမ်းမယ်၊ ကျွန်တော် စိတ်မဝင်စားဘူး၊ ခင်ဗျားကို မေး ချင်တာ တစ်ခုမေးမယ်၊ မှန်မှန်ပြောလျှင်ဖြင့် မနက်ကမှ သွား သားတဲ့ ဆင်ခြေရာ ဘယ်မှာရှိတယ် ပြောပြမယ်"

"ဟော . . တကယ်လား၊ နို့ဖြင့် ပြောချေကွာ . . အဲ မေး ကွာ . . မှန်မှန်ဖြေမယ်"

"ဟုတ်ပြီ ခင်ဗျား ဘယ်ကလာတာလဲ . ."

"မရမ်းမြောင်ဖျားက . ."

"သွားရင်းလာရင်း ယောင်ကြီးဇွေနဲ့ လူနှစ်ယောက် တွေ့ဘူးလား"

သို့မေးလိုက်တော့ ထိုလူသည် တစ်ချက်စဉ်းစားလိုက် ချေပြီး . .

"ဟာ . . ဟုတ်ပြီ . . တွေ့လိုက်တယ်၊ နှစ်ယောက် အမြွာ ညီအစ်ကိုဖြစ်မယ်၊ ရုပ်ချင်းဆင်တယ်"

"ဟုတ်တယ် . . ဘယ်နားတွေ့လဲ ပြောစမ်းပါ၊ ဘယ် ဘက်ကို ထွက်သွားလဲ ပြောစမ်းပါ"

"အင်း မရမ်းမြောင်ဖျားက သွားရင်းလာရင်းတွေ့တာ . . သူတို့ကိုတောင် ငါ မေးလိုက်သေးတယ်၊ ဆင်ခြေရာ တွေ့လား လို့ . ."

"ဟုတ်ပြီ . . ဆက်ပြောပါဦး . ."

"အင်း . . ဆင်နင်းလို့ သေမယ့် မသာလို့ ပြောပြီး ထွက် သွားတယ်"

"ဟား . . ဟား . . ဟား . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သဘောကျစွာ ရယ်လိုက်ပြီး . . .

"ဆင်ဖမ်းမယ့်သူက အဲလိုလူက အဲလိုဆော်ကားသွားတာကို ငြိမ်ခံနေသလားဗျာ"

ကျွန်တော်က မေးလိုက်၏။

ဘုရားရေ . . ခင်ဗျားဆိုလည်း လုပ်မှာလား၊ ကျုပ်က လူဗလံလေးဗျာ၊ ဟိုနှစ်ယောက်က ထွားထွားကြိုင်းကြိုင်း သူတို့ပြောသလို ကျုပ် ဆင်နင်း မခံရဘဲ သူတို့ ထုထောင်းလိုက်တာနဲ့ သေသွားမှာဗျ၊ သည်တော့ အသာလေး အမြီးကုပ်နေရတာပေါ့ အတော်ထွားကြိုင်းတဲ့လူနှစ်ယောက် . . "

"ဟား . . ဟား . . ခင်ဗျား အတော်ရယ်ရတာပေပဲ၊ သူတို့နှစ်ယောက်ထက် ထွားကြိုင်းတဲ့ ဆင်ကိုတော့ ဖမ်းမယ်တဲ့၊ ဒါ ဘယ်လိုဖြစ်နိုင်မှာလဲ . . "

ကျွန်တော်က ပြောလိုက်ပြန်၏။

"ဟ . . တုံးလိုက်တာ ငတုံး၊ ကျုပ်က လူကောင်သေးပေမင့် ဒါတော့ မသေးဘူး၊ ဒါ ရှိတယ် . . "

သို့ဆိုလျက် သူ၏ ဦးခေါင်းကို လက်ညှိုးဖြင့် ထိုးထိုးပြ ပြောလာ၏။

"ပြောပါဦး . "

"ဉာဏ်ကိုသွားသုံးရျှင် ရတယ်လေ၊ ကာယဗလ မရှိပေမင့် ဉာဏ်ရှိတယ်ဗျ၊ ဟဲ . . ဟဲ . . ဟဲ . . "

သို့ဆိုလျက် ကျွန်တော်တို့ အဝါးမှ ထွက်သွားလေသဖြင့် . .



"ဟိတ်လူ နေဦး . "

"အလိုလေးဗျာ . . ခင်ဗျားတို့ သိချင်တာ ပြောပြီးပြီပဲ၊ ကျုပ်ကို ခင်ဗျားတို့ ဆင်ခြေရာ မပြောရင်လည်း ရတယ်၊ ကျုပ်ဘာသာ ရှာမယ် . . "

"ဟာဗျာ . . နို့ကြောင့် နေဦးပြောတာပေါ့၊ ခင်ဗျားကလည်း လူပုစိတ်တိုပေပဲ . . "

"ဘာပြောတယ်ကွ၊ ငါ့လောက်စိတ်ရှည်တာ ရှိမလား"

"ထားပါလေဗျာ၊ ခင်ဗျား သည်လမ်းအတိုင်းသွား၊ ရှေ့တစ်မိုင် မရှိတရှိလောက်မယ် ဝါးတော ရှိလိမ့်မယ်၊ အဲဒီဝါးတောထဲ ဆင်တစ်ကောင် ဝင်သွားပုံရတယ်၊ ဝါးတောအစပ်မယ် ဆင်ခြေရာ တွေ့ရလိမ့်မယ်၊ ဆင်ချေးပုံလည်း တွေ့တယ်၊ အဲဒီသွားချေ"

"အေး . . ကျေးဇူးပဲ . . "

"နို့ဖြင့် နာမည်လေးလည်း ပြောခဲ့ဦးလေ . . "

"ငါ့ကို ဂေါ်မုတ်လို့ ခေါ်ကြတယ် . . "

"ဘာ"

"ဂေါ်မုတ်"

"ဘာ . . ဂေါ်မုတ် . . တစ်မျိုးကြီးပဲ"

ကျွန်တော်က ပြောလိုက်၏။

"နို့ဖြင့် အောင်သန်းလို့ ခေါ်ကွာ၊ ငါကတော့ ဂေါ်မုတ်ဆိုတာပဲ ကြိုက်တယ်၊ ရှာမယ် ဆင်ဖမ်းသမား ဂေါ်မုတ်ဆိုတာ သိသူ ရှားပဲ . . ဟဲ . . ဟဲ . . "

သို့ဆိုလျက် လိမ်ကျစ်လိမ်ကျစ်ဖြင့် ထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ကိုပိုက်ရေ . . ကျွန်တော်တို့ သူပြောတဲ့ မ[...] မြောင်ကသွားပြီး ကသွယ်ချောင်းဘက် တက်ကြတာပေါ့"

သို့ဆိုလျက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မ[...] မြောင် ရှိရာသို့ ထွက်ခဲ့ကြချေတော့သည်။

ဘာဝေးတာမှတ်လို့ မိနစ်ဝက်သာသာ လျှောက်ရသ[...] မရမ်းမြောင်သို့ ရောက်ခဲ့ကြတော့၏။

မရမ်းမြောင်ပေါက်ဝတွင် ကျွန်တော်တို့ ခေတ္တမျှ [...] နေလိုက်ကြ၏။ ဝီစကီတစ်ပြားကို ထုတ်၍ သောက်လိုက်[...] သည်။ တစ်ပြားမကုန်မီမှာပင် မရမ်းမြောင်တွင်း ဝင်ခဲ့ကြ၏။

မရမ်းမြောင်သည် အတော်ကလေး အကျယ်သ[...] ကလား၊ ရေစီးအနည်းငယ်မျှသာ ရှိချေ၏။ တစ်ဖက်နံရံတို့[...] ကြက်ခြမ်းသီးပင်နှင့် ဆေးမြင်းခွာပင်များ ပေါက်လျက် ရှိသည့်[...] တောရှောက်ပင်များလည်း နံရံအစပ်တွင် ပေါက်လျက် ရှိချေ[...]

ဆေးမြင်းခွာ ဆိုရာတွင် အနက်ပင်များ ဖြစ်ချေ[...] ဆေးဖက်ဝင်သည် ဆိုပေမင့် မည်သို့ သုံးရသည်ကို မသိ[...] သောကြောင့် ကျွန်တော် စိတ်ဝင်စားခြင်း မရှိ။ သို့ပေမင့် . . [...]

စိုစွတ်သောနံရံ စိုထိုင်းထိုင်း ချောင်းတွင်း လျှောက်ခဲ့[...] သည်ကြောင့် အေးစိမ့်စိမ့် ဖြစ်လာရ၏။

လင်းမြင့်လှိုင်က ရှေ့က ကျွန်တော်က နောက်က ဖြစ်[...] ၏။ ချောင်းအတွင်း ကျောက်တုံးကြီးငယ်များ ရှိခြင်းအ[...] ကျောက်တုံးတို့တွင် ရေညှိများ ကပ်နေခြင်းကြောင့် ဟန်ချ[...] ပျက် လူလဲကျသွားမည်ဖြစ်၍ ကိုယ်ထိမ်းလျှောက်ခဲ့ကြရ၏။



သို့တောင်မှ ကျွန်တော် အကြိမ်ကြိမ် အလီလီ ခြေချော်ခဲ့သေး၏။ လဲပြိုခြင်းတော့ဖြင့် မရှိပါချေ။

ကျွန်တော် တွက်လိုက်မိ၏။

တကယ်လို့ ကျွန်တော်တို့ရှေ့တွင် သားရဲကောင်တစ်ကောင် ပေါ်လာပါက ခက်ရချည့်၊ ပြေးထွက်ဖို့ ဆိုရာတွင် မတော့ လုံးဝမဖြစ်နိုင်ပါ။

"ကိုပိုက် . . ဖြည်းဖြည်းလျှောက် ချော်လဲရင် ကိုယ့်ပဲ ဒုက္ခရောက်မှာ သိတယ်နော်"

သို့ လင်းမြင့်လှိုင်က သတိပေးလေ၏။

သူကတော့မှု တစ်ချက်ကလေးမျှ ဟန်ချက်ပျက်သွားခြင်း မရှိပါချေ။ သို့မှ ကျွန်တော်တို့သည် ကသွယ်ချောင်းသို့ ရောက်ခဲ့ကြ၏။ ကသွယ်ချောင်းတွင် လင်းမြင့်လှိုင်သည် သဲလွန်စ ရှာဖွေလေသည်တွင် . . .

"ဒါ ဘာပါလိမ့် . ."

မြေကြီးတွင်းမှ အရာဝတ္ထုတစ်ခုကို လှမ်းကော်ထုတ်လိုက်၏။

ကျွန်တော် စပ်စုလိုသဖြင့် လင်းမြင့်လှိုင်အနား သွားလိုက်၏။ အလိုလေးဗျာ . . ဝက်စွယ်တစ်ချောင်းပါကလား။ အဖျားပိုင်းပဲ၊ အဖျားပိုင်းကို ဆေးနက်သုတ်ထားခြင်း ဖြစ်၏။

"ဒါ . . ဒါ . ."

သို့ဆိုလျက် ကျွန်တော်သည် ဘောင်းဘီအိတ်တွင်းမှ ဝက်စွယ်တစ်စုံကို ဆွဲထုတ်လိုက်၏။

www.burmeseclassic.com



ထိုဝက်စွယ်တွင်လည်း အဖျားဆေးသုတ်ထားခြင်း ဖြစ်၏။ ဘယ်လိုကြောင့်ပါလိမ့်။ ပြီးတော့ ဝက်စွယ်နက်တွင်း ဆိုပြီး ယောင်ကြီးဗွေတို့ ညီအစ်ကိုနှစ်ယောက်က တပ်မက်နေကြပါကလား. .။

"ကိုလင်း သည်ဝက်စွယ်ကလည်း ကျွန်တော့်ရှိတဲ့ ဝက်စွယ်လိုပဲ အဖျားပိုင်း ဆေးနက်သုတ်ထားတယ်ဗျ၊ ဘယ်လိုကြောင့်ပါလိမ့်. ."

သို့ ကျွန်တော် သိလိုသဖြင့် မေးလိုက်ခြင်း ဖြစ်၏။

သည်တွင်. . .

"ဝုစ်"

"ဟာ"

ကာ်သီပေလို့ လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့နှစ်ယောက်သား ခေါင်းချင်းဆိုင်နေကြသည်တွင် မြားတံတစ်စင်းက ကျွန်တော်တို့အနားမှ ဖြတ်ကျော်သွားကာ ကသွယ်ချောင်း နံရံရှိ သစ်ဝင်အမြစ်တစ်ခုသို့ သွားစိုက်နေချေတော့၏။ ကျွန်တော် ကပျာကသီပင် ထိုမြားတံကို သွားရောက်ဖြုတ်ယူကြည့်လိုက်တော့၏။

မြားတံသည် ဝါးဖြစ်ချေပြီး အဖျားတွင်မူတော့ သံဖြင့်ကွပ် အချွန်ပြုလုပ်ထားခြင်း ဖြစ်၏။

စနစ်တကျ လုပ်ထားခြင်းကို ကြည့်ခြင်းအားဖြင့် ထိုမြားတံရှင်သည် လွန်မင်းစွာ မြားကို ကျွမ်းကျွမ်းကျင်ကျင် ပစ်ခတ်တတ်သူ လက်နက်အဖြစ် ကိုင်ဆောင်တတ်သူ ဖြစ်ကြောင်း သိလိုက်၏။



ထိုမြားတံဖြင့် တန်ရုံတိရစ္ဆာန်ကောင်တို့ကို ပစ်ခတ်၍ နိုင်လောက်၏။

"ကိုလင်း သည်မြားတံရှင်က ကျွန်တော်တို့ကို တမင်သက်သက် ပစ်ခတ်လာခြင်းများလား၊ နို့မဟုတ်ဘဲ အခြားတစ်နေရာ ပစ်မှတ်ကို ပစ်လိုက်ရာကနေ ချော်ထွက်လာတာလားဆိုတာ မသိရပေဘူးဗျ၊ ကျွန်တော်တို့ လိုရမယ်ရ ဆိုသလို သတိထားချေဦးဗျာ. ."

"ကဲ. . ကိုပိုက်ရေ. . ကျွန်တော်တို့ ရှေ့နားကျရင် ကမ်းပေါ်တက်ကြတာပေါ့ဗျာ"

သို့ပြောလေသည့်အတိုင်း ကသွယ်ချောင်းတွင်း ခပ်သိမ်းလှမ်းမျှ လျှောက်ခဲ့ကြပြီးနောက် ချောင်းကမ်းနံရံပေါ်သို့ တက်လိုက်ကြ၏။ ချောင်းကမ်းနံရံပေါ်တွင် မြက်ရိုင်းပင်များ ရှိ၏။ သည်ကစို. . ခြောက်သည်ကခြောက် ရှိကြ၏၊ တောင်ကြောတစ်လျှောက် ဖြစ်၏။ သစ်ပင်ကြီးဆိုလို့ ပင်စည်လုံးပတ် လေးမေသာသာလျှင် ရှိကြ၏။

သစ်ပင်ကြီး အပေါက်နည်းချေ၏။

ကွစ်. . ကွစ်. . ကွစ်. .

ကွစ်. . ကွစ်. .

မျောက်သည် သစ်တစ်ပင်ထက်မှ သို့ အော်ဟစ်ရင်း ကျွန်တော်တို့ကို ကြည့်နေလေ၏။

ကျွန်တော်တို့ကို မြင်၍ ထိတ်လန့်တကြား အော်ဟစ်နေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သည်ကောင်ကွာ. ."

သို့ဆိုလျက် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်မည် ပြုလေသည့် အချိန်လေးမှာပင်. . .

"ဟာ. ."

"ဟင်"

မျောက်ကောင်သည် ထိုအပင်မှ အောက်သို့ ပြုတ်ကျ လာချေ၏။

"ဘယ်လိုလဲဗျ၊ ပစ်တောင် မပစ်ရသေးဘူး"

ကျွန်တော်က သို့ အံ့သြတကြီး ပြောရင်း ထိုမျောက်ကောင် ပြုတ်ကျသည့် နေရာသို့ သွားလိုက်၏။

ဘုရားရေး .

မျောက်ကောင် မြားစူးခံရလေသဖြင့် ပြုတ်ကျလာခြင်း ဖြစ်ချေ၏။

ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်၏။

အလိုလေးဗျာ. . လူငယ်တစ်ယောက်ပါကလား မြားကိုင်းကို လွယ်ထား၍ လျှောက်လာနေ၏။

သူ ပစ်လိုက်သော မျောက်ကောင်ကို လာကောက်ခြင်း သာ ဖြစ်ချိမ့်မည်။ အနားသို့ ရောက်လာသည်တွင်. . .

"အားနာပါတယ်၊ ဒါ ကျုပ် ပစ်လိုက်တာပါ"

သို့ဆိုလျက် မြားစူးမျောက်ကို ကောက်ယူလိုက်ချေ၏ မည်သည့်စကားမျှ မပြောလေဘဲ မျောက်ကောင်ကို ထမ်း၍ ထွက်သွားချေတော့၏။



"ဟိတ်"

"ခဏနေဦး. ."

ကျွန်တော်က လှမ်းခေါ်ဟန့်တားလိုက်၏။

သို့ဆိုတော့ ထိုသူငယ် ရပ်တန့်ကာ လှမ်းကြည့်လာ လေပြီး . .

"ကျုပ်ကိုလား. ."

မေးလေ၏။

"အင်း. ."

သည်တော့ မှုန်တေတေ မျက်နှာပေးပြင့် ကျွန်တော်တို့ ထံ ပြန်လျှောက်လာတော့၏။ အနားရောက်သည်တွင်. .

"ဘာကိစ္စလဲ. ."

သူ့အသံ ကြားခြင်းအားဖြင့် ကျွန်တော်တို့အပေါ် ကျေနပ်မှု မရှိသည်ကို သိသာနိုင်လေ၏။

ကျွန်တော်က ကျွန်တော့်တွင်ရှိ မြားတံကို ထုတ်ပြလိုက် ပြီး. . .

"ဒါ မောင်ရင် ပစ်လိုက်တာလား"

သူက ခေါင်းကို ခါယမ်းလိုက်ချေပြီး . .

"မဟုတ်ဘူး"

ပြောလေ၏။

"မင်းပဲ မြားကိုင်တာ ဘာငြင်းချင်တာတုံး. ."

သို့ ကျွန်တော်က ပြောလိုက်သည်တွင် ထိုသူငယ်က ကျေမနပ် ကြည့်လာချေပြီး. .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မှန်တာပြောတာ၊ ယုံယုံ . . မယုံယုံ မတတ်နိုင်ဘူး၊ ကျုပ် သွားတော့မယ်"

သို့ဆိုလျက် လှည့်ထွက်သွားမြန်၏။

"ချောက်"

ကျွန်တော်က သေနတ်ဖြင့် လှမ်းချိန်ရင်း သေနတ်မောင်းကို တင်လိုက်သည်တွင် . .

"အဲဒါ ကျုပ်မြားတံ မဟုတ်ဘူး . ."

သို့ဆိုလျက် သူ့ကျောတွင် လွယ်ပိုးထားသည့် မြားတံများမှ တစ်ချောင်းကို ထုတ်ယူကာ လှည့်မကြည့်လေဘဲ နောက်ပြန်ပစ်၍ ထားခဲ့ချေတော့၏။

ကျွန်တော် ကောက်ယူကြည့်လိုက်၏။

ဘုရားရေ . .

ကျွန်တော်တို့ အမှားကြီး မှားပြီကို သိလိုက်တော့၏။

သူ့မြားတံသည် ဝါးဖြင့်သာလျှင် အဖျားမှိုင်း ချွန်ထားခြင်း ဖြစ်ချေ၏။

လင်းမြင့်လှိုင်က ကျွန်တော့်လက်ထဲမှ မြားတံကို တောင်းယူကြည့်လိုက်ချေပြီး . .

"သည် ဒီမြားတံက မျှင်ဝါးအရင်းပိုင်းကို လုပ်ထားတာပေပဲဗျာ . ."

လို့ ပြောလာချေတော့၏။

"နို့ကြောင့်လည်း အလေးချိန်စီး ပစ်အားကောင်းတာကိုး"

သို့ ကျွန်တော်ကလည်း ပြောလိုက်၏။



"သူ မဖြစ်နိုင်တာ သေချာတယ် . ."

လင်းမြင့်လှိုင်က ပြော၏။ ကျွန်တော်တို့သည် သည့်နောက် သူသွားရာလမ်းကြောင်းသို့ လိုက်သွားကြချေ၏။

ထိုလူငယ်က လမ်းလျှောက် မြန်လေ၏။ ကျွန်တော်တို့ အမြင်မှ ခဏလေးအချိန်မှာပင် ပျောက်ကွယ်သွားတော့၏။

ချုံပုပ်ပင်တို့သည်လည်း ရှုပ်ရှုပ်ထွေးထွေး ဖြစ်လာလေသည်ကို။ ကျွန်တော်တို့ နှစ်ယောက်လည်း ချုံပန္နယ်ပင်တို့ကြားတိုးဝှေ့ လျှောက်ခဲ့ကြရာမှ . .

"ဝှစ်"

"ဟာ"

"ဟင် . ."

လာပြန်ချေပြီ၊ ကျွန်တော်တို့ မျက်နှာနားကပ်၍ ဖြတ်သန်းသွားကာ နံဘေးသစ်ပင်ဆီသို့ မြားတံ တစ်ချောင်း စူးနစ်ဝင်သွားချေတော့၏။

မြားသွားရာ လမ်းကြောင်းသို့ ကြည့်လိုက်၏။

အလို . . လူငယ်လေးပါကလား။ သူ ပစ်လိုက်ခြင်း ဖြစ်၏။

"ဘာလို့လဲကွ . ."

ကျွန်တော်က မကျေမနပ် လှမ်းမေးလိုက်၏။

"အဲ့ဒီကနေ ပြန်လှည့်သွားကြစမ်းပါဗျာ . ."

ဘုရားရေ . . ကျွန်တော်တို့ကို သတိပေး ခြိမ်းခြောက်လိုခြင်းများလေလား။ သို့ကြောင့် . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွ. . မင်း အာပြောတယ်. ."

"ဗမာလို ပြောလိုက်တာ၊ ခင်ဗျားတို့ ရှေ့ဆက် မသွားဖို့ ပြောတာလေ. ."

"ဘာပြောတယ်ကွ၊ ငါတို့ကို တားမြစ်ဖို့ မင်းမယ် အရည်အချင်းတွေ ရှိလို့လား၊ ကဲ ပြော မင်း ဘာအရည်အချင်း ရှိလို့လဲ"

သူက ခေါင်းကို ခါးယမ်းလိုက်ချေပြီး . .

"ကျုပ်ရဲ့ အရည်အချင်းကလား. . ကိုယ်တိုင် ပြောတာထက် ခင်ဗျားတို့ မျက်မြင်ဆိုလျှင် သိနိုင်မလား. ."

သို့ ပြောလာသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို စေ့စေ့ပြုံးပြလိုက်၏။

အတော်လာတဲ့ ကောင်လေးပါကလားလို့ပေါ့။

သည်တွင် လူငယ်လေးသည် ကျွန်တော်တို့ကို ကြည့်ပြုံးပြလာချေပြီး . .

"ကျုပ် ဘာကြောင့် အဲလိုလုပ်ရသလဲဆိုတာ သိချင်လျှင် ရှေ့နည်းနည်း လျှောက်ကြည့်လိုက်လေ"

သို့ ပြောပြီး ထိုနေရာမှ ပြေးထွက်သွားချေတော့၏။

"တောက်"

ကျွန်တော်တို့ကို ပမာမခန့် လုပ်သည် ထင်လိုက်သဖြင့် တောက်ခေါက်လိုက်မိခြင်း ဖြစ်တော့သည်။

"ကိုပိုက် သည်လောက်လည်း ဒေါသထွက်မနေပါနဲ့ဗျာ သူပြောသလို ရှေ့နည်းနည်း လျှောက်ကြည့်ကြရတာပေါ့"



သို့ဆိုလျက် လင်းမြင့်လှိုင်သည် ရှေ့ဘက်သို့ လျှောက်သွားတော့၏။

အတန်ကြာ လျှောက်ခဲ့ပြီးသည်တွင် . .

"ဟာ"

"ဟင်"

ကျွန်တော်တို့ ရှေ့လျှောက်လမ်းတွင် တောဆင်ရိုင်းကြီး တစ်ကောင် ရှိနေပါကောလား။ ဝါးရုံအုံငယ်ပင်မှ အရွက်များကို နှာမောင်းဖြင့် ဆွဲယူစားသောက်နေခြင်း ဖြစ်၏။ အစာမက်နေခြင်းကြောင့် ကျွန်တော်တို့ကို မမြင်မိခြင်း ဖြစ်ခဲ့၏။

သို့ဆိုတော့ လင်းမြင့်လှိုင်ကော ကျွန်တော်ပါ ခြေလှမ်းများ ရပ်တန့်သွား၏။ တိတ်တိတ်နေရင်း ငေးကြည့်နေမိ၏။

"ဘယ်လိုလုပ်မလဲ. ."

"ရှောင်သွားတာ ကောင်းပါတယ်. ."

သို့ လင်းမြင့်လှိုင်က ပြောသည်းပြော နောက်သို့လည်း လှည့်လိုက်ချေတော့၏။

ကျွန်တော်တို့ တောဆင်ရိုင်းကောင်ကြီးနှင့် လှမ်းလှမ်းသို့ ပြန်ရောက်သွားသည်တွင်မတော့. .

"ငနဲကြီးတွေ. . ကျုပ်ကို ကျေးဇူးတင်ရမှန်း မသိပါကလား"

သို့အသံ လာရာသို့ လှမ်းကြည့်လိုက်၏။

အလိုလေးဗျာ. . လူငယ်လေးပါကလား၊ ကျွန်တော်တို့ကို သတိပေး တားလာသည့် လူငယ်လေး ဖြစ်ချေ၏။

"အေး. . ကျေးဇူးတင်ပါတယ်ကွာ၊ မင်းတို့ကို မပြော

www.burmeseclassic.com



လည်း ရှေ့ဆက်သွားမယ် ဆိုလျှင်ဖြင့် တွေ့ကြမှပါ၊ ငါတို့မ
သေနတ်တွေ ပါလာတယ်လေ"

သို့ဆိုလျက် ကျွန်တော်က သေနတ်ကို လှမ်းပြလိုက်
"ကျေးဇူးတင်ရမှာစိုးလို့ အဲလို ပြောတာလား . ."
"ဟာ . . ဟုတ်ပါဘူး . . မဟုတ်ပါဘူး . ."
လင်းမြင့်လှိုင်က သို့ ကမျာကသီ ဝင်ပြောလာချေတော့
လင်းမြင့်လှိုင်ကို ထိုလူငယ်က စေ့စေ့ကြည့်လာချေပြီး
"ကျွမ်းကျင်တဲ့ မုဆိုးဖြစ်မယ်"
"သည်လောက်ကြီး မဟုတ်ပါဘူး"
လင်းမြင့်လှိုင်က ပြန်ပြောလိုက်၏။
"ကျွန်တော် သင်ယူချင်ပါတယ်"
သို့ပြောရင်း သစ်ပင်ပေါ်မှ ဆင်းလာခဲ့ချေတော့၏
"ဟင်း . . ဟင်း . . ရပါတယ် ချာတိတ်ရာ . ."
လင်းမြင့်လှိုင်က သို့ပြောပြီး သူ့လက်တွင်းမှ သေန
ကို လျှပ်တစ်ပြက် မိုးပေါ်သို့ ထိုးချိန်လိုက်ကာ.
"ဒိန်း . ."
"ဘုတ်"
အလိုလေးဗျာ . . လူငယ်သာလျှင် မဟုတ်၊ ကျွန်
လင်းမြင့်လှိုင်ကို တအံ့တသြ ကြည့်လိုက်၏။
"မိုးပေါ်မယ် ငှက်ရှိတယ်ဆိုတာ မော့မကြည့်ဘဲ ဘယ်
သိလိုက်လဲ . ."
ကျွန်တော်က မေးလိုက်၏။ ကျွန်တော့်အမေးလို
လူငယ်က မေးလိုခြင်း ဖြစ်၏။



"မြေပြင်မှာ ငှက်ကောင်ရဲ့ အရိပ်ကို တွေ့လိုက်တယ်
လေ . ."
ဘုရားရေ . .
သို့ကြောင့် လင်းမြင့်လှိုင် ဖြစ်နေသည်များလား။
လူငယ်လေးက ဒူးကွေး ရှိသေဦးညွှတ်လိုက်ကာ . .
"ကျွန်တော် တောင်းပန်ပါတယ်၊ သဘောပေါက်သွား
ပါပြီ၊ နို့ကြောင့် . ."
သို့ဆိုလျက် လူငယ်သည် သူ့ခါးကြားတွင် ထိုးထားသည့်
ဝတ်စွယ်တစ်ချောင်းကို ထုတ်ပေးလေတော့၏။
"ဘုရားရေး . ."
အဖျားပိုင်း ဆေးနက် ခြယ်ထားသည့် ဝက်စွယ်
တစ်ချောင်းပါကလား။
ကျွန်တော် လင်းမြင့်လှိုင်ကို ပြလိုက်၏။
"သည်က ဝက်စွယ်တွေ ကြည့်ရတာ အဖျားကို ဆေးနက်
သုတ်ထားတာချည်းပဲဗျ၊ ဘာသဘောလဲ မသိဘူး"
ကျွန်တော်က မေးလိုက်၏။
"သည်မယ် ကောင်လေး တစ်ခု မေးလို့ရမလား"
"မေးပါ . ."
"သည်ဝက်စွယ်က ဘာလို့ အဖျားပိုင်း အနက်ရောင်
သုတ်လိမ်းထားရတာလဲ"
သို့ ကျွန်တော်က မေးလိုက်သည်တွင် လူငယ်လေး
၏ မျက်နှာ အတော်ပျက်သွားချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျွန်တော့်ကို သေသေချာချာ ကြည့်လာပြီး . .

"ဘာပြောတာပါလိမ့် အနက်ရောင် ဆေးသုတ်ထားတာ တဲ့လား . ."

"မဟုတ်ဘူးလား . ."

"ဘုရားရေ . . ဘယ်လိုဖြစ်နိုင်မှာလဲ သူ့မူရင်းပုံစံပါဗျ ကျုပ် သည်ဆရာကို လေးစားလို့ ပေးတာ . ."

"ဟင် . ."

"အို"

သို့ဆိုတော့ ကျွန်တော်သည် ထိုဝက်စွယ်ဖျားနေရာ ယောင်ကြီးဗွေ လုပ်သလို ဓားဖြင့် ခြစ်ကြည့်လိုက်၏။

ဘုရားရေ . . ဟုတ်ပါ့၊ ဆေးသုတ်ထားခြင်း မဟု သဘာဝ ဖြစ်နေခြင်းပင်။

"ဒါ . . တန်ဖိုးကြီးတယ် မဟုတ်လား"

"ဟုတ်တယ် . . နို့ပေမင့် ဘယ်နေရာမယ် သုံးရတ ဆိုတာ ကျုပ်လည်း မသိသလို ဘယ်သူမှလည်း မသိကြသေး ထင်ပါရဲ့ . ."

"ဟာ . ."

"ဘယ်လို . . ဘယ်လို . ."

ကျွန်တော် လုံးဝ နားမလည်နိုင်ပါချေ။

"သည်ဝက်စွယ်ကို လိုချင်တဲ့သူတွေ ရှိတယ် . ."

"နို့ဖြင့် ဘာလို့ ငါတို့တို့ သည်လောက် တန်ဖိုးကြီး ပေးရတာလဲ"



"စေတနာရှိပြီး . . လေးစားလို့ပေါ့ဗျာ၊ နို့တောင်မှ တစ်ချောင်းပျောက်သွားလို့"

အလိုလေးဗျာ၊ သို့ဆိုတော့ ကျွန်တော်သည် ကောက် ရထားသော ဝက်စွယ်တစ်ချောင်းကို သတိရလိုက်တော့၏။

ထိုသည်လည်း အစစ်ဖြစ်ချိမ့်မည်။

သို့မှ လူငယ်လေးသည် လှည့်ထွက်သွားချေတော့၏။ ကျွန်တော်တို့ တားဆီးချိန်ပင် မရလိုက်ပါချေ။ လူငယ်လေး အတော်ဝေးဝေးသို့ ရောက်သွားချေပြီ ဖြစ်၏။

ကျွန်တော်သည် ထိုဝက်စွယ်ကို ကြည့်၍ ယခင် ရထား သော ဝက်စွယ်နှစ်ချောင်းနှင့် ယခုရသော တစ်ချောင်းတို့ကို အတူ ဘောင်းဘီအိတ်ထဲ ထည့်လိုက်တော့၏။

"သည်ကောင်လေး ကြည့်ရတာ တစ်မျိုးပဲဗျ"

သို့လင်းမြင့်လှိုင် ပြောလာသဖြင့် . .

"ဘယ်လိုလဲဗျာ . . ရှင်းပြပါလား . ."

"အော် . . သူ့မယ် နောက်ဆံတင်းစရာ ရှိတဲ့ ပုံပေပဲဗျ ကျွန်တော်တို့နဲ့သာ စကားပြောနေရတယ်၊ သူ့မျက်လုံးက ဂဏာ ငြိမ် ဖြစ်နေပုံဗျ၊ သူ့နောက်ကို တစ်ယောက်ယောက် လိုက်နေ တာကို ရှာနေတဲ့ပုံဗျ၊ နောက်ကျောမလုံတဲ့ ပုံဗျ . ."

"ဗျာ"

သို့ လင်းမြင့်လှိုင် ပြောလာသဖြင့် ကျွန်တော် အံ့သြမိ တော့၏။

"ကိုပိုက်ရေ . . ကျွန်တော်တို့ သွားကြစို့ဗျာ . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမှာတုံး ကိုလင်းရဲ့ . ."

"ပြောစရာ လိုသေးလားဗျာ၊ ယောင်ကြီး ယောင်လေး တို့ကို တွေ့ဖို့ အရေးကြီးတယ်"

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ရှေ့ဆက် တောတိုးခဲ့ကြပြန်၏။ သို့ဆိုရာတွင် မြားကိုင် လူငယ်လေး ထွက် သွားရာ လမ်းကြောသို့ပင် ဖြစ်ချေ၏။

"သည်ကောင်လေး ဘာကြောင့် တန်ဖိုးကြီးပါတယ် ဆိုတဲ့ ဝက်စွယ် ကျွန်တော်တို့ကို ပေးသွားတာလည်း မသိဘူး"

လမ်းသွားရင်း ကျွန်တော်က မေးလေ၏။

"တန်ဖိုးကြီး ဝက်စွယ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပါဗျာ"

"နို့ပေမင့်လို့ သည်ဝက်စွယ်က ထူးတော့ ထူးသား ကလား။ ဆေးခြယ်ထားတာ မဟုတ်ပေဘူးဗျ"

"နို့ဆိုတော့ တန်ဖိုးကြီးနိုင်သဗျ"

"အင်း . . သည်ကိစ္စ ရသေ့မေ့ပါလနှင့် တွေ့လျှင်ဖြင့် မေးကြည့်ရပေဦးမယ်ဗျ"

သို့ စကားတပြောပြောဖြင့် ကျွန်တော်တို့ ရှေ့ဆက် လျှောက်ခဲ့ကြပြန်သည်တွင် နွယ်တို့ ယှက်နွယ်နေသော တော စိမ်းစိမ်းစိုစိုလေးသို့ ရောက်ခဲ့ကြပြန်သည်တွင် . .

"ကွစ် . . ကွစ် . . ကွစ် . .

ကွစ် . . .

ကွစ် . . ကွစ် . . ကွစ် . ."

"တစ်ကောင်လောက်တော့ ပစ်ချလျှင် ကောင်းမယ်ဗျ"



"ဘာလဲ ကိုပိုက် ဆာနေပြီလား . ."

"ဟုတ်တယ် . ."

"နို့ဖြင့်လည်း မျောက်ကောင်ကိုတော့ မပစ်နဲ့ဦးဗျာ၊ ကျွန်တော် စားစရာတစ်ခု ပစ်ပေးမယ်"

"အလိုလေးဗျာ . . ကျွန်တော်တော့ သစ်ပင်နွယ်တို့ ထက်၌ မျောက်ကောင် အော်ဟစ်လှုပ်ခတ်နေသည်ကိုသာ မြင် ၏။ အခြားသားကောင်ရယ်လို့ မမြင်မိပါချေ။ လင်းမြင့်လှိုင် သားကောင်ကို တွေ့ထားပါလိမ့်။

ကျွန်တော်သည် ပတ်ဝန်းကျင်သို့ စေ့စေ့ကြည့်မိ၏။ မည်သည့် သားကောင်မျှ မတွေ့မိပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြုံးပြလာချေပြီး . .

"ကိုပိုက်က သစ်ပင်ပေါ် ချည်း ကြည့်နေတာကိုးဗျ၊ ကြည့်ယ်ကြည့် . . ဘင်္ဂပင်ကြီးအောက် တွေ့လား"

သို့ကြောင့် ကျွန်တော် သစ်မျိုးစုံအပင်တို့ကြားမှ ဘင်္ဂပင် ရှာလိုက်၏။

"ဟာ တွေ့ပြီ၊ ဘင်္ဂပင်အောက်ခြေတွင် ဝက်သိုက်တစ်ခု တွေ့လိုက်၏။

အရွက်ခြောက်တို့ ပုံလျက်ရှိသည့်ကြားမှ လှုပ်ခတ်နေ သည်ကြောင့် အစွမ်းကုန် မျက်လုံးကို ဖွင့်ကြည့်လိုက်၏။

ဟုတ်ပါ၏၊ တောဝက်မတစ်ကောင် လဲလျောင်းနေပါ သား၊ ကျွန်တော်တို့ကို မြင်ဟန်မတူ။

www.burmeseclassic.com

www.burmeseclassic.com



"သားမွေးမယ့်ဝက် မဟုတ်လား ကိုလင်းရဲ့ ပစ်ဖို့ မ
ပါဘူး"

သို့ ကျွန်တော်က ပြောလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က သူ့သေနတ်ပြောင်းကို
ဝက်မကောင် ရှိရာသို့ လှမ်းချိန်လိုက်သည်တွင် ကျွန်တော်
သည် မကြား၍ ဖြစ်ချိမ့်မည် ထင်၍ ခပ်ကျယ်ကျယ် ထပ်
လိုက်၏။

"သားမွေးတော့မယ့်ဝက်မ ဖြစ်မယ်၊ မလုပ်ပါနဲ့"

"ဒိန်း"

ဘုရားရေ . . လင်းမြင့်လှိုင် ဘယ်လိုဖြစ်သွားပါ
မှုဆိုးစည်းဖောက်လေသည်လား။

"ဟာ"

သို့ပေမင့်လို့ ပြင်းထန်သော ယမ်းအားပေါက်
ထွက်ပေါ်လာပြီးသည်နှင့် တစ်ပြိုင်နက် တောဝက်မသည် အ
တွင်းမှ ရုတ်ခြည်းထပြေးသွားသလို ဝက်သိုက် နောက်
ခပ်လှမ်းလှမ်းရှိ ဘက်ပင်၏ အနိမ့်ဆုံး ကိုင်းထက်မှ တစ်စုံတ
မြေပြင်သို့ ပြုတ်ကျသွားသည်ကို တွေ့လိုက်၏။

"ဘာလဲ . ."

"လာချေဗျာ . . လိုက်ခဲ့ချေ . ."

သို့ဆိုတော့ ကျွန်တော်သည် လင်းမြင့်လှိုင်နောက်
သွားတော့၏။

ဝက်သိုက်ကို ရှောင်ကွင်း၍ နောက်ဘက် ဘ



အခြေသို့ သွားလိုက်ကြ၏။ ဘုရားရေ . . ခေါင်းကြေမွနေသော
ဖွတ်ကောင်ကြီးပါကလား"

"ဝက်မတော့ အသိုက်ပျက်ပြီ ထင်ပါရဲ့ . ."

သို့ ကျွန်တော်က သားမွေးတော့မည့်ဝက်မတွက် စိုးရိမ်
မိသဖြင့် ပြောလိုက်၏။

"မပူပါနဲ့ဗျာ၊ ကျွန်တော်တို့ ထွက်သွားပြီး မကြာလောက်
တဲ့အချိန်မယ် . . သည်ဝက်မ ပြန်ရောက်လာပါလိမ့်မယ်"

"အော် . ."

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ . . ကျွန်တော်
လင်းမြင့်လှိုင် ပြောစကားအရ စိတ်သက်သာ ရလိုက်ချေ၏။

လင်းမြင့်လှိုင်သည် ဖွတ်ကောင်ကို ကောက်ယူရင်း . .

"ကျွန်တော်တို့ သည်အတိုင်းသွားပြီး ရှေ့အထက် လှမ်း
လှမ်းမယ် ချောင်းလေးတစ်ခု တွေ့နိုင်တယ်၊ အဲဒီချောင်းထဲမယ်
ရေရှိလျှင်ဖြင့် ခြေခင်းလက်ခင်းသာတဲ့ နေရာလေးရှာပြီး ခဏ
နားကြမယ်ဗျာ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ဖွတ်သေကို တန်းလန်း
ဆွဲ၍ ချောင်းရှိလောက်သည့် နေရာသို့ ထွက်သွားပြန်၏။
ကျွန်တော် နောက်မှ ကပ်လိုက်သွား၏။

သေနတ်သံကြောင့် သစ်ပင်ထက်မှ မျောက်ကောင်တို့
သည် ဘယ်ရောက်သွားကြလေသည် မသိ ဆိုရပေမင့် ဝေး
လောက်သော သစ်ပင်ထက်တွင်မတော့ မျောက်သားပေါက်
လေးကို ပိုက်ထားသည့် မျောက်မကြီးတစ်ကောင်သည် မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်ဖြင့် ကျွန်တော်တို့ကို ကြည့်ကာ ထိုင်နေသည်ကို တွေ့လိုက်ရ၏။

သူ့အသက်အတွက် စိုးရိမ်နေပုံပင်။

ကျွန်တော်က လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်မည်ဟန် လုပ်လိုက်ပေမြား မျောက်မကြီးသည် ထိုနေရာမှ ပြေးထွက်သွားခြင်း အလျဉ်းမရှိပါချေ။

သို့ကြောင့် . .

"သည်မျောက်မကြီး ဘာဖြစ်နေလဲ မသိဘူး"

လင်းမြင့်လှိုင်က လှမ်းကြည့်လိုက်ချေပြီး . .

"ဒဏ်ရာ ရထားပုံပေပဲဗျ"

သို့ ပြောလည်းပြော လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ထိုမျောက်မကြီးနှင့် အနီးကပ်ဆုံးနေရာသို့ လျှောက်သွားကြလေ၏။

အနီးကပ် ရောက်သွားသည့်တိုင် မျောက်မကြီးက ထွက်ပြေးခြင်း မရှိသဖြင့် နှစ်ယောက်သား စေ့စေ့ကြည့်လိုက်ကြ၏။

"ဟာ"

မျောက်မကြီး၏ ခြေထောက်တွင် မြားတံတစ်စင်း စိုက်နေပါကောလား။ ဘုရားရေ. . မျောက်မကြီးသည် ရင်ခွင်ပိုက်သားငယ်ကို စိတ်မချလေသဖြင့် ဒဏ်ရာပြင်းထန်ပေမြား တင်းခံနေပုံပင်။

"ဘယ်လိုလုပ်မလဲ ကိုလင်း. ."

"မမြင်ရက်စရာပေပဲဗျ. ."



ကျွန်တော် ထိုမျောက်မကြီး၏ ဒုက္ခကို ဘယ်လိုဖြေရှင်းရမည်ကို စဉ်းစားမိသလို လင်းမြင့်လှိုင်သည်လည်း စဉ်းစားနေဟန်တူချေ၏။

အတန်ကြာတွင် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ သေနတ်ဖြင့် မျောက်မကြီးကို ထိုးချိန်လိုက်၏ ။

"ဘုရားရေ. ."

မျောက်မကြီး မျက်ဝန်းမှ မျက်ရည်တို့ စီးကျလာပါကောလား. . ။

သို့မြင်ကွင်းကြောင့် ကျွန်တော် လွန်မင်းစွာ စိတ်ထိခိုက်သွားရချေတော့၏။

"ကိုလင်းရယ် တခြားနည်း စဉ်းစားပါဦး"

သို့ဆိုတော့ လင်းမြင့်လှိုင်သည်လည်း သူ ပြုလုပ်မည့် အစီအစဉ်ကို ပယ်ချလိုက်ပုံရသည်။

မျောက်မကြီးကို ချိန်ရွယ်ထားသော သေနတ်ကို မြေသို့ ငိုက်ချလိုက်တော့၏။ မျောက်မကြီးသည် ကျွန်တော်တို့ကို ကြည့်နေ၏။ ကျွန်တော်တို့သည် မျောက်မကြီးကို ကြည့်နေ၏။

သို့ အပြန်အလှန် ကြည့်နေသည့်ကြားမှ . .

"ခွပ်"

"ဟာ"

"ဟင်"

ဘုရားရေ ခပ်လှမ်းလှမ်း ချုံပင်ရှိရာသို့ နှစ်ယောက်သား လှမ်းကြည့်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေး ထွက်လာ၏။ မြားကိုင်လူငယ်လေး ဖြစ်၏

"ကျွန်တော် သူ့မယ် ရင်ခွင်ပိုက် သားရှိမှန်း မသိဘူးဗျာ ဆာကလည်း ဆာတာနဲ့ ပစ်လိုက်တာ၊ နောက်ကျောက ဆိုတော့ မသိရဘူးလေ. . "

သို့ပြောရင်း လူငယ်လေး အနားသို့ ရောက်လာ၏။

မြေပြင်သို့ ပြုတ်ကျလာသည်တွင် မျောက်မကြီး ပိုက် ထွေးထားသော မျောက်သားပေါက်လေးသည် မိခင်မျောက်မကြီး ၏ လက်အစုံဖြင့် ထွေးပိုက်ခံထားရသေးသဖြင့် ရုန်းထွက်မရ ဖြ နေ၏။

ကွီးစ်. . ကွီစ်. . ကွီစ်. .

မြားကိုင်လူငယ်က အသက်ထွက်သွားပြီ ဖြစ်သော မျောက်မကြီး၏ လက်ကို ဖြည်ပေးလိုက်သည်နှင့် မျောက်ကောင် လေးသည် ပြေးထွက်သွားချေတော့၏။ မျောက်မကြီး ကျောဘက် တွင်းမှ မြားတစ်စင်း ဝင်နေ၏။ ထိုဒဏ်ရာကြောင့် မျောက်မကြ သေဆုံးသွားခြင်း ဖြစ်၏။

မြားကိုင်လူငယ်လေးက မျောက်မကြီးကို ဆွဲမ,လေသည် ကြောင့်. . .

"မင်း. . စားရက်လား. . "

ကျွန်တော်က မြားကိုင်လူငယ်ကို မကျေမနပ်ဖြင့် မေ လိုက်၏။ မြားကိုင်လူငယ်က ခေါင်းကို ခါယမ်းလိုက်ချေပြီး. .

"ဘယ်လိုစားရမှာတုံးဗျ၊ ကျွန်တော် မျောက်မကြီးကို သင်္ဂြိုဟ်ပေးမလို့ပါ"



သို့ဆိုတော့ ကျွန်တော် မြားကိုင်လူငယ်အပေါ် နားလည် သွားတော့၏။ သို့ဖြစ်၍ မျောက်မကြီးကို မြှုပ်နှံရန်အတွက် လူငယ်လေး တွင်းတူးနေသည်ကို ဝိုင်းဝန်းကူညီပေးလိုက်ချေ တော့၏။

"မင်း ဆာနေပြီ ဆိုလျှင်ဖြင့် ဖွတ်သား စားချေကွာ"

လင်းမြင့်လှိုင်က သူ့လက်တွင်းမှ ဖွတ်ကောင်သေကို တမ်းပေးလိုက်၏။

"ရပါတယ်၊ ကျွန်တော် သွားတော့မယ်"

"မင်း. . ဆာနေတယ်ဆိုကွ. . "

"ကျွန်တော် ဘာမှ မစားချင်တော့ပါဘူး"

သို့ပြောလျက် မြားကိုင်လူငယ်သည် ကျွန်တော်တို့အပါး မှ ထွက်သွားပြန်တော့၏။

မြားကိုင်လူငယ် ထွက်သွား၍ အမြင်မှ ပျောက်သွား သည်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း နားနေရန် နေရာကို ရှာလိုက်ကြ၏။

လင်းမြင့်လှိုင်သည် ချောင်းကို တွေ့လိုက်သည်ကြောင့် ဝမ်းသာသွား၏။ ချောင်းတွင် ရေရှိသည် ဆိုပေမင့် ရှိရုံသာ ဖြစ် ချေ၏။

သို့ကြောင့် ချောင်းတွင်း ဆင်းလိုက်ကြ၏။ ချောင်း တစ်ဖက်ကမ်းတွင်မတော့ မြေပြန့် ဖြစ်ချေ၏။

တစ်ဖက်ကမ်းပေါ် တက်လိုက်၏။

အောက်ပေါင်းရှင်း၏။ သစ်ပင်ကြီးများ ဆိုပေမင့် ဖျဉ်းမ ရှုက်ကြီးပင်မျိုးများသာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ပျဉ်းမရွက်ကြီးပင်ကြီး တစ်ပင်အောက်သို့ သွားကာ ခြေဆန့်လက်ဆန့် ထိုင်လိုက်ကြ၏။

"ခဏနေလျှင် သည်ကောင်ကို ကင်မယ်ဗျာ"

လင်းမြင့်လှိုင်က ပြော၏။

ကျွန်တော်သည် ခဏသာ ထိုင်လိုက်ပြီး ပြန်ထလိုက်ကာ

"ကိုလင်း နားချေဗျာ၊ ကျွန်တော် ထင်းခြောက်တွေ စုလိုက်မယ်. ."

ဆိုလျက် နေရာမှ ထွက်ခဲ့၏။

မဝေးလောက်သော နေရာလောက်မှ ထင်းခြောက်များ စုဆောင်းရလိုက်၏။ ပြီး လင်းမြင့်လှိုင် သစ်ပင်ကျောမှီ ထိုင်နေသည့် သူ့နံဘေးမှ ဖွတ်ကောင်ကို ယူ၍ ချောင်းရေစပ်တွင် အသား ဖျက်လိုက်၏။

တုံးတစ်ပြီး အသားတို့ကို တံစို့ထိုးလိုက်၏။

"ကျွန်တော် ခေါင်းနဲနဲ မူးနေလို့၊ ခဏနားလိုက်မယ်ဗျာ"

"နားပါ ကိုလင်း ဘယ်လိုဖြစ်တာလဲ၊ နေရင်းထိုင်ရင်း. ."

"ကျွန်တော် မျောက်မကြီး မြင်ကွင်းကို မြင်ပြီး အတော် စိတ်ထိခိုက်သွားတာများလား. ."

"ဖြစ်နိုင်တယ် ကိုလင်း၊ အင်း. . နို့ဖြင့် ကိုလင်း ဆေးစစ်ကြည့်ချေဦးဗျ၊ သွေးတိုးများ ရှိနေရော့လား"

"ပြန်တော့ စစ်ကြည့်ရမှာပေါ့ဗျာ. ."

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သစ်ပင်ကျောမှီ မျက်လုံးအစုံကို မှိတ်လိုက်သဖြင့် ကျွန်တော်သည် ထင်းခြောက်တို့ကို မီးရှို့လိုက်ကာ ဖွတ်သားတို့ကို မီးကင်လိုက်၏။



လင်းမြင့်လှိုင် ဘောင်းဘီအိတ်တွင်းမှ ဝီစကီပုလင်းပြားကို ထုတ်ယူလိုက်၏။

"ကိုပိုက် ကျွန်တော် မသောက်သေးဘူးဗျာ"

သို့ဆိုတော့ ကျွန်တော်သည် တစ်ယောက်တည်း တစွတ်စွတ် သောက်နေလိုက်၏။ ဖွတ်သားမီးကင်ကို လှန်လှောပေးနေလိုက်၏။ သို့ရှိစဉ် ရှေ့တောင်ကြောဘက်မှ လှုပ်ရှားသွားသည် တွေ့သဖြင့် လှမ်းကြည့်လိုက်၏။

"ဟာ. ."

ကျွန်တော်တို့ ခြေရာခံလိုက်နေသော ယောင်ကြီး ယောင်လေး နှစ်ယောက်ပါကလား။

ကျွန်တော်တို့ကို မြင်ဟန်မတူ။ ရှေ့တူရူသို့သာ ခပ်သွက်သွက် လျှောက်သွားကြခြင်း ဖြစ်၏။

လင်းမြင့်လှိုင်ကိုလည်း နှိုး၍ နောက်ယောင်ခံ လိုက်လိုသော်လည်း လင်းမြင့်လှိုင်၏ ကျန်းမာရေး အခြေအနေကြောင့် နားပါစေသဘောဖြင့် မသိဟန်ပြုနေလိုက်တော့၏။

"ခေါ. . ခေါ. . ခေါ. . ခလွး. . ခေါ. ."

လင်းမြင့်လှိုင်တစ်ယောက် အိပ်ပျော်သွားဟန်ပင်၊ ဟောက်လို့ပင်နေသေးတော့၏။

အတန်ကြာတွင် ဖွတ်သားမီးကင်စားရန် ကျက်ချေပြီ ဖြစ်၏။

ကျွန်တော်သည် ပူပူလောင်လောင်ပင် အသားတို့ကို ကိုက်ဖဲ့စားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖွီးလ်"

ပူလိုက်တာ . .

ဆာလောင်နေသည်ထက် အမြည်းအလို့ငှာ လိုသဖြင့် ပူပူလောင်လောင်ကြားမှပင် တမြုံ့မြုံ့ ဝါးနေလိုက်၏။

သို့ရှိစဉ် လင်းမြင့်လှိုင်တစ်ယောက် လူးလွန့်လာ၏။

မျက်လုံးအစုံ ပွင့်လာ၏။ ကျောမှီကို ခွာလိုက်၏။

"နေသာရဲ့လား . ."

ကျွန်တော်က မေးလိုက်၏။

"အိုကေသွားပြီ၊ စောစောက စိတ်မချမ်းသာစရာ မြင်ကွင်းကြောင့် သွေးတိုးလာတာလား မသိပါဘူး"

"ဖြစ်နိုင်တယ် . . ခုကော . ."

"ခေါင်းကြည်သွားပါပြီ . ."

"ကျက်ပြီ ကိုလင်း . ."

ကျွန်တော်က ဖွတ်သားစားရန် ပြောလိုက်၏။

"တစ်ငုံလောက်ဗျာ . ."

ကျွန်တော် ဝီစကီပြားလေးကို လှမ်းပေးလိုက်၏။

လင်းမြင့်လှိုင်က တစ်ငုံမော့သောက်လိုက်လေပြီး ဖွတ်သားတစ်တုံးကို လှမ်းယူလိုက်သဖြင့် . .

"ဒါစား အေးနေပြီ . ."

ကျွန်တော့်လက်တွင်းမှ ဖွတ်တစ်တုံး တံစို့ထိုးကို ပေးလိုက်၏။

"အဆင်ပြေနေပြီဗျ . ."



သို့ ပြောလာလေ၏။ ပြီး တစ်ငုံမော့သောက်လိုက်ပြန်၏။

"ကိုလင်း အိပ်ပျော်နေတုန်းက ယောင်ကြီး ယောင်လေးကို လှမ်းတွေ့လိုက်တယ်"

"အလိုလေးဗျာ . . ကျွန်တော့်ကို နှိုးလိုက် ပြီးကော . ."

"ကိုလင်း နေထိုင်မကောင်းတာ နားပါစေဆိုပြီး မနှိုးတာ"

"ဘယ်ဘက်သွားကြလဲ . ."

"မြားကိုင်လူငယ် ထွက်သွားရာဘက်ပဲ . ."

"နို့ဖြင့်လည်း စားသောက်ပြီး သွားကြစို့ . ."

သို့ဆိုလေသည့်အတိုင်း လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ချောင်းတစ်ဖက်သို့ ပြန်ကူးသွားကြကာ မြားကိုင်လူငယ်နှင့် ယောင်ကြီး ယောင်လေးတို့ ထွက်သွားရာသို့ ခြေဦးတည့်လိုက်ကြလေတော့သည်။

"ယောင်ကြီး ယောင်လေးတို့ သွားတဲ့လမ်းက မြားကိုင်လူငယ် သွားတဲ့လမ်းပေပဲဗျ၊ သည်တော့ ကျွန်တော်တို့တွေလည်း အဆင်ပြေတယ် ပြောရမှာပေါ့ဗျာ၊ ကျွန်တော်တို့ ယောင်ကြီး ယောင်လေးကိုလည်း တွေ့ချင်တယ်၊ မြားကိုင်လူငယ်ကိုလည်း တွေ့ချင်တယ်၊ ဘယ်သူ့ကိုတွေ့တွေ့ ကျွန်တော်တို့အတွက် အဖြေတစ်ခုခုတော့ ရလိမ့်မယ် ထင်ပါရဲ့ဗျာ"

သို့ပြောရင်း လင်းမြင့်လှိုင်က ရှေ့မှ ဦးဆောင်သွားလေတော့၏။ သို့ဖြင့် ကျွန်တော်တို့သည် ကျွန်းတောတစ်ခုသို့ ရောက်လာ၏။ ကျွန်းတောအတွင်း ကျွန်းပင်တို့ အပေါက်များသည်ကို တွေ့ရ၏။ အောက်ခြေတွင်မတော့ ကျွန်းရွက်ခြောက်တို့

www.burmeseclassic.com

www.burmeseclassic.com



သာ ရှိချေ၏။ မြက်ခြောက်ပင်တို့ အနည်းငယ်သာ ရှိချေ၏။ ကျွန်းတောအတွင်း ဆားဖြူပင်နှင့် ဇင်ပြွန်းပင်အချို့လည်း ရှိချေ၏။

သို့ ကျွန်းတောအတွင်း လျှောက်ခဲ့ကြရာမှ ကျွန်တော်တို့၏ သွားလမ်းအရှေ့ ကိုက် “ ၁၀၀ ” ဝန်းကျင်တွင် ဂျီငယ်တစ်ကောင်ကို လှမ်းတွေ့လိုက်၏။ အချိန်က ညနေဝင်ရီတာရော်အချိန် ဖြစ်ချေ၏။

“ကျွန်တော်တို့ သည်ည ကျွန်းတောထဲမှာပဲ စခန်းချအိပ်ရမယ် ထင်ပါရဲ့”

သို့ ကျွန်တော်က ပြောလိုက်၏။

“စခန်းသာပါတယ်ဗျာ . . ”

“နို့ဖြင့် ရှေ့က ဂျီကောင်ကို ညစာအလို့ငှာ လိုအပ်တယ် ထင်ပါရဲ့ . . ”

သို့သာ ကျွန်တော် ပြောရသေးသည် လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ သေနတ်ဖြင့် ဂျီကောင်ကို ပစ်မှတ်ထား ချိန်ရွယ်ပြီး ဖြစ်တော့၏။

သို့အချိန်လေးမှာပင် ဂျီကောင်သည် ဘာကြောင့်ရယ်မသိ ရုတ်ခြည်းဆို့သလို ထိုနေရာမှ ပြေးသွားလေသည်ကြောင့် လင်းမြင့်လှိုင်သည်လည်း Snap Shot ပစ်လိုက်ရချေတော့၏။

“ဒိန်း”

လင်းမြင့်လှိုင်ပေပဲ၊ ဘယ်သူ့ မှတ်လို့ ဂျီကောင်လေး ကံဆိုးလေသည် ပြောရချေမည်။

ဂျီကောင်လေး ဝေးဝေးသို့ ပြေးမသွားနိုင်ပါချေ။ ခွေလဲသွားတော့၏။



“လာဗျာ . . ကိုပိုက် . . ”

လင်းမြင့်လှိုင် ခေါ်ရာနောက် လိုက်သွားရတော့၏။

ဂျီကောင်သေနေရာ ရောက်သည်တွင် ဂျီကောင် အသက်ထွက်သွားချေပြီ ဖြစ်၏။

လင်းမြင့်လှိုင် ပစ်လိုက်သော ကျည်တောင့်သည် ဂျီကောင်လေး၏ နှလုံးသားကို ထိုးဖောက်ဝင်သွားဟန် ဖြစ်ချေ၏။

ကျွန်တော်တို့သည် ထိုဂျီကောင်လေးကို ကောက်ယူထမ်းပိုး၍ အတန်အသင့် ကြီးမားသော ကျွန်းပင်ကြီးအောက်သို့ သွားလိုက်ကြ၏။

“ကိုပိုက် . . သည်မယ် နေခဲ့ချေဦးဗျ၊ ကျွန်တော် ထင်းခြောက်တွေ သွားစုဆောင်းလိုက်ဦးမယ် . . ”

သို့ဆိုလျက် လင်းမြင့်လှိုင် ထွက်သွားသည်တွင် ကျွန်တော်သည် အပင်ခြေတွင်ရှိ မြက်ရိုင်းခြောက်ပင်တို့ကို ဓားဖြင့် ခုတ်သွင်း ရှင်းလိုက်ချေတော့၏။

ပြီးနောက် ဂျီကောင်ကို ခပ်လှမ်းလှမ်းသို့ သယ်ယူကာ အရေဆုတ် အူနှုတ် ဗိုက်ခွဲ အသားဖျက်လိုက်တော့၏။

သို့ရှိစဉ် . . အသက်အားဖြင့် လေးဆယ်ကျော်ခန့် ရှိသည်ထင်ရသည့် လူတစ်ယောက် တောင်ကြောပေါ် တက်လာသည်ကြောင့် ကျွန်တော်က လှမ်းကြည့်လိုက်၏။

“သေနတ်သံကြားလို့ လာတာ . . ”

ထိုလူက သို့ပြော၍ ကျွန်တော့်နား ရောက်လာတော့၏။ ထိုလူ ကြည့်ရသည်မှာ သစ်ခုတ်သမား မဟုတ်၊ ဝါးခုတ်သမား မဟုတ်၊ ပျားဖွပ်သမား ဖြစ်နိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာလို့ ဘယ်သွားမလဲ. ."

ကျွန်တော်က မေးလိုက်၏။

"မြားလိုက်ရှာတာ"

ကျွန်တော် ထင်သည့်အတိုင်း ဖြစ်ချေ၏။

"ကျွန်တော် တကယ်တော့ ကန့်ကျုံးနီချောင်းဖျား သွားတာ လမ်းမှားနေလို့၊ နို့ကြောင့် သေနတ်သံကြားလို့ တက်ခဲ့တာ"

သို့ဆိုတော့ ထိုလူ လမ်းမှားရောက်လာသည်ဟု ဆိုရချိမ့်မည်။

"နို့ဖြင့် ခင်ဗျား အတော်ကလေးကို လမ်းလွဲလာတာပဲဗျ ဘယ်လိုဖြစ်ရတာတုံး၊ ကန့်ကျုံးနီဆိုတာ ဟိုးနောက်ဘက်မှာ ကျန်ခဲ့ပြီ. ."

သို့ ကျွန်တော်က ပြော်လိုက်သည်တွင် ထိုလူ မျက်စိမျက်နှာ ပျက်သွားချေတော့၏။

"ဒုက္ခပဲဗျ၊ နို့ပေမင့် ကျွန်တော် ခင်ဗျားတို့နဲ့ တွေ့လို့တော်သေးတာပေါ့ဗျာ. ."

"ဒါပေါ့၊ ကနေ့တော့ ခင်ဗျား ကျွန်တော်တို့နဲ့ပဲ နေတော့မယ်၊ နက်ဖြန်မနက်မှ သွားတော့ လမ်းညွှန်လိုက်မယ်. ."

"ကျေးဇူးတင်တယ်ဗျာ. ."

သို့ဆိုသလို ထိုသူသည် ကျွန်တော့်နား ကပ်ထိုင်ကာ

"ကျွန်တော် ဝိုင်းကူပါမယ်"

ဆိုလျက် ကျွန်တော် အသားဖျက်နေသည်ကို ဝင်ကူလေ၏။ သူ၏ ဟန်ပန်ကို ကြည့်၍ ပြောရမည်ဆိုလျှင် ထိုသူသည်



မုဆိုးတစ်ယောက် ဖြစ်နိုင်၏။ သူပြောတော့ မြားဖွပ်သမား။

သူ၏ ကျွမ်းကျင်မှုက သူ၏ ဇာတိရုပ်ကို ဖော်နေသလို ဖြစ်သည်ကြောင့် . .

"ခင်ဗျား မုဆိုးလား"

ကျွန်တော်က မေးလိုက်၏။

သည်တွင် ထိုသူက ကျွန်တော့်ကို အံ့သြတကြီး ကြည့်နေချေပြီး . .

"ကျွန်တော် ဝန်ခံပါတယ်၊ ကျွန်တော် မုဆိုးတစ်ယောက်ပါ၊ နို့ပေမင့် အမေ မကြိုက်လို့ အမဲမပစ်ရဘူး၊ မြားရှည်ပဲရှာရောင်းချစားသောက်တယ်၊ ကျွန်တော် သံပရာခုံ ရွာကပါ၊ ကျွန်တော့်နာမည် ဝင်းနောင်ပါ"

"နို့ဆိုတော့ သံပရာခုံ ရွာသူကြီး ဦးမောင်မောင် ရှိသေးလား"

ကျွန်တော် မေးလိုက်၏။

"မရှိတော့ဘူး. ."

"ဘာလဲ. . ဆုံးပါးသွားပြီလား. ."

"မဆုံးပါဘူး. . သူ စစ်တောင်းရွာကို ပြောင်းသွားပြီ"

"နို့ကြောင့် သံပရာခုံ ရွာသူကြီးက ဘယ်သူ ဖြစ်နေလဲ"

"ဦးမိုးမြင့်"

"သူ့သား မောင်မိုးလား. ."

"ဟုတ်တယ်. ,"

ကျွန်တော် သူ့ကို စိတ်ချယုံကြည်သွားရပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်တွက်မူ ကျွန်တော်နှင့် လင်းမြင့်လှိုင် သည်မရောက်ခင်က သံပရာခုံရွာ ဝင်ခဲ့ပြီး သူကြီးဖြစ်သူ ဦးမိုးမြင့်ကို တွေ့ခဲ့သည်ပဲ။ သူ ကျွန်တော့်ကို လိမ်ညာပြောသည်လား သိလို၍ မသိဟန်ဆောင် မေးလေခြင်း ဖြစ်၏။ သို့ဆိုတော့ သူအမှန်တွေ ပြောနေခြင်း ဖြစ်သည်ကြောင့် . .

"ကျွန်တော်တို့နဲ့ ညအိပ်ပေါ့၊ ညအိပ်ပြီး မနက်စောစော သွားမယ်ဆိုလျှင်ဖြင့် ကန့်ကျုံးနီချောင်းကို ညနေ မစောင်းခင် ရောက်သွားလိမ့်မယ်"

သို့ ကျွန်တော်က ပြောပေမင့် သူက. .

"ခင်ဗျား တစ်ယောက်တည်းလား. ."

သို့ မေးလျက် ဘေးပတ်ဝန်းကျင်ကိုလည်း မျက်စိကစား ကြည့်လိုက်သည်ကို တွေ့လိုက်၏။

"မဟုတ်ဘူး. . အဖော်တစ်ယောက်ပါတယ်. ."

သို့ ကျွန်တော်က ပြောလိုက်၏။

"အော်. ."

သို့သာဆိုလျက် သူသည် ကျွန်တော့်အပါးမှ ထွက်သွားသည်ကြောင့် . .

"ဘယ်လဲ"

မေးလိုက်၏။

"ရေသွားရှာခဲ့မယ်လေ. ."

"ကျေးဇူးပဲဗျာ. ."



သူ့အနားရှိ အခေါင်းပွ ဝါးတစ်လုံးကို ခုတ်၍ ရေဗူး လုပ်လိုက်၏။ တစ်လံခန့် ဝါးရေဗူးကို ထမ်း၍ ထွက်သွားတော့၏။

"ချောင်းနီးလို့လား. ."

ကျွန်တော်က ပြောလိုက်၏။

"သည်နောက်ဘက် ခပ်လှမ်းလှမ်းမယ် ချောင်းရှိတယ်၊ ကျွန်တော် အဲဒီဘက်က ဖြတ်လာတာ. ."

သို့ဆိုတော့ အဆင်ပြေသွားကလား. . ။

သူထွက်သွားပြီး မကြာမီတွင် လင်းမြင့်လှိုင် ရောက်လာ၏။ ထင်းခြောက်များ ပါလာ၏။ မီးဆိုင်လိုက်၏။

မီးတောက်ကြီး ဖြစ်သည်တွင် ကျွန်တော် တစို့ထိုးထားသည့် ဂျီသားများကို မီးကင်လိုက်၏။ ကျွန်တော်က ပျားဖွပ်သမား သံပရာခုံရွာသားအကြောင်း ပြောပြလိုက်၏။

"အင်း. . သူ့အတွက် အဆင်ပြေတာပဲ၊ ကျွန်တော် ထင်းခြောက် သွားရှာတော့ အဲဒီတစ်ဝိုက်မယ် ပျားတွေ တွေ့တယ်၊ ပြီးတော့ ပျားအိမ်တွေ တွေ့ခဲ့တယ်၊ သူ့ကို ပြောပြရမယ်"

သို့ဖြင့် လင်းမြင့်လှိုင်သည် ကျွန်တော့်နားတွင် ထိုင်၍ နားနေစဉ် ထိုသူ ပြန်ရောက်လာ၏။

"ကျွန်တော့် မိတ်ဆွေ ဆိုတာ သူပဲ. ."

ကျွန်တော်က လင်းမြင့်လှိုင်နှင့် မိတ်ဆက်ပေးလိုက်၏။

"သူပဲ သံပရာခုံရွာသား ဝင်းနောင်"

သည်သို့ဖြင့် ကျွန်တော်တို့သည် ဂျီသားကို မီးကင်ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး ချောင်းဘက်သို့ သွားက ရေမိုးချိုးလိုက်ကြ၏။

သုံးယောက်သား ရေမိုးချိုးပြီးသည်တွင် စခန်းချနေ
လေးသို့ ရောက်သည်နှင့် ကင်ထားသော ဂျီသားများ စား
လောက်သည့် အခြေအနေသို့ ရောက်နေချေပြီ ဖြစ်၏။

သုံးယောက်သား နားနေစဉ် လင်းမြင့်လှိုင်က ဝီစ
ပုလင်းပြားလေးကို ထုတ်ပေးလာချေ၏။

"အလဲ့. . တယ်ဟုတ်ပါကလား.. ဝီစကီပဲ"

ထိုသူ အားရဝမ်းသာ ဖြစ်သွား၏။

ကျွန်တော်တို့သုံးယောက် အပြန်အလှန် အပေးအ
လုပ် ဝီစကီ သောက်လိုက်ကြ၏။

ဂျီသားမီးကင် အမြည်းလုပ်လျက် အဆာပြေ စားလို
ကြ၏။

သို့မှ အမှောင်ထု ရောက်လာတော့၏။

ထင်းမီးပုံကို မီးထပ်ထည့်လိုက်ကြ၏။

ဝီစကီနှစ်ပြား ကုန်သွားချေ၏။

သစ်ပင်ကျောမှီ မှိန်းလိုက်ကြ၏။

ဝင်းနောင်သည် ထင်းမီးပုံဘေးသွားကာ မီးလှုံနေချေ

သို့မှ ကျွန်တော် မူးလည်းမူး ပမ်းလည်းပမ်းလာသ
ကြောင့် အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ၊ ငှက်
တစ်ကောင်၏ အော်သံကြောင့် နိုးလာရချေ၏။



အလိုလေးဗျာ. . ပတ်ဝန်းကျင်တွင် မဲမှောင်လို့နေ၏။
ထင်းမီးပုံမီးလည်း မရှိတော့ချေ။

သို့ကြောင့် ကျွန်တော် ကပျာကယာ ထ၍ ထင်းမီး ထပ်
ထည့်လိုက်၏။

ထင်းမီးတောက် ပြန်ဖြစ်လာလေကော့မှ ပတ်ဝန်းကျင်ကို
သတိထားကြည့်မိ၏။

အလိုလေးဗျာ. . လင်းမြင့်လှိုင်တစ်ယောက် နှစ်နှစ်
ခြိုက်ခြိုက် အိပ်ပျော်နေလေ၏။

ဝင်းနောင်တော့ဖြင့် မတွေ့ပါချေ။

ဘယ်ရောက်သွားပါလိမ့်။ တစ်ပို့လောက်ပါး သွားနေသည်
ထင်၍ အမှတ်တမဲ့ နေလိုက်ပေမင့် အတန်ကြာသည့်တိုင် ပြန်
ရောက်မလာသဖြင့် သူ့တွက် စိုးရိမ်မိတော့၏။

ဘယ်များ သွားနေပါလိမ့်။ သို့ကြောင့် ဓာတ်မီးယူ၍
အနီးဝန်းကျင်သို့ ထိုးရှာကြည့်လိုက်၏။

"ဟေး"

"ဟေး"

"ဝေး"

"ဝူး"

သို့ အော်ဟစ်အသံပေး ရှာလိုက်ပေမင့် လုံးဝအရိပ်
အယောင် မပြောနှင့် အသံပင် မကြားရချေ။ ဘယ်ရောက်သွား
ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမင့် ကျွန်တော်သည် အိပ်ချင်နေသေးသည်ကြောင့် သစ်ပင်ကျောမှီ အိပ်လိုက်ပြန်၏။

ဒုတိယအကြိမ် အိပ်ပျော်သွားပြန်၏။

မည်မျှကြာသွားသည် မသိ။

"ကိုပိုက်. . ကိုပိုက်. ."

သို့အသံနှင့်အတူ လှုပ်နှိုးလာခြင်းကြောင့် အိပ်ရာမှ နိုးလာရပြန်၏။

လင်းမြင့်လှိုင် ဖြစ်ချေ၏။

"ဟင်. . ကိုလင်း. ."

"ဝင်းနောင်ကော. ."

လင်းမြင့်လှိုင်က သို့မေးလာ၏။

"ကျွန်တော် တစ်ရေးနိုးတဲ့တည်းက မတွေ့ဘူး"

ကျွန်တော်က ပြောလိုက်၏။

"နို့ဖြင့် ညကြီးမင်းကြီးကတည်းက ထွက်သွားတာပေါ့"

"ဟာ ကိုလင်းကလည်း သူ ဘယ်လို ထွက်သွားဝံ့မလဲ"

ကျွန်တော့်ကိုကြည့်၍ လင်းမြင့်လှိုင်က ခေါင်းခါပြရင်း

"သူထွက်သွားတာဖြစ်မယ်၊ နို့နေပါဦး ကိုပိုက် ဘာတွေ ပျောက်သွားလဲ ရှာကြည့်ချေ"

"ဘာပျောက်ရမှာလဲဗျာ. ."

ကျွန်တော့်ဘေးရှိ သေနတ်ကို ကြည့်ပြောလိုက်၏။ ကျည်လက်ကျန်ကို ကြည့်လိုက်၏။ ရှိရင်း ကျည်တို့ ရှိနေဆဲ မဟုတ်ပါကလား။



သို့ပေမင့် ကျွန်တော်သည် ဘောင်းဘီအိတ်တွင်း နှိုက်ကြည့်လိုက်ပြန်၏။

"ဟင်"

ကျွန်တော့် ဘောင်းဘီအိတ်အတွင်းမှ ဝက်စွယ် သုံးချောင်း တစ်ချောင်းသာ ကျန်တော့၏။

"ဘုရားရေ. ."

ကျွန်တော် ကျန်ရှိ ဝက်စွယ်တစ်ချောင်းကို ထုတ်ကြည့်လိုက်၏။

"တော်ပါသေးရဲ့ မြားကိုင်လှူငယ် ပေးသွားတဲ့ ဝက်စွယ် တစ်ချောင်း ကျန်နေခဲ့လို့"

ယောင်ကြီး ယောင်လေးတို့ထံမှရသော ဝက်စွယ် နှစ်ချောင်း မရှိပါတော့ချေ။

"ကိုလင်းရေ. . ဝက်စွယ်နှစ်ချောင်း မရှိတော့ဘူး၊ မြားကိုင်လှူငယ် ပေးသွားတဲ့ တစ်ချောင်းတော့ ကျန်တယ်"

"ဟုတ်ပါပြီ၊ ဝင်းနောင် ဝက်စွယ် လိုချင်လို့ လာပြီးခိုးသွားတာ. ."

"ကိစ္စမရှိဘူး ကိုလင်း၊ ဝက်စွယ်နက်ကွင်းတစ်ချောင်း ဆီ ပါမသွားဘူး"

"ကိုပိုက်ရေ. . ကျွန်တော်တို့တော့ သည်ဝက်စွယ်နက်ကွင်းနဲ့ ပတ်သက်လို့ ထူးဆန်းတာတွေချည်း ကြုံရပေပြီပဲဗျ"

"အေးဗျ. . သူ ဝက်စွယ်နက်ကွင်း လိုချင်တာဗျ ဟို

www.burmeseclassic.com

www.burmeseclassic.com



ယောင်ကြီး ယောင်လေးကလည်း လိုချင်တယ်၊ နို့ပေမင့် မြားကို
လူငယ်ကတော့ ဝက်စွယ်နက်ကွင်း ကျွန်တော်တို့ကို ပေးသွား
ရဲ့၊ ဘာတွေလဲ မသိပါဘူးဗျာ. . "

"ကိုပိုက်ရေ. . ကျွန်တော်တို့ ခြေရာခံလိုက်ရှာကြ
ယောင်ကြီး ယောင်လေးနဲ့ မြားကိုင်လူငယ်တင် မဟုတ်တော့
ဝင်းနောင်ကိုပါ ခြေရာခံလိုက်ရတော့မယ်ဗျ"

သို့ လင်းမြင့်လှိုင်က ပြောလာခဲ့တော့၏။

"သည်ဝက်စွယ်နက်ကွင်း ဘာစွမ်းလဲတော့ မသိ
လိုချင်တဲ့ သူတွေချည်းပဲဗျ၊ အဲ. . ဘာမှ မသိတဲ့ ကျွန်တော်
လက်ထဲမတော့ ဝက်စွယ်နက်ကွင်းအစစ် ရောက်နေတ
ဟင်း. . ဟင်း. . ဟင်း"

သို့ လင်းမြင့်လှိုင်က ပြောပြီး သဘောကျရယ်မော
တော့၏။

"ကဲ. . ကိုပိုက် ကျွန်တော်တို့ သွားကြစို့ဗျာ"

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့သည် ထို
နေရာလေးမှ ထွက်ခဲ့ကြတော့၏။

နံနက်စောစောပိုင်း ဖြစ်သည်ကြောင့် သွားလာ
ကောင်းသေးတော့၏။ ခပ်သွက်သွက် လျှောက်ခဲ့ခြင်းကြေ
အချိန်အနည်းငယ်နှင့်ပင် အတော်ဝေးဝေး ခရီးရောက်ခဲ့
သို့မှ မြက်ရိုင်းတော တစ်ခုသို့ ဖြတ်လျှောက်ခဲ့ကြ
တွင်. . .



"ဟာ. . ဟိုမယ်. . ရေအိုင်ကြီးပေါ့ဗျ"

မထင်မှတ်လေဘဲ ကျွန်တော်တို့သည် ရေအိုင်ကြီးတစ်ခု
သို့ ရောက်ခဲ့ကြတော့၏။

ထိုရေအိုင်ပတ်လည်တွင် ငှက်ပျောပင်တို့ များစွာ
ပေါက်လျက် ရှိချေသည့်ပြင် တံမြက်စည်းပင်များလည်း တွေ့ရ
၏၊ အိုင်ကြီး၏ တစ်ဖက်တွင်မတော့ တောအုပ်ထူထူ ရှိချေ၏။
တ်ခင်းနှင့် အလားသဏ္ဌာန်တူချေ၏။ သစ်ပင်ကြီးတို့ အစီအရီ
ကြ၏။ ရေအိုင်ကြီးအတွင်း လှေငယ်တစ်စင်း တွေ့လေသဖြင့်
ွန်မင်းစွာ အံ့ဩမိတော့၏။

လှေငယ်လေး ရှိသည်ကြောင့် အနီးတစ်ဝိုက်တွင် လူနေ
မ် ရှိနိုမ့်မည်ဟု တွက်ရလိုက်၏။

"လှေတော့ တွေ့တယ်၊ လှေသမားလည်း မတွေ့ပေဘူးဗျ"

"သည်အိုင်ကြီးထဲမယ် ငါးမွေးထားလားမှ မသိဘာ. . "

ကျွန်တော့်စိတ်ထင်ပြောရင်း အိုင်အတွင်း အံသေအချာ
ည့်မိ၏။ ရေကြည်လေသဖြင့် အတော်နက်နက်သို့တိုင် မြင်နေ
၏။

ငါးရယ်လိုတော့ဖြင့် အရိပ်အယောင် မတွေ့ပါချေ။

"ကျွန်တော်တို့ သည်လှေနဲ့ တစ်ဖက်တောအုပ်ထဲ သွား
ကြစို့ဗျာ"

ကျွန်တော့်စိတ်ကူးကို ပြောလိုက်၏။

"နေဦး ကိုပိုက်ရဲ့ လှေပိုင်ရှင် အနီးတစ်ဝိုက် ရှိနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှက် လင်းမြင့်လှိုင်သည် ပတ်ဝန်းကျင်တစ်ဝိုက် ဝေ့ဝိုက်ကြည့်လိုက်ချေပြီး . .

"မူး"

"ဝူး"

"ဝူး"

"လူရှိလားဗျို့၊ လှေရှင် ရှိပါသလား . ."

သို့အော်ဟစ်အသံပြု ခေါ်ပေငြား ပတ်ဝန်းကျင်တစ်ဝိုက် တိတ်ဆိတ်လို့နေချေတော့၏။

"လူမရှိပေဘူးဗျ . ."

"နို့ဖြင့်လည်း တစ်ဖက်ကမ်း သွားကြစို့"

"အား . . နေပါဦး . ."

"ဘာလို့တုံး ကိုလင်းရဲ့ . ."

"လှော်တက် လုပ်ရဦးမယ်လေ . ."

"ဟုတ်ပ လှေသာရှိပြီး လှော်တက် မရှိပါကလား။ သို့ကြောင့် လင်းမြင့်လှိုင်သည် ပတ်ဝန်းကျင်ရှိ သစ်ပင်၏ အကိုင်းတစ်ခုကို ခုတ်ဖြတ်ပြီး လှော်တက်တစ်ချောင်း လုပ်လိုက်၏။

သည့်နောက် ကျွန်တော်တို့သည် လှေပေါ် တက်လိုက်ကြ၏။

ဘုရားရေ . .

လှေဝင်းထဲတွင် ဝက်စွယ်နှစ်ချောင်း တွေ့လိုက်၏။

ကျွန်တော် ကောက်ယူကြည့်လိုက်၏။

ပြီးနောက် . . .

"သည်ကို ဝင်းနောင် ရောက်လာတယ်ဗျ"

လင်းမြင့်လှိုင်က ကျွန်တော့်ကို အံ့သြတကြီး ကြည့်၍

"ဘယ်လိုပြောနိုင်တာတုံး"

မေးလာချေ၏။

"သည်ဝက်စွယ်နှစ်ချောင်းက ကျွန်တော့်ကို ယောင်ကြီး ...ဲ့ ယောင်လေးတို့ ပေးသွားကြတာလေ၊ သည်မယ်ကြည့်လေ အဖျားက အနက်ပိုင်းကို ဓားနဲ့ ခြစ်ထုတ်ထားတာ"

"အင်း . . ဝင်းနောင် ကျွန်တော်တို့ဆီက ခိုးသွားတာ ...သည်း ဝင်းနောင် ဘယ်ရောက်နေလဲ မသိဘူး"

"လှေ သည်ဘက်မှာဆိုတော့ စဉ်းစားစရာပေပဲဗျ"

"ဝူး . ."

"ဝူး . ."

"ဝူး . ."

"အူး . . ဝူး . ."

လင်းမြင့်လှိုင်ကော ကျွန်တော်ပါ အသံပြု ခေါ်ကြည့် ...ထား၏။

"ဘယ်သူမှ အနားရှိပုံ မပေါ်ပေဘူးဗျ"

သို့ဆိုလျှက် ကျွန်တော်သည် တစ်ဖက်ကမ်းကို လှမ်း ...ကြည့်လိုက်၏။

"ဟာ . . ဟိုမယ် ကိုလင်း . . လူမဟုတ်လား . ."

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်းတွင် လူတစ်ယောက် ဖြတ်သွားသည်ကို လှမ်းတွေ့လိုက်သည်ကြောင့် သို့ လင်းမြင့်လှိုင်ကို ပြောလိုက်၏။

"အေးဗျ . . ကိုပိုက် ကျွန်တော်တို့ အဲဒီဘက် သွားကြစို့"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် လှေပေါ် တက်လိုက်၏။ ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နည်းတူ တက်လိုက်၏။

လင်းမြင့်လှိုင်က လှေကိုလှော်၏။

ကျွန်တော်သည် လှေဦးတွင် ထိုင်၍ ရှေ့သို့ မျှော်ကြည့်နေလိုက်၏။ 'အလိုလေးဗျာ . . ကျွန်တော် ထိုင်သည့် ဧအောက်ဘက်မှ ရေစိုလာသဖြင့် ကပျာကသီ ထရပ်လိုက်ကာ ငုံ့ကြည့်လိုက်၏။

"ဘုရားရေ . . လှေပေါက်မှ ရေတို့ စီးဝင်လာကြပါကလား"

သို့ကြောင့် . . .

"ကိုလင်း . . ကိုလင်း . . လှေပေါက်ကြီးဗျ . ."

သို့ဆိုလျှက် ကျွန်တော်သည် လှေပေါ်မှ ခုန်ဆင်းလိုက်၏

တော်ပါသေးရဲ့၊ ကမ်းစပ်နား ဖြစ်ခြင်းကြောင့် လူတစ် သာသာလျှင် ရေအနက်ဖြစ်၍ ကမ်းပေါ် ပြန်ကူးခဲ့ရတော့၏။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်ကဲ့သို့ပင် ဖြစ်ချေ

ကျွန်တော်တို့ ကမ်းပေါ် ရောက်သည်တွင် လှေသ တအိအိဖြင့် ရေတွင်း ထိုးနစ်သွားချေတော့၏။

"ကျွန်တော်တို့ လှေပေါ် တက်တုန်းက အကောင်း ဘယ်လိုဖြစ်တာလဲ . ."



ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

"သည်လိုဗျ၊ လှေကို အပေါက်ဖောက်ထားတာဗျ၊ အဲ ဖောက်ထားတဲ့နေရာကို အစို့နဲ့ ပိတ်ထားတာ လူဝိတ်နဲ့ တက်လိုက်တော့ အစို့က ပွင့်ထွက်သွားတာပေါ့ဗျာ"

"နို့ဖြင့် ဒါ သက်သက်လုပ်ထားတာပေါ့၊ လုပ်ကြံတာ ခေါ်ရမပေါ့၊ ကျွန်တော်တို့နှစ်ယောက် ရောက်လာမယ် သိလို့များလား . ."

ကျွန်တော် ပြောလိုက်၏။

"ပြောတတ်ပေဘူးဗျ၊ ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လဲ မဟုတ်ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်ဗျာ . . ဒါ သက်သက် လူ့အသက်ကို လုပ်ကြံတာပေပဲဗျာ . ."

"ကဲ . . ကိုပိုက် ကျွန်တော်တို့ ဟိုဘက်ကမ်း သွားမှဗျ"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို တအံ့တသြ ကြည့်လိုက်ပြီး . .

"ဘယ်လိုသွားမှာတုံး . ."

"တစ်ဖက်ကမ်းက မဝေးလောက်ပါဘူး၊ သည်ဘက်မယ့် ငှက်ပျောပင်တွေ ရှိတယ်လေ၊ ငှက်ပျောတုံးဘွေကို ဖက်တွယ် ကူးခတ်သွားလို့ရတာပေါ့ . ."

"အဟုတ်သားကလား . ."

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ငှက်ပျောတုံး

www.burmeseclassic.com

www.burmeseclassic.com



နှစ်တုံးကို ခုတ်ဖြတ်၍ တစ်ဖက်ကမ်းသို့ လက်ပစ်ကူးခဲ့ကြတော့၏

တစ်ဖက်တမ်းသည် ဝေးလှသည်တော့ မဟုတ်သဖြင့်

ချောချောမောမော ရောက်သွားတော့၏။

တစ်ဖက်ကမ်းပေါ် တက်လိုက်သည်နှင့် . .

"ဟာ. . သည့်မယ် ခြေရာဗျ. . "

"ဘာခြေရာတုံး"

"လူခြေရာပေါ့. . "

ကျွန်တော်တို့ လှမ်းတွေ့လိုက်တဲ့လူရဲ့ ခြေရာဖြစ်နိုင်

တယ်. . "

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ထိုခြေရာခံ၍

ကမ်းပေါ်တက်ခဲ့ကြတော့၏။

ကမ်းနှင့် မလှမ်းမကမ်းမှ စ၍သစ်ပင်ချုံပုပ်များ၊ သစ်ပ

လတ်၊ သစ်ပင်ကြီးတို့ မြောက်များစွာ တွေ့ရတော့၏။

လူသွားလမ်းမြောင်လေးအတိုင်း ကျွန်တော်တို့ တောတ

လျှောက်ခဲ့ကြရာတွင် . .

"လူသွားလမ်း ရှိလျှင်ဖြင့် လူနေတဲ့လည်း ရှိမှာပဲ. . "

သို့ လင်းမြင့်လှိုင်က ပြောသလိုပင် အတော်လှမ်းလှမ်း

ရောက်လေသည့်တွင် တဲတစ်လုံးကို တွေ့ကြရ၏။

တဲတွင် လူရှိမနေ ဆိုပေမင့် ထင်းမီးပုံကို တွေ့ရ၏။

"သည့်တဲက တဲရှင် မရှိဘူး ဆိုပေမင့် ညက လူနေသွား

သဗျ. . "



"ကမ်းမှာတွေ့တဲ့ ခြေရာရှင်လား. . "

ကျွန်တော်က မေးလိုက်၏။

"မဟုတ်ဘူး"

"ဘယ်လိုပြောနိုင်တုံး. . "

ကျွန်တော်က မေးလိုက်၏။

ကမ်းပေါ်က ခြေရာက လတ်လတ်ဆတ်ဆတ်ဆိုတော့ သည်မနက်ကမှ သွားတာဗျ၊ သည်မီးဖိုက ညနေကတည်းကဆိုတော့ သူ မဖြစ်နိုင်ဘူးပေါ့ဗျာ"

"ဟုတ်ပါပြီ"

လင်းမြင့်လှိုင် တဲပေါ်တက် စေ့စေ့ကြည့်နေလေ၏။

စိတ်ဝင်တစား ကြည့်နေလေခြင်းကြောင့် ကျွန်တော် နှုတ်ဆိတ်နေလိုက်၏။ သူ၏ အတွေးပျက်သွားမည်စိုး၍ ဖြစ်ချေ၏။

အတန်ကြာလေမှ လင်းမြင့်လှိုင် ထိုတဲနေရာမှ ခွာလာသဖြင့်. .

"ဘာထူးလဲ. . "

သို့ ကျွန်တော်က မေးလိုက်၏ လင်းမြင့်လှိုင် ခေါင်းခါယမ်းပြချေ၏။

"လာဗျာ. . သွားကြစို့. . "

လင်းမြင့်လှိုင်တ တဲမှ ခွာကာ ရှေ့ကသွားလေ၏။

"သည့်မယ် လူရှိတာ သေချာတယ်၊ ဘယ်သူဖြစ်မလဲ သေိဘူး. . "

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က သို့ပြောလာ၏။

ကျွန်တော်တို့ လျှောက်ခဲ့သောလမ်းသည် တစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးတို့ ရှိချေ၏။ ချုံပုပ်ပင်တို့ ရှိချေ၏။ ဝါးပင်အချို့ ရှိချေ၏။

လျှောက်လာကြသော လမ်းသည် လူသွားလမ်းတော့ဖြင့် မဟုတ်၊ လမ်းအရာ ထင်မှတ်လိုက်၍ လျှောက်ခဲ့ကြခြင်း ဖြစ်၏။

သို့ရှိစဉ် . .

"ဝှစ်"

"ဟာ"

"ဟင်"

လင်းမြင့်လှိုင်နှင့် ကျွန်တော့်ကြားမှ မြားတစ်စင်း ဖြတ်သွား၏။ ခပ်လှမ်းလှမ်းသစ်ပင်ကို စိုက်ဝင်သွား၏။

"ဒိန်း"

လင်းမြင့်လှိုင်သည်လည်း ခေသူမဟုတ်၊ မြားလာရာလမ်းကြောင်းသို့ သူ့လက်တွင်းရှိ သေနတ်ဖြင့် ပစ်လိုက်သဖြင့် . .

"နောက်ထပ်မြားတစ်ချောင်း ရောက်မလာခင် လက်ဦးမှုရယူပြီး ချောက်လှန့်ထားရတယ်ဗျ"

သို့ လှမ်းပြောလာချေ၏။

"ဟော . . ဟော . . ဟိုမယ် . . ဟိုမယ် . . တောတိုး ပြေးသွားပြီ"

ကျွန်တော်တို့ အဲဒီလုပ်ကြံသူနောက် လိုက်ကြစို့ဗျာ"



"ဒါ မြားကိုင်လူငယ် ဖြစ်နိုင်တယ် . ."

ကျွန်တော်က ပြောလိုက်၏။ ဘယ့်ကြောင့်မှ ကျွန်တော်တို့ တွေ့ဆုံခဲ့သည့် မြားကိုင်လူငယ်သည်သာ လက်နက်မြား ပါလာသောကြောင့် ဖြစ်ချေ၏။

"မဖြစ်နိုင်ဘူး . ."

"ဘာလို့လဲ . ."

"သူက ကျွန်တော်တို့ကို ဝက်စွယ်တောင် ပေးသွားသေးတာဗျ . ."

"ဒို့ဖြင့် သူပဲ မြားကိုင်တာ မဟုတ်လား . ."

သို့ ကျွန်တော်က ဖြစ်နိုင်ခြေကို ပြောလိုက်ပြန်၏။

"ကဲ လာဗျ . . အဲဒီနောက် လိုက်ကြဦးစို့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုလူ ပြေးသွားရာ ထင်သည့် လမ်းနောက်သို့ လိုက်သွားကြပြန်၏။

တောသည် ထူလာ၏ဟု ပြောရချိမ့်မည်။

ချုံပုပ်ပင်တို့အောက်ခြေတွင် ပိုမိုများပြားလာသလို သစ်ပင်တို့ အပေါက်စိပ်လာကြ၏။ သည်ကြားဝါးရုံပင်တို့သည်လည်း တွေ့ရချေ၏။ သို့ကြောင့် ကျွန်တော်သည် ရှေ့မှနေ၍ သစ်ကိုင်း သစ်ခက်နွယ်တို့ကို ဓားဖြင့် ခုတ်ဖြတ်လမ်းထွင်းသွားလေ၏။

"ရှပ် . . ရှပ် . . ရှပ်စ် . ."

"ရှပ် . . ဖြတ် . . ဒုတ် . . ရှပ် . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သို့ နွယ်တို့ကို ခုတ်ဖြတ်နေရာမှ ဘာ့ကြောင့်ရယ်မသိ ကျွန်တော်၏ မျက်နှာသို့ အရည်တို့စင်လာလေသဖြင့် တအံ့ တဩဖြင့် ကျွန်တော် ခုတ်ဖြတ်လိုက်သည့် နွယ်ကို ကြည့်လိုက်၏။

"ဘုရားရေ . . "

နွယ်ထင်၍ ခုတ်ဖြတ်လိုက်ပေပြား တကယ်တော့ မြွေ တစ်ကောင် ဖြစ်ချေတော့၏။ ထိုသည်မြွေခါးလယ်မှပြတ်၍ မြေပြင်သို့ လျောကျသွားတော့၏။

"တောကြီးမြွေဟောက်ကောင်ပါကလား . . "

ဘုရားဖြင့် လမ်းမထွင်ဘဲ ရှေ့မှ သွားပါလျှင် တောကြီးမြွေ ဟောက်ကောင်၏ ဒုက္ခလှလှပေးခြင်းမှ လွတ်လိမ့်မည် မဟုတ် ချေ။

"ကံကောင်းပေစွ . "

"ကိုပိုက်က မြင်မြင်သမျှကို နွယ်ထင်ပြီး ခုတ်နေတာကိုး နည်းနည်းပါးပါး ကြည့်ပြီးမှ ခုတ်ပါလား၊ နို့မို့ ရန်သူကို ကြိုမြင်နိုင် မှာဗျ . . "

လင်းမြင့်လှိုင်က ဆိုချေ၏။

သို့မှ ကျွန်တော်တို့သည် ရှေ့သို့ဆက်တောတိုးခဲ့ကြ၏။ အောက်ပေါင်းရှုပ်လမ်းလေးကို လွန်လေသည်နှင့် ဖုန်းဆိုးမြေ တစ်ခုသို့ ရောက်လာလေ၏။

သစ်ပင်တို့ မရှိ မြေရှုပ်ပေါက်ပင်တို့ ရှိချေ၏။ ချုံပုပ်ပင်



ယ်တို့ ရှိချေ၏။ မြက်ပင်တို့ ရှိချေ၏။

ကမူတို့ ရှိချေ၏။ ချိုင့်ခွက်တို့ ရှိချေ၏။

ထိတရုန်းပင်ရိုင်းတို့ ရှိချေ၏။ ဖုန်းဆိုးမြေအကျယ် ဧက ါးဆယ်ဝန်းကျင်ခန့် ရှိလိမ့်မည်။

ဖုန်းဆိုးမြေ၏ တစ်ဖက်တွင်မတော့ ရွာအလား ထင်ရ သည့် တောတန်းလေး တွေ့ရ၏။

"ကျွန်တော်တို့ အဲဒီသွားကြမလား . "

"ဘယ်ရောက်နေပြီလဲ . . "

"သိဘူးဗျ . . အဲဒီသွားလျှင်တော့ ရွာဖြစ်လျှင်ဖြစ် မဖြစ် လျှင် တောတန်းလေးပဲဗျ၊ ဘယ်လိုလဲ . . "

"အဲ . . နားထောင်ချေဗျာ . . "

သို့ပြောရင်း လင်းမြင့်လှိုင်က နားစွင့် လမ်းကဲကြည့် ပြော သသဖြင့် ကျွန်တော်သည်လည်း လှမ်းကြည့် နားစွင့်လိုက်၏။

ခပ်ဝေးဝေးတွင်ဖြစ်သည့် တောတန်းလေးမှ ပျံ့လွင့်လာ သောအသံ ဖြစ်ချေ၏။

"ခွေးဟောင်သံဗျ . . "

လင်းမြင့်လှိုင်က ပြော၏။

"အိမ်ခွေးဆိုတော့ နို့ . . ရွာလေး ဖြစ်နိုင်တယ် . . "

"သွားကြစို့"

သို့ဆိုတော့ ကျွန်တော်က ဦးလျှင်စွာ ပြောလိုက်၏။

သို့ဖြင့် ကျွန်တော်တို့သည် ဖုန်းဆိုးမြေကို ဖြတ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟင်"

ဖုန်းဆိုးမြေ အလယ်လောက်တွင် မြေပုံကဲ့သို့ မို့မို့လေး တွေ့လေသဖြင့် လင်းမြင့်လှိုင်က ရပ်တန့်ကာ စေ့စေ့စိုက်ကြည့် လိုက်၏။

"အူတူတူ အနံ့ရပုံထောက်တော့"

လင်းမြင့်လှိုင်က သို့ပြောပြီး ထိုမြေပုံမို့မို့တို့ကို ဖယ်ရှား လိုက်၏။ သို့မှ လူသေအလောင်းကို တွေ့လိုက်ကြ၍ လွန်မင်း စွာ အံ့အားသင့်သွားရချေတော့၏။

"ဒါ.. မြားကိုင်လူငယ် မဟုတ်လား"

ကျွန်တော်က မေးလိုက်၏။

"သိပ်ဟုတ်တာပေါ့ဗျာ.."

"ဘယ်လိုဖြစ်ရတာပါလိမ့်ဗျာ.."

"ကျွန်တော်တော့ ရိပ်မိလိုက်ပြီဗျ.."

"ဘာလဲ.."

"သည်မြားကိုင်လူငယ်လေးက သူ့နောက်ကို ရန်သူ လိုက်နေလို့ ဝက်စွယ်နက်ကွင်းကို ကျွန်တော်တို့ဆီ ပေးသွား ခဲ့တာဗျ၊ ပြီးလေမှ သူတစ်ယောက်တည်း သွားပြီး အဆင်ပြေ ကျွန်တော်တို့ဆီ လာယူမယ့်ပုံဗျ၊ နို့ကြောင့် ကျွန်တော်တို့လည်း လုပ်ကြံခံရတာလေ။ ပြီးတော့ မှတ်မိလား၊ သံပရာခုံရွာသား ဝင်းနောင် ကျွန်တော်တို့ဆီက ဝက်စွယ်ကို လာခိုးသွားတာ"



"ဟုတ်ပြီ.. သိပြီ.. သဘောပေါက်ပြီ"

"နို့ အဲဒီလောက် လူသတ်မှုတွေ ကျူးလွန်ပြီး ဝက်စွယ် နက်ကွင်းကို လိုချင်တာ ဘယ်သူဖြစ်နိုင်မလဲ.."

"ရှင်းပါတယ်ဗျာ.."

"နို့ဖြင့် ပြောပြစမ်းပါဗျာ၊ ဘယ်သူလဲ.."

ကျွန်တော်က သိလိုစိတ်ဖြင့် မေးလိုက်၏။

"ဝှစ်"

"ဟာ"

"ဟင်"

ကျွန်တော်စကားမဆုံးမီ လင်းမြင့်လှိုင်ထံသို့ လေကိုခွင်း ၍ ပုဆိန်တစ်ချောင်း ရောက်လာ၏။ လင်းမြင့်လှိုင် အရှောင်မြန် ပေလို့။

လင်းမြင့်လှိုင်မျက်နှာနှင့် တစ်ထွာလောက် အလိုမှ ပုဆိန် ဖြတ်သွား၍ သစ်ပင်သို့ စိုက်ဝင်သွားခြင်း ဖြစ်၏။

ပုဆိန်လာရာလမ်းသို့ နှစ်ယောက်သား ကြည့်လိုက်၏။

ချုံပုပ်ငယ်တို့ နောက်ကွယ်တွင် ပုန်းအောင်း၍ လုပ်ကြံ လာခြင်း ဖြစ်မည်။ ထိုနေရာတစ်ဝိုက် ချုံပုပ်ပင်ငယ်များ လွန်မင်း စွာ ရှိကြလေခြင်းကြောင့် မည်သည့် ချုံပုပ်ပင် နောက်ကွယ်တွင် ရှိနေသည်ကို မမှန်းဆလောက်ပါချေ။

သို့ကြောင့် ..

"ကိုပိုက်ရေ.. ကျွန်တော်တို့ သည်က အမြန်သွားမှ ဖြစ်မယ်ဗျ.."

www.burmeseclassic.com



သို့ဆိုလျက် လင်းမြင့်လှိုင်သည် ပုဆိန်ကို ဖြုတ်ယူ၍ ရှေ့သို့ ခပ်သွက်သွက် လျှောက်သွားလေတော့၏။

သို့ဆိုရာ၌ ပုန်းကွယ်ရာ ထင်ရသည့်ဘက်သို့ သွားကြရာတွင် လက်တွင်းရှိ သေနတ်ဖြင့် အရံသင့် ပစ်ခတ်နိုင်ရန် ချိန်ရွယ်၍သွားခြင်း ဖြစ်၏။

လုပ်ကြံသူသည် ငြိမ်သက်လို့ နေချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် တစ်ဖက်တောတန်းလေးသို့ ရောက်လာကြတော့၏။ ကျွန်တော်တို့ ထင်ထားသည်မှာ ရွာလေးတစ်ခု။

ယခု မဟုတ်ပါကလား။ တောတန်းလေးနောက်မှ ဝါးတော ဖြစ်ချေ၏။

"ကောင်းလိုက်တဲ့ ဝါးတော"

ဝါးစုံတောဟု ပြောရချိမ့်မည်။ ကြခတ်ဝါး ပေါက်နေ၏။ ဝါးဘိုးဝါးတို့ကို တွေ့ရ၏။ ကြသောင်းဝါး၊ မျှင်ဝါးနှင့် ဝါးယားတို့ရှိချေ၏။

ဝါးပင်တို့အနေအထား ကြည့်ခြင်းအားဖြင့် ဆင်စားကျက် ဝါးတော မဟုတ်သည်မှာ သေချာပေ၏။ ဆင်စားကျက် မဟုတ်သလို ထိုဝါးတောသို့ ဝါးခုတ်သမားများ ရောက်လာဖူးဟန်ပင် မမြင်ပါချေ။

ဝါးတောအတွင်း ကျွန်တော်တို့ လျှောက်ခဲ့ကြပြန်၏။ ဝါးတောသည် ကျယ်လွန်းလှ၏။ ဝါးတောမှာပင် ကျွန်တော်တို့ အမှောင်ထုနှင့် ရင်ဆိုင်လိုက်ရချေ၏။



"ဘယ်လိုလုပ်မလဲ. ."

"ဝါးတောမယ် ညအိပ်ရမပေါ့. ."

သို့ဆိုတော့ ကျွန်တော်တို့နှစ်ယောက်သည် ဝါးတောအတွင်း စခန်းချရန် နေရာရွေးလိုက်ကြ၏။ သို့ဆိုတော့ အဆင်ပြေသော ဝါးတောနေရာကို တွေ့လိုက်၏။ ကြသောင်းဝါးတို့ အပေါက်များသည့် နေရာ ဖြစ်ချေ၏။

"သည်တစ်ဝိုက် ထင်းခြောက် သိပ်မရှိပေဘူးဗျ၊ နို့ပေမဲ့လို့ ညရေးညတာအတွက် ထင်းခြောက်တော့ လိုတယ်"

သို့အတွေးဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဝါးတောအတွင်း တစ်ပင်စ နှစ်ပင်စ ဆိုသလို ပေါက်နေသည့် သစ်ပင်တို့မှ ကိုင်းခြောက်များကို ခုတ်ယူလိုက်ကြ၏။

မည်သို့ပင်ဖြစ်စေ ညထင်းမီးအတွက်တော့ဖြင့် လုံလုံလောက်လောက် ရလိုက်ပေတော့သည်။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ထင်းမီးပုံနံဘေးတွင် ထိုင်၍ ထင်းခြောက်ကောက် သွားသည်တွင် ရလိုက်သည့် တောင်သိပ်ကောင်ကို အသားဖျက် တံစို့ထိုး မီးကင်လိုက်၏။ လင်းမြင့်လှိုင်က ခြေဆန့်လက်ဆန့် လုပ်လိုက်လေပြီး ဝီစကီပုလင်းပြားလေးကို ထုတ်ပေးလာ၏။ ကျွန်တော်က နံဘေးရှိ ရေဘူးကို လှမ်းယူမည် လုပ်သည်တွင်. .

"ကိုပိုက်. . ရေမလိုဘူး. . ရောထားပြီးသား. ."

သို့ဆိုတော့ ကျွန်တော်သည် ရေဘူးကို မယူတော့လေဘဲ

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင် ပေးလာသည့် ဝိစကီပုလင်းပြားလေးကို လှမ်းယူ
လိုက်ချေပြီး အဖုံးဖွင့် တစ်ငုံမော့သောက်လိုက်၏။

ရေရောထားသည် ဆိုပေမင့် ပြင်းသေးသည်ကြောင့်
ရေဘူးကို ယူလိုက်ရပြန်၏။

သို့ဖြင့် စကားတပြောပြော တစ်ပြန်တစ်လှည့် သောက်
နေရာမှ လင်းမြင့်လှိုင်သည် သစ်ပင်တွင် စိုက်ဝင်နေသော ဖြုတ်
ယူလာသည့် ပုဆိန်ကို ထုတ်ယူလိုက်ချေပြီး . .

"သည်ပုဆိန် ထူးခြားမှု ဘာလဲ ကြည့်ချေ . ."

လို့ ပြောလာ၏။

'ကိုလင်းက ကျွန်တော့်ကို မူးနေပြီ ထင်လို့လား၊ မှန်း . .
ကျွန်တော် ထူးခြားမှုရှိလျှင် ပြောမယ် . ."

သို့ဆိုလျက် ကျွန်တော်သည် လင်းမြင့်လှိုင် လက်ထဲ
ပုဆိန်ကို လှမ်းယူလိုက်ချေပြီး စေ့စေ့ကြည့်လိုက်၏။ ဖင်တစ်ပြ
ခေါင်းတစ်ပြန်သာမက ထောင်လိုက် လှဲလိုက် အမျိုးမျိုးကြည့်
လိုက်ချေပြီး . .

"ဘာထူးဆန်းလို့လဲ . . 'ရှင်းတိုက်' သားကို အရိုးလု
ထားတာလေ၊ ပြီးတော့ ပုဆိန်သွားက ဂျာမဏီက လာတာ
ပဲဗျ၊ သည်လောက်ပါပဲ . ."

"ထပ်ကြည့်ပါဦး . ."

"ကြည့်စရာ မလိုဘူး၊ အပြန်ပြန်အလှန်လှန် ကြည့်ပြီးပြီ
ဒါပါပဲ . ."

သည်တွင် လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်
လေးပေါ်ရုံ ပြုံးပြလိုက်ချေပြီး . .

"ရဲဒင်းလက်ကိုင်ရဲ့ ဖင်ဘက်ကို သေချာကြည့်ချေ . ."

သို့ ပြောလေသဖြင့် ကျွန်တော်သည် သူပြောသလို
ရဲဒင်းလက်ကိုင်၏ ဖင်ဘက်သို့ ကြည့်လိုက်၏။

ဘုရားရေ့ . . ကျွန်တော်၏ ပေါ့လေ့မှုပါကလား။

လက်ကိုင်ရိုး ဖင်ပိုင်းတွင် "ကက" ဆိုသည့် အသားထွင်း
အလုံးကို တွေ့ရ၏။

"ဒါက ဘာသဘောလဲ"

ကျွန်တော်က စူးစူးစမ်းစမ်း မေးလိုက်၏။

"ကကဆိုတာ ကျွန်တော့်စိတ်ထင် အတိုကောက် စကား
လုံးတစ်ခု ဖြစ်မယ် . ."

လင်းမြင့်လှိုင်က ပြောလည်းပြော စဉ်းစားဟန်လည်း
ဆောင်လေ၏။ သို့ကြောင့် . . .

"ဘာလို့ထင်လဲ . ."

ဟု မေးလိုက်၏။

"အကယ်၍ နောက်တစ်ချောင်း ရှိလျှင်ဖြင့် ကျွန်တော်
ပြောနိုင်လိမ့်မယ် ထင်တယ် . ."

ဘုရားရေ့ . . လင်းမြင့်လှိုင် ဘယ်သဘောဖြင့် သို့ပြောရ
ပါလိမ့်။

"ကိုလင်း ရှင်းအောင်ပြောလို့ မရဘူးလား . ."

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါဗျာ. . ခုတော့ ပြောမရလောက်သေးဘူးဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် အရက်တစ်ငုံ မော့ သောက်လိုက်လေပြီး အမြည်းတဖွဲ့ယူ မြုံ့ဝါးနေလိုက်တော့၏။

ကျွန်တော် သိလိုချေပြီ ဖြစ်ပေမင့် လင်းမြင့်လှိုင်အကြောင်း ကျွန်တော် ကောင်းကောင်းသိသဖြင့် နှုတ်ဆိတ်နေလိုက်၏။

သူ မပြောချင်သေးလျှင် ဘယ်လိုမေးမေး ပြောလိမ့်မည် မဟုတ်ချေ။ သို့ဖြစ်၍ သူ့သဘောနှင့်သူ လိုလိုလားလား ပြောလာ မည့် အချိန်ကိုသာ စောင့်နေမိချေတော့သည်။

"ကျွန်တော် ဟိုဘက်သွားချေဦးမယ်"

လင်းမြင့်လှိုင်က သို့ဆိုလျက် ထင်းပုံဘေးမှထကာ ခပ်လှမ်းလှမ်း အမှောင်ရိပ်တွင်း မပြောမဆို ထွက်သွားလေသည် ကြောင့် . .

"ကိုလင်း. . ဘယ်တုံး. ."

မေးလိုက်၏။

"အပေါ့အပါးကိစ္စ"

ဟု ပြောသွားချေသဖြင့် ကျွန်တော်သည် ဘာမှမပြော လေတော့ဘဲ အမြည်းတစ်ဖတ် ယူဝါးလိုက်ချေ၏။

လင်းမြင့်လှိုင်သည် ခပ်လှမ်းလှမ်း အမှောင်ရိပ်တွင်း ဝင်ရောက်သွားချေပြီ ဖြစ်၏။

သို့ဆိုတော့ ကျွန်တော်သည်လည်း မီးပုံမှ မီးတောက် ကြည့်၍ ပုဆိန်လက်ကိုင် နောက်ဘက်တွင် ရှိနေသည့် "ကာ အဓိပ္ပာယ်ကို ဖော်ကြည့်နေမိ၏။



"ကံကောင်းလား. . ကိုကောက်လား . . ကိုကိုလား"

သို့တွေးတော အဓိပ္ပာယ်ဖော်နေစဉ်၊ လင်းမြင့်လှိုင် ဝင်သွားသည့် အမှောင်ရိပ်တွင်းမှ ရုန်းရင်းဆန်ခတ် အသံကြောင့် ကပျာကသီ ဝင် နံဘေးရှိ အိတ်အတွင်းမှ လက်နှိပ်ဓာတ်မီးကို လှမ်းယူလိုက် ၏။ ပြီး သေနတ်ကို ကောက်ကိုင်လိုက်၏။

ဓာတ်မီးဖြင့် ထိုနေရာသို့ လှမ်းထိုးလိုက်၏။

ချုံပုပ်ပင်တို့ ခံနေပါကောလား။ ရုန်းရင်းဆန်ခတ် ဖြစ် နေသည့် နေရာသည် ချုံပုပ်ပင်တို့ နောက်ဘက်တွင် ရှိလေသဖြင့် နေရာမှ ထလိုက်၏။

"ကိုလင်း. . ကိုလင်း. . ဘာဖြစ်တာလဲ. ."

သို့လည်း လင်းမြင့်လှိုင်ကိုလည်းခေါ် . . ထိုချုံပုပ်ပင် ား ရှိရာသို့လည်း မီးထိုးလျက် သွားလိုက်၏။

ကျွန်တော် ချုံပုပ်ပင်နား ရောက်သည်တွင် ဆိတ်ငြိမ်သွား ၏။ သို့ကြောင့် ရင်တထိတ်ထိတ်ဖြင့် ချုံပုပ်ပင်နောက်သို့ ဓာတ် ထိုး၍ ဝင်ကြည့်လိုက်ချေ၏။

"ဘုရားရေ. ."

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်တော် ထိတ်လန့် န်လှုပ်သွားတော့၏။

လူနှစ်ယောက်၊ တစ်ယောက်သည် မှောက်ခုံအနေ ထားဖြင့် ကျောပြင်တွင် သွေးတို့ စိုရွှဲနေချေ၏။ ရှည်လျားသော ပင်တို့ကာ ခေါင်းအထက် ပြန့်ကျဲကျနေလေ၏။ နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သည်ကာ လင်းမြင့်လှိုင်ပင် ဖြစ်ချေ၏။

လင်းမြင့်လှိုင်သည် ထိုသူ့နံဘေးတွင် လဲကျနေချေပုံရ၏။

"ဘုရားရေ. ."

သူ့လက်ထဲတွင်မတော့ ပုဆိန်တစ်လက် ရှိချေ၏။

သို့ဆိုတော့မှ ကျွန်တော် လင်းမြင့်လှိုင်လက်ထဲမှ ပုဆိန်ကို သတိရလိုက်၏။

တကယ်တော့ ကျွန်တော်တို့ဆီက ပုဆိန် ဖြစ်၏။ လင်းမြင့်လှိုင်သည် ကျွန်တော့်နံဘေးတွင် သေနတ်ထားခဲ့ကာ ပုဆိန်ကို အရေးပေါ် သုံးရန်အတွက် ယူသွားလေခြင်း ဖြစ်၏။

ထိုပုဆိန်ဖြင့် ထိုသူကို ခြေလွန်လက်လွန် လုပ်လိုက်လေသည်များလား။ ကျွန်တော် လင်းမြင့်လှိုင်ကို ကပျာကသီ ပွေ့ယူ နှာနပ်ပေးလိုက်၏။

"ကိုလင်း. . ဘယ်လိုဖြစ်တာလဲ. ."

လင်းမြင့်လှိုင် မျက်လုံးပွင့်လာ၏။ ကျွန်တော့်ကို မြင်သည်နှင့် ကပျာကသီ ထထိုင်လိုက်ကာ. .

"ဟိုလူကော. . ဟိုလူ. ."

"ဘယ်သူပြောတာလဲ. . သူ့ကို ပြောတာလား. ."

ကျွန်တော်က မှောက်ခုံသေနေသော လူကို ကြည့်၍ ပြောလိုက်၏။

"မဟုတ်ဘူး. . နောက်တစ်ယောက်"

သို့ကြောင့် ကျွန်တော်က အံ့ကြား၍ ချုပ်ပုပ်ပင်န



ာက်လာသည့်တွင် လင်းမြင့်လှိုင် မေ့လဲ၍ ထိုလူ ယခု အခြေ နေအတိုင်း ဖြစ်နေပုံကို ပြောပြလိုက်၏။

"ကိုလင်း. . သူ့ကို ကိုလင်း. ."

ကျွန်တော် ရှေ့ပြောမည့်စကား ဆက်မထွက်နိုင်ပါတော့ ။ သို့ပေမင့် ကျွန်တော် ဘာမေးမည်ကို သိလိုက်သဖြင့် င်းမြင့်လှိုင်က. .

"ကျွန်တော်တို့နှစ်ယောက် လုံးထွေးနေတုန်း. . ဟို ်ကောင်က ကျွန်တော့်ကို ရဲဒင်းနဲ့အခုတ် ကျွန်တော်ကလည်း ာက်အရောက် အဲဒီလူက ကျွန်တော့်အပေါ် အရောက်ဆို ာ့ သူ့လူသူ ခုတ်မိလိုက်တာ ဖြစ်သွားတာပေါ့"

"ဘုရားရေ. . ကိုလင်း ကံကောင်းလိုက်တာ၊ နှစ်ယောက် ်ယောက် ဖြစ်နေတယ်၊ ကိုလင်းရယ်. . ဘာလို့များ ကျွန်တော့် ားပြီး တစ်ယောက်တည်း သည်ရောက်လာရတာလဲ၊ ကိုလင်း တစ်ပို့တစ်ပါး သွားမယ်ဆိုလို့ ကျွန်တော် နေခဲ့တာလေ"

"ကျွန်တော်လည်း တစ်ပို့တစ်ပါး သွားဖို့ပါဗျာ၊ ကျွန်တော် ထိုင်သွားနေတုန်း သည်လူရောက်လာတာ၊ သူက ကျွန်တော့်ကို င်ရိပ်ကထွက် ချုပ်နှောင်လာပြီး ဝက်စွယ်နက်ကွင်းကောလို့ ာယ်. ."

"ဗျာ"

"ဟုတ်တယ်၊ ဝက်စွယ်ကောတဲ့၊ ကျွန်တော်က ဘာဝက် ်လဲမေးတော့ ဝက်စွယ်အဖျား အမည်းရောင် စွန်းထင်းနေတဲ့ ်စွယ်တဲ့. . သည်တော့ ကျွန်တော်က. ."

www.burmeseclassic.com

www.burmeseclassic.com



"နို့ ခင်ဗျားတို့ ကျွန်တော့်မိတ်ဆွေဆီမယ် အလော
အစားရှုံးလို့ ပေးခဲ့ပြီး တစ်ခါပြန်ယူ တာနဲ့ခြစ်သွားကြပြီး ပြန်ပေ
တာလေ၊ ခု ဘာလို့ ထပ်မေးရပြန်တာတုံး . ."

ကျွန်တော်က အဲ့လို ပြန်ပြောလိုက်တော့ .

"အဲဒါ မဟုတ်ဘူး၊ မင်းတို့ဆီမယ် . . 'စိန်မင်း' ပေးခဲ့
ဝက်စွယ်ကို မေးတာ . ."

လို့ ပြန်ပြောတယ်။

"စိန်မင်းက ဘယ်သူလဲ မသိဘူး . . ဆိုတော့"

"မြားတစ်လက်စွဲ စိန်မင်းကို မသိဘူးလား . ."

သို့ ပြောလည်းပြော ကျွန်တော့်နားရင်းကို နောက်က
ရိုက်လိုက်တာ သည်တော့ ကျွန်တော်လည်း ဒေါသထွက်ပြီး ရှိသ
ခွန်အားနဲ့ ရုန်းကန်ပြီး ပြန်တိုက်ခိုက်လိုက်တာပေါ့။ တကယ်တေ
သူတို့က နှစ်ယောက်ဗျာ၊ သည်တော့ လူချင်း မခွာရဲဘူး၊ ပူး
လူးထွေးသတ်ပုတ်နေရတယ်။ အဲဒီအချိန်မှာပဲ ကျန်တစ်ယော
က အပိုင်ဆိုပြီး ရဲဒင်းနဲ့ ကျွန်တော့်ကို ခုတ်လိုက်တာမှာ
ကျွန်တော့်ကိုယ်စား ခံလိုက်ရတာ . ."

သူလည်း တစ်ခါတည်း လစ်သွားတော့တာပဲ၊ ကိုပို
လာနေတာ သိလို့ဖြစ်မယ် . ."

"နို့ဖြင့် ကိုလင်းက ဘာကြောင့် မေ့မျောတာလဲ"

အဲဒီလူက ပြေးသွားရင်း ကျွန်တော့်ကို ခြေနဲ့ ကန်သွ
တယ်။ အငိုက်မိသွားတဲ့အပြင် မူးလည်းမူးနေတာဆိုတော့
သတိလစ်သွားတော့တာပေါ့"



"ကျွန်တော် အရောက်မြန်ပေလို့ဗျာ . ."

"နို့ နေပါဦး၊ သူက ဘယ်သူလဲ . ."

"ဘယ်သူရှိရမှာလဲ၊ ယောင်ကြီးလေ ဗျာ . ."

"ဘာ"

"ယောင်ကြီးလေ . ."

"နို့ဖြင့် ပြေးသွားတာ ယောင်လေးပေါ့ . ."

"အင်း"

"ဘုရားရေ . ."

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ထိုနေရာလေးမှ မီးပုံ
ရှိရာသို့ ပြန်ခဲ့ကြတော့၏။

"သည်အလောင်းကောင်ကြီးကို ဘယ်လိုလုပ်မလဲ . ."

"ထုံးစံအတိုင်းပေါ့ မနက်ကျ ယာယီပြေပို့ခဲ့ပြီး နေရာကို
မှတ်ထား၊ ပြီးတော့ ဝါးခုတ် သစ်ခုတ်သမားနှာပြီး သွားပြန်
အကြောင်းကြားခိုင်းရမပေါ့"

"အဲလိုပဲ လုပ်ရတော့မှာပေါ့ . ."

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ယောင်ကြီး သေသွား
ပြီဖြစ်ငြား ယောင်လေး ကျန်နေသေးသဖြင့် စိုးရိမ်စိတ်ဖြစ်ကာ
အိပ်လေကြတော့ပဲ ထင်းမီးဖိုကို မီးထပ်ထည့်ထိုး၍ ပတ်ဝန်းကျင်
ကို မပြတ်ကြည့်မိကြတော့၏။ တကယ်တော့ ယောင်လေး
တစ်ယောက် ကျွန်တော်တို့နှင့် လွန်စွာဝေးလှသော နေရာသို့
ရောက်သွားလောက်ပြီ ဖြစ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က နှစ်ယောက်၊ သေနတ်ရှိတယ်"

"ကိုပိုက်ပြောတာတော့ ဟုတ်ပါတယ်၊ နို့ပေမင့် ကျွန်တော်တို့က ရန်သူကို သတ်လို့မဖြစ်ဘူးလေ၊ ရန်သူကသာ ကျွန်တော်တို့ကို သတ်ခွင့်ရှိတာ၊ ပြီးတော့ သူက အမှောင်ထဲက ကျွန်တော်တို့ကို ချောင်းမြောင်းနေကောင်း ချောင်းမြောင်းနေမှာ"

"နို့လည်း ဟုတ်တာပဲဗျ. ."

သို့ဖြင့် တစ်စတစ်စ အလင်းပြူလာချေတော့၏။

ကျေးငှက်တို့သည်လည်း ကျလို. . ကျလိ အသံဖြင့် ဆူညံစွာ အော်ဟစ်အိပ်တန်းထလာချေပြီ ဖြစ်သလို. . အဝေးမှ ဂျီအော်သံ. . မြွေတွန်သံ၊ တောကြက်တွန်သံတို့ ကြားရလေ၏။ အားလုံး အိပ်တန်းထလာကြပြီ ဖြစ်ချေ၏။

"ကိုလင်း ဟိုအလောင်းကို ခပ်စောစောသွား မြေမြှုပ်ကြတာပေါ့"

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ညက အလောင်းရှိရာသို့ သွားလိုက်ကြ၏။

"အလိုလေးဗျာ. . အလောင်းမတွေ့တော့ပါကလား"

"ညက ဟင်းကောင် လာဆွဲသွားမှာပေါ့. ."

ကျွန်တော့် အတွေးအထင် ဖြစ်၏။

"မဖြစ်နိုင်ဘူး၊ နို့ဆိုလျှင် ဆွဲသွားတဲ့အရာ စွတ်ကြောင်းရှိရမှာပေါ့၊ ခုတော့ ဘာမှ ခြေရာလက်ရာ မတွေ့ဘဲ ပျောက်သွားတယ်ဆိုတော့ တစ်စုံတစ်ဦးက အလောင်းကို မ,သွားတာ ဖြစ်မယ်



"ကိုလင်း ဘာကို ဆိုလိုချင်တာလဲ၊ ရှင်းအောင် ပြောပါဗျာ. ."

သို့ ကျွန်တော်က မေးလိုက်၏။

"ယောင်လေး သူ့အစ်ကို အလောင်းကို လာယူသွားတာ ဖြစ်မယ်"

"ပိရိတယ်ဗျာ. . ကျွန်တော်တို့ တစ်သူလုံး မအိပ်ကြဘူး မဟုတ်လား၊ အဲဒီဘက်လည်း လှမ်းလှမ်း ကြည့်နေကြတာပဲ၊ ဘာအသံမှလည်း မကြားဘူး၊ ဘယ်လိုအရိပ်အယောင်မှ မတွေ့ဘူး"

"ဘယ်လိုပဲပြောပြော ကျွန်တော်တို့ကွက်ကတော့ သက်သာသွားတာပေါ့၊ နို့မှ မဟုတ်ရင် တွင်းတူးရမယ်. . ကိုင်တွယ် မြေမြှုပ်ရမယ်. ."

"ကဲ. . ကိုလင်း ဘယ်လို ဆက်လုပ်ကြမလဲ. ."

"ဘာလုပ်ရမှာလဲ၊ နို့ နေပါဦး ကိုပိုက်မယ် ဟိုဝက်စွယ် ရှိသေးလား. ."

"ဘာလို့ မရှိရမှာလဲ. ."

သို့ဆိုလျက် ကျွန်တော်သည် တင်ခုံသော ဘောင်းဘီ အိတ်အတွင်း လက်နှိုက်လိုက်၏။

ဝက်စွယ်တစ်ချောင်း ပါလာ၏။

"ဩည်မယ်. ."

"မှန်း"

လင်းမြင့်လှိုင်က လှမ်းယူလာချေသဖြင့် ပေးလိုက်၏။ လင်းမြင့်လှိုင်က စေ့စေ့ကြည့်နေပြီး . .

www.burmeseclassic.com

www.burmeseclassic.com



"သည်ဝက်စွယ်ကြောင့် သည်တောထဲမယ် လူတွေသေကြရတယ်၊ အတော်လူစားချင်တဲ့ ဝက်စွယ်ပေပဲဗျ၊ သူ့ထိပ်မယ် နက်နေလို့များလား. ."

သို့ လင်းမြင့်လှိုင် ပြောလလေသဖြင့် ကျွန်တော်ကလည်း . .

"ဓမ္မန္တရာယ်ဝက်စွယ်ပေပဲဗျ. ."

လို့ ပြောလိုက်တော့၏။

"ကိုပိုက်ပြောတာ လက်ခံတယ်၊ နို့ပေမင့်လည်း ဒါကို စွန့်လွှတ်လိုက်လို့ မဖြစ်သေးဘူးဗျ၊ အဲ ကိုယ်နဲ့မကွာ ထားမယ် ဆိုလျှင်ဖြင့်လည်း ကျွန်တော်တို့အတွက် အန္တရာယ်များတယ်ဗျာ"

"ဘယ်လိုပဲဖြစ်ဖြစ်ဗျာ. . သည်ဝက်စွယ်ကိုတော့ စွန့်လွှတ်ဖို့ မပြောနဲ့၊ ရန်သူတွေ ဝိုင်းနေပါစေ. . ကျွန်တော့်လက်ထဲပဲ ထားမယ်ဗျာ. ."

"နို့ဖြင့် သတိတော့ ရှိစေဗျာနော်၊ ဟိုတစ်ယောက်က ချောင်းချင် ချောင်းနေမှာပဲ"

"သိတယ်. . ဒါနဲ့ပဲမျှားပြီး ယောင်လေးကို အမိဖမ်းရဦးမယ်လေ၊ သူ့ကို ဖမ်းမိလျှင်ဖြင့် သည်ဝက်စွယ်အကြောင်း ကောင်းကောင်းသိရမှာပေါ့"

"ဟုတ်တယ်. ."

"နေဦးဗျာ. . သည်ဝက်စွယ်တွက် ကျွန်တော်တို့မယ် အန္တရာယ်များသလို ဟိုတစ်ယောက်အတွက်လည်း အန္တရာယ် ရှိနိုင်တယ်"



"ဘယ်သူလဲ. ."

သို့ လင်းမြင့်လှိုင်က မေးလာလေသဖြင့် ကျွန်တော်က-

"ကိုလင်း. . ယောင်ကြီး ယောင်လေးနဲ့ တွေ့တုန်းက ကျွန်တော်တို့မယ် သည်ဝက်စွယ် ရှိတယ်လို့ အမှန်ပြောလိုက်သလား. ."

လို့ မေးလိုက်၏။

"ဘယ်ပြောပါ့မလဲ. ."

"နို့ကြောင့် တစ်ယောက်သောသူမှာ အန္တရာယ်ရှိနိုင်တယ်လို့ ပြောတာ. ."

"ပြောပါဦး၊ ကျွန်တော် သတိမထားမိဘူး"

"ဘယ်သူ ရှိရမှာတုံး ကိုလင်းရယ်. . ကျွန်တော်တို့နဲ့ အတူအိပ်ပြီး ဝက်စွယ်နှစ်ချောင်း ခိုးသွားသူပေါ့. ."

"ဟင်. . ဟိုသံပရာခုံရွာသား ဝင်းနောင်ပေါ့"

"ဟုတ်တယ်. ."

"အင်း. . ယောင်လေးက သူ့ကိုလည်း အလွတ်ပေးမှာ မဟုတ်ဘူး၊ တကယ်တော့ ကျွန်တော်တို့ သွားရင်း လာရင်း ယောင်လေးကို ရှာမယ်၊ ပြီးတော့ သံပရာခုံရွာသွားပြီး ဝင်းနောင်ကို တွေ့မယ်. ."

"ဟုတ်ပြီ. ."

သည်သို့ဖြင့် ကျွန်တော်တို့သည် သံပရာခုံရွာသို့ ခြေဦးလှည့်ခဲ့ကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ကြုံရာသားကောင်ကို ပစ်ခတ်စားသော
ရင်းမှ ညနေစောင်းတွင် သံပရာခုံအနီး ဖာလာသစ်ခုတ်စခန်းသို့
ရောက်ခဲ့ကြ၏။ ထိုဖာလာသစ်ခုတ်စခန်းတွင် ဝါးခုတ်တဲ သုံးလုံး
ကို တွေ့လိုက်ကြ၏။ ကျွန်တော်တို့ ဖာလာစခန်းတွင် ဝင်လိုက်
သည်နှင့် စခန်းတဲသုံးလုံးတွင်ရှိ သစ်ခုတ်သမားတို့ ဝိုင်းကြည့်လာ
ကြချေပြီး

"မုဆိုးတွေပဲ၊ နို့ပေမင့် ဘာသားကောင်မှ ပါမလာကြ
ပါကလား. ."

ဆိုလျက် တစ်တဲမှ တစ်တဲ တစ်ဦးကို တစ်ဦး ကြည့်လိုက်ကြပြီး
နောက် ကျွန်တော်တို့ ရောက်မလာသလို. . ဘယ်သူမှ ရောက်
မလာပုံ သဘောထားလိုက်ကြဟန်တူ၏။

အိပ်လက်စလူက ပြန်အိပ်သွား၏။ အဖန်ရည် သောက်
နေသူက ထလာပြီးမှ ပြန်ထိုင်လျက် ရှိချေတော့၏။

သို့ဆိုတော့ သူတို့တဲနား ရောက်သွားသည်နှင့်
ကျွန်တော်က စပ်စပ်စုစု တဲသုံးလုံးစလုံးအား လှေလာအကဲခတ်
လိုက်၏။

"ဝုတ်. . ဝုတ်. . ဝုတ်"

ခွေးတစ်ကောင်သည် ဘယ်က ရောက်လာသည် မသိ
ကျွန်တော့်ကို ထိုးဟောင်လာ၏။

"ဟဲ့. . ခွေး. . ဘာဟောင်တာလဲ. ."

လို့ပင် အော်ငေါက်မည့်သူ မရှိ၊ ခွေးသည် အကြောင်း
သက်သက်ဟောင်နေသည့်နှယ် သဘောထားကြလေ၏။



သူတို့ အပြုအမူသည် ထူးခြားလှပေ၏။ သို့ကြောင့် .

"ကိုလင်း. . သည်လူတွေ ဘာဖြစ်နေကြတာလဲ"

ကျွန်တော်က မကျေမနပ်ကြည့် ပြောလိုက်ချေ၏။ သည်
တွင် လင်းမြင့်လှိုင်က ကျွန်တော့်အား သူ့ဝသီအတိုင်း သွားတက်
လေးပေါ်ရုံ ပြုံးပြလာချေပြီး . .

"ကိုပိုက်. . ကျွန်တော်တို့ သည်တဲမယ် နားကြတာ
ပေါ့. ."

သို့ပြောရင်း အနီးဆုံး တဲပေါ်သို့ တက်ထိုင်လိုက်၏။
သို့ကြောင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်အနား ကပ်ထိုင်
လိုက်ရတော့၏။

ကျွန်တော်တို့ တက်ထိုင်သော တဲပေါ်တွင် ဝါးခုတ်
သမားနှစ်ယောက် ရှိချေ၏။ တစ်ယောက်က အိပ်နေ၏။ ကျန်
တစ်ယောက်က အဖန်ရည် ထိုင်သောက်နေ၏။ ထိုထိုင်နေသူက
ကျွန်တော်တို့၏ အပြုအမူကို ကြည့်ပြီး အံ့ဩသွားသည့်ဟန်ဖြင့်-

"ဘုရားရေ. . ဘယ်လိုလူတွေပါလိမ့်. ."

လို့ နှုတ်မှ စကားတစ်ခွန်း ပွင့်ထွက်လာ၏။

"ဟာ. . ခင်ဗျားကို ခွင့်မတောင်းမိသေးဘူးပဲ. ."

သို့ဆိုသလို လင်းမြင့်လှိုင်က ထိုလူကို ပြောလိုက်၏။

သည်တော့ ထိုလူသည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို
စေ့စေ့ကြည့်လာချေကာ. . .

"သည်မှာ ညအိပ်မှာလား. ."

မေးလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ကျွန်တော်က ဘာပြန်ဖြေမည် မစဉ်းစားမိချိန်လေးမှာဝင် လင်းမြင့်လှိုင်က. .

"အိပ်ရမှာပေါ့. . သံပရာခုံက ဝေးသေးတာပဲ. ."

လို့ ပြန်ဖြေလိုက်၏။

"အလိုလေးဗျ၊ ဒါသံပရာခုံရောက်ပြီ ပြောလို့ရတယ်ဗျ"

"ဟင်. . ဟုတ်လား"

"ဟုတ်တာပေါ့၊ သံပရာခုံက ရှေ့မိုင်ဝက်လောက်မှာလေ၊ ဘာလဲ. . အဲဒီရွာ သွားကြမလို့လား. ."

ဟု မေးလာ၏။

"ဟုတ်တယ်. ."

"ကိစ္စရှိလို့လား. ."

"ဟင့်အင်း. ."

လင်းမြင့်လှိုင်က ငြင်းလိုက်၏။

သည်တွင်. .

"မဖြစ်နိုင်ဘူး၊ ခင်ဗျားတို့ ယောင်လေးနောက် လိုက်လာကြတာ မဟုတ်လား. ."

မေးလာသဖြင့် အံ့ဩမိကြတော့၏။

"ယောင်လေးကို ခင်ဗျား သိတယ်လား. ."

"သိပါဘူး. ."

"ဒီဖြင့် ဘာလို့ ယောင်လေးကို သိသွားရတာလဲ"

"သူ လာသွားတယ်၊ သံပရာခုံရွာသား ဝင်းနောင်ကို



တွေ့ချင်တယ်ပြောလို့ လမ်းညွှန်လိုက်တယ်လေ၊ ဝင်းနောင်တော့ သိတယ်။ သူ ပြောခဲ့တယ်။ ယောင်ကြီးနဲ့သူ သူ့သာရာ ယိမ့်မယ်ဆိုလို့၊ ဒီ့ကြောင့် ယောင်လေးလို့ ပြောနိုင်တာပေါ့၊ သည်အမြင် သူ့ဟန်ပင်ကလည်း သူ့နောက် တခံ့ဘစ်ရာ လိုက်နေတဲ့ပုံဆိုတော့ အဲလို ပြောလိုက်ရတာ. ."

ထိုသူ တွက်တတ် ချက်တတ် လူကဲခတ် ဘဘ်ပါကလား။ ဒီ့ကြောင့် . .

"အေးဗျာ. . ယောင်လေးနောက် လိုက်ကြတာ. ."

မထူးတော့ပြီ ထင်လိုက်ကာ သို့ပြောလိုက်သည်တွင်. .

"ယောင်လေးနှင့် တွေ့ချင်တယ်ဆို သည်မှာ ညမအိပ်ကြတော့လေ၊ စေတနာနဲ့ ပြောရလျှင်ဖြင့် သံပရာခုံကို ချက်ချင်းသွားကြလျှင် ခင်ဗျားတို့ နောက်မကျသေးပါဘူး"

သို့ပြောလာလေသည့်သူကို အထင်ကြီး ဖြစ်သွားတော့၏။ လင်းမြင့်လှိုင်၏ ရယ်ပြုံးခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်ချေသည်။

"ကိုလင်း. . ဘယ်လိုလုပ်မလဲ. ."

ကျွန်တော်က မေးလိုက်၏။ ဘယ့်တွက်မှု တဲ့ချင်က ကျွန်တော်တို့ကို မလိုလားဟန် ဖြစ်နေခြင်းကြောင့် သို့မေးလိုက်ခြင်း ဖြစ်သည်ကို သဘောပေါက်နေလေသည့် လင်းမြင့်လှိုင်က-

"သံပရာခုံ သွားမယ်. ."

"ဗျာ"

www.burmeseclassic.com



"နီးနီးလေးပဲဗျ၊ ကဲ. . တဲရှင် ကျေးဇူးတင်တယ် သွားလိုက်ပါဦးမယ်. ."

သို့ဆိုလျက် တဲပေါ်မှ ဆင်းသွားချေတော့၏။

အမှောင်ထုက ပတ်ဝန်းကျင်တွင် ကြီးစိုးနေပုံပင်။

ထိုသူ ပြောသလိုပင် မည်သို့မျှ မကြာလိုက်သောအချိန်ကလေးတွင် သံပရာခုံရွာထိပ်သုသာန်သို့ ရောက်သွားကြ၏။

"ရွာထဲ သွားကြမယ်"

"နေဦးဗျ. . ဟိုသုသာန်ထဲက ဇရပ်မယ် လူတစ်ယောက် ရှိတယ်ဗျ"

"အဲဒါ ဘာလုပ်ရမှာတုံး ကိုလင်းရဲ့"

"ဘာလုပ်ရမှာတုံး. . ရွာထဲမသွားတော့ဘူး၊ အဲဒီ ဇရပ် ဘက်ပဲ သွားကြစို့"

"ကျွန်တော် လင်းမြင့်လှိုင်ကို ဘာမျှ မပြောပါတော့ချေ။ သူလုပ်သလို နောက်မှလိုက်၍ လုပ်ခြင်းသည်ကား ကျွန်တော် အတွက် အဆင်ပြေသည်ဟု ပြောရချိမ့်ပေမည်။

"ဟိတ် ဘယ်သူလဲ. ."

ကျွန်တော်တို့ဇရပ်နား ရောက်သွားသည်နှင့် ဇရပ်ပေါ်မှ လူလည်း သို့လှမ်းမေးလေ၏။

"ခရီးသွား"

"အော်. . ဇရပ်ဆိုတော့ လာတည်းခိုကြတာပေါ့"

"ဟုတ်တယ်. ."



အလိုလေးဗျာ. . လင်းမြင့်လှိုင် ဘာတွေပြောဆို ဆက်ဆံနေပါလိမ့်။

သို့ပေမင့်လို့ ကျွန်တော် နှုတ်ဆိတ်နေလိုက်သည် ဆိုပေဦး တဲပေါ်မှလူကို စေ့စေ့ကြည့်လိုက်မိ၏။

အလိုလေးဗျာ. . တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့နှင့် ဆုံခဲ့သော ကျွန်တော်တို့က လွန်မင်းစွာ တွေ့ချင်နေ၍ လိုက်ရှာသော ဝင်းနောင် ဖြစ်ချေတော့၏။

သူကတော့ ကျွန်တော်တို့ကို မှတ်မိပုံမရ။ သို့ကြောင့် ကျွန်တော်က မည်သို့မျှ မပြောတော့ဘဲ ဇရပ်ပေါ်သို့ တက်လိုက်ကြတော့၏။

"မကြောက်ဘူးလား. ."

အလိုလေးဗျား . ကျွန်တော်တို့ကို ကလေးမှတ်လို့၊ သို့မေးလာသဖြင့် . .

"ခင်ဗျားနှယ့်ဗျာ. . ခင်ဗျားတစ်ယောက်တည်း ဇရပ်မယ် နေ့ရဲသေးတာ ကျွန်တော်တို့ နှစ်ယောက်က ဘာကို ကြောက်ရမှာလဲ၊ သေနတ်တွေလည်း ရှိလျက်သားနဲ့ ဘာကြောက်စရာတုံး၊ ရယ်စရာပေပဲဗျ. ."

"ဟုတ်ပါဘူး၊ သည်မည်ကြည့်လေ. . ဒါ အလောင်းကြီး နောက်ကမှ လတ်လတ်ဆတ်ဆတ် သေလို့ သည်ဇရပ်မယ် အသုဘ ထားကြဖို့ ပို့သွားတာ စောစောလေးကမှလေ၊ နို့ကြောင့် ပြောတာပေါ့. ."

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ကျွန်တော် သူနဲ့ ခပ်လှမ်းလှမ်းတွင်ရှိ ဆန့်ဆန့်ကြီး ဖြစ်နေသည့် သင်္ချုင်းကို ကြည့်လိုက်၏။

လွန်မင်းစွာ စိတ်ပျက်သွားမိချေတော့၏။

"သူက ဘာဖြစ်တာလဲ. . ဘယ်သူလဲ. ."

"သူက ဘာဖြစ်လဲဆိုတော့. . သူ သေသွားတယ်လေ ဟင်း. . ဟင်း. . ဘယ်သူလဲဆိုတော့ သေလူပေါ့ဗျာ၊ ဟဲ. . ဟဲ. . ဟဲ. ."

သို့ဆိုတော့ ကျွန်တော်တို့ သဘောပေါက်သွားချေပြီ ဖြစ်တော့၏။

"ကျွန်တော်တို့လည်း သူ့ကို စောင့်ဖို့ရောက်လာတာ ပေါ့"

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင်. .

"အဲ့လိုဆိုတော့ ခင်ဗျားတို့ သည်မယ် ညအိပ်ကြမယ် ဆိုတဲ့သဘောပေါ့၊ ဟုတ်လား"

"ဟုတ်တယ်. ."

"ဟေ"

ထိုသူ လုံးဝ အံ့ဩသွားပုံရချေ၏။

"နို့ဖြင့်လည်း လာချေဗျာ၊ ဘာမှတော့ မရှိဘူး. ."

"ရပါတယ်ဗျာ. . ခင်ဗျား ဝင်းနောင် မဟုတ်လား"

ကျွန်တော်က မေးလိုက်၏။

"မှားနေပြီ. ."



"နို့ဖြင့်"

"ဝင်းမောင်"

"ဗျာ. . ဘယ်လို. ."

"ဝင်းနောင်ဆိုတာ ကျုပ်ရဲ့ ညီပေါ့ဗျ. ."

"နို့ဖြင့် ကျွန်တော်တို့ တောထဲမယ်. . ဝင်းနောင်နဲ့ တွေ့ခဲ့တာပဲ၊ သူနဲ့ ပြဿနာရှင်းစရာ ရှိတယ်. ."

"နို့တော့ ကျုပ် မသိဘူး၊ ဝင်းနောင်ကို တွေ့ချင်တာ ဆိုလျှင် ပြောလို့ရတယ်၊ နို့ပေမင့် သူ့ကိုတော့ ဘာမှ ပြောရတော့မှာ မဟုတ်ဘူး. ."

"ပြောချင်အောင် ကျွန်တော်တို့ မေးရမှာပေါ့ ကဲပါဗျာ ဝင်းနောင် ဘယ်မှာရှိလဲ ပြောချေ၊ ဘယ်မှာ ရှိလဲ. ."

"သည်မှာပဲ ရှိတယ်. ."

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝင်းနောင် ဆိုသူ အနားရှိလေမလားလို့ ဇရပ်အပြင် ပတ်ဝန်းကျင်ကို ဝေ့ဝိုက် ကြည့်လိုက်၏။

ပတ်ဝန်းကျင်တွင် မှောင်မည်းလို့နေတော့၏။ မည်သည့် အရိပ်အယောင်ကိုမျှ မတွေ့ပါချေ။ သို့ကြောင့် . .

"ဘယ်မလဲဗျ၊ ဘယ်နားမလဲ. ."

ကျွန်တော်က မေးလိုက်၏။

"သည်မှာလေ. ."

သို့ဆိုလျက် ဝင်းမောင် ဆိုသူသည် ဝင်းနောင် ရယ်လို့

www.burmeseclassic.com

www.burmeseclassic.com



လက်ညှွန်ပြလေသည်မှာ နံဘေးရှိ အလောင်းကောင်ကို ဖြစ်ချေတော့၏။

"ဘာ. . ဘယ်လို သူက ဝင်းနောင် ဟုတ်လား. . "

"ကြည့်လေ"

သို့ဆိုလျက် ဝင်းမောင်သည် အလောင်းကောင်ကို တစ်ကိုယ်လုံး လွှမ်းခြုံထားလေသည့် အညာစောင်ပါးလေးကို လှစ်ပြလေတော့၏။

ဘုရားရေ. . တကယ်ပဲ ဝင်းနောင်ပါကလား၊ ဝင်းနောင်နှင့် ဝင်းမောင် ရုပ်ချင်းဆင်လှချည်ကလား။

"ခင်ဗျားတို့ အမြွှာလား"

"မဟုတ်ဘူး. . တစ်နှစ်ကြီး တစ်နှစ်ငယ်"

"သူ ဘာလို့ ဆုံးသွားတာလဲ"

"သူများ သတ်တာ"

"ဗျာ. . ဘယ်လို. . ဘယ်သူက သတ်တာလဲ"

"နို့တော့ မသိဘူး၊ သူ တောထဲကပြန်လာတော့ ဒဏ်ရာကြီးနဲ့ သူ့ကို ယောင်ကြီးဖွေနဲ့လူက လုပ်ကြံပြီး သူ့ပစ္စည်း ယူသွားတယ်ပြောပြီး သေသွားတာပဲ"

အလိုလေးဗျာ. .

"နို့ဖြင့် သူ့ပစ္စည်းက ဘာလဲ"

"ဒါတော့ ကျုပ်မသိဘူး"

"သူသေတော့ သူ့ကိုယ်ထဲမယ် ဘာတွေပါလဲ ကြည့်ကြသေးလား၊ ဘာတွေ ပျောက်ကုန်လဲ ကြည့်ကြသေးလား"



သို့ဆိုသလို လင်းမြင့်လှိုင်က ပြောလေ၏။

"သူပိုင်ပစ္စည်းဆိုတာ ဘာမှ မပျောက်မရှုခဲ့ဘူး၊ ဘာလို့လဲ"

ဝင်းမောင်က မေးလေ၏။

သည်တွင် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြချေပြီး ဝင်းမောင်ဘက် လှည့်. . .

"သူ့မယ် ဝက်စွယ်နှစ်ချောင်း မတွေ့ဘူးလား"

သို့ ပြိုင်တူလိုလို မေးလိုက်မိကြချေတော့၏။

"ဘာဝက်စွယ်လဲ"

"ဝက်စွယ်ပါဆိုမှ တောဝက်စွယ်ပေါ့"

"ဝက်စွယ်က ဘာလုပ်ရမှာလဲ၊ မပါဘူး. . "

သို့ဆိုတော့ ကျွန်တော်နှင့် လင်းမြင့်လှိုင်ပါ တစ်စုံတစ်ရာ သိလိုက်ကြရတော့၏။

သူ့ဝက်စွယ်နှစ်ချောင်းကြောင့် အသတ်ခံလိုက်ရသည်ပဲ၊ သူ့ကို သတ်သူမှာ ယောင်ကြီးဖွေနှင့်ဆိုတော့ ယောင်ကြီးက သူ့ပြီပဲ၊ ယောင်လေး ကျန်သည်ပဲ၊ သည်တော့ သူသတ်တာရားခံ ယောင်လေးပေါ့၊ သူ ဘာလို့ ဝက်စွယ်နှစ်ချောင်းနှင့် ပတ်သက် သူတွေ လိုက်သတ်ရတာပါလိမ့်၊ ဝင်းနောင်ဆီက ဝက်စွယ် သည် ကျွန်တော်တို့ထံမှ ခိုးယူသွားသော ဝက်စွယ်ပဲ ဖြစ်၏။ သည် တော့ သူလည်း အတူပေပဲပေါ့။ ဒါကို ယောင်လေးက အသေသတ်

www.burmeseclassic.com



ပြီး လူသတ် လုယူသွားသည်ပဲ။ ထိုဝက်စွယ်နှစ်ချောင်း အတု ဖြစ်နေတာ သူလည်း သိတာပဲ။ ကျွန်တော်တို့ကိုပေးပြီး ပြန်လာ ယူသေးတာ၊ အတုဖြစ်နေ၍ ထားခဲ့ပြီး ပြန်သွားလေသည်ပဲ။

သို့ဆိုတော့ ကျွန်တော့်ကို မြားကိုင်လူငယ်က ပေးသွား သည့် ဝက်စွယ်နှင့် ကျွန်တော် ကောက်ရသည့် ဝက်စွယ်တစ်ချောင်း သည် အစစ်ပေါ့။ ကျွန်တော့်ထံ ရှိနေသည် သိပါလျှင် ယောင်လေး သည် ကျွန်တော်တို့ကို အလွတ်ပေးလိမ့်မည် မဟုတ်၊ သို့ကြောင့်

"ကိုလင်းရေ.. ကျွန်တော်တို့မှာ ဝက်စွယ်အစစ် ရှိနေ တာ သူ သိလို့ မဖြစ်ပေဘူးဗျ"

သို့ဆိုသလို တိုးတိုးပြောလိုက်၏။ သည်တွင် လင်းမြင့် လှိုင်က တစ်စုံတစ်ရာကို သတိရလိုက်ဟန်ဖြင့် ဝမ်းမြော ဝမ်းသာ ဖြစ်သွားကာ..

"ဟုတ်ပြီ..ကိုပိုက်.. ယောင်လေးကို ဖမ်းဖို့ ရာ ပိုလွယ်သွားပြီ"

"ဘာလို့တုံး ကိုလင်းရဲ.."

"ကျွန်တော်တို့မှာ ဝက်စွယ်အစစ်ရှိတယ် သိလေလျှ ကျွန်တော်တို့ကို လာရှာမှာဆိုတော့ သည်လူသတ်သမား အထွေအထူး လိုက်ရှာစရာ မလိုတော့ဘူးပေါ့"

"နို့တော့ ဟုတ်တာပေါ့ ကိုလင်းရယ်.. သူက အဖေ နေပြီး လုပ်ကြံလျှင် ဘယ်လိုလုပ်မလဲ"

ကျွန်တော်က အသက်အန္တရာယ် စိုးရိမ်စွာဖြင့် သို့ပြော လိုက်ခြင်း ဖြစ်၏။



"ကိုပိုက်ရယ်.. သည်လောက်တော့ စွန့်စားရမှာပေါ့"

သို့ပြောပြီး လင်းမြင့်လှိုင်က ဝင်းမောင် ဆိုသူဘက် ပြန် လှည့်လိုက်ကာ..

"အဲဒီဝက်စွယ်နှစ်ချောင်းကြောင့် ခင်ဗျားညီ အသတ်ခံ လိုက်ရတာ.."

"ရှင်းအောင် ပြောပါလား.."

"ဝက်စွယ်နှစ်ချောင်းကို လိုချင်လို့လေ.."

သို့ အစချီ၍ လင်းမြင့်လှိုင်က ဝက်စွယ်နှင့် ပတ်သက်၍ ကျွန်တော်တို့နှင့် ဆုံခြင်းကိစ္စတွေကိုပြောပြီး နောက်ဆုံး ဝင်းနောင်က ကျွန်တော်တို့ထံမှ ဝက်စွယ်နှစ်ချောင်း ခိုးယူသွားပုံ ကို ပြောလိုက်၏။

"အလိုလေးဗျာ.. ကျုပ်ညီက အဲ့လိုလား၊ ကောင်းတယ်၊ သူများပစ္စည်း ခိုးလာတာကိုး၊ နည်းတောင် နည်းသေးတယ်"

သို့ဆိုသလို ဝင်းမောင်က ပြောလေသဖြင့် ကျွန်တော်တို့ အံ့သြကြပေတော့၏။

သို့ပေမင့် ဝင်းမောင်၏ စိတ်ဓာတ်လေးကိုတော့မူ နှိုကျုးမိတော့၏။

"အေးဗျာ.. မတန်ဆိုက်တာ၊ ဝက်ဘွယ်အစစ် မဟုတ် ဘဲနဲ့ အသတ်ခံလိုက်ရတာလေဗျ"

"ဘာ.. ဘယ်လို.."

"အော်.. သည်လိုလေ.. သူ ကျွန်တော်တို့ဆီက ခိုး

www.burmeseclassic.com

www.burmeseclassic.com



သွားတာ ယောင်ကြီးပွေတို့ လိုချင်တဲ့ အစစ်မဟုတ်ဘူး၊ အတု တွေဗျ၊ အစစ်က ကျွန်တော်တို့ဆီမှာ ရှိသေးတယ်"

သို့ဆိုလျက် ကျွန်တော်က ဘောင်းဘီအိတ်ထဲမှ ဝက် စွယ်နက်ကို ထုတ်ပြလိုက်၏။

"ဘုရားရေ. ."

ဝင်းမောင် အံ့သြတကြီး ဖြစ်သွားတော့၏။

ကျွန်တော် ထုတ်ပြလိုက်သည့် ဝက်စွယ်ကိုလည်း စေ့စေ့ ကြည့်နေလေ၏။ သူ၏ မျက်နှာသည် ဝင်းလက်လို့ သွားချေ၏။

ဝက်စွယ်အကြောင်း သူမသိပါဘဲနှင့် ဘာယ်လိုကြောင့် သူ ဝမ်းသာဝမ်းမြောက် ဖြစ်သွားတာပါလိမ့်။ သို့ဆိုတော့ . .

"တဲပါဗျာ. . ခင်ဗျားညီကို သတ်တဲ့ တရားခံကို ကျွန်တော် တို့ ဖမ်းပေးပါ့မယ်၊ ကျွန်တော်တို့ ပယောဂလည်း မကင်းဘူး ပြောရမှာပေါ့"

သို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

"ကဲ. . ကဲ. . ကျွန်တော်တို့ နက်ဖြန်ကျ ခရီးဆက်ရ မယ်ဆိုတော့ စောစောအိပ်မှာပဲဗျ၊ နို့ပေမင့် ဝီစကီတစ်ပြားတော့ ထပ်သောက်လိုက်ဦးမှ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ဝီစကီတစ်ပြားကို ထုတ် လိုက်ချေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ဝီစကီတစ်ပြား သုံးယောက် သောက်လိုက်ကြပြီးနောက် လင်းမြင့်လှိုင်နှင့် ကျွန်တော်က ဇရ



ထောင့်တိုင်တို့ကို မှီ၍ မျက်လုံးအစုံပိတ် မှိန်းနေလိုက်ပေမင့် သေနတ်ကိုတော့မူ ပေါင်ပေါ်တင်၍ မောင်းထိန်းခလုတ်ပေါ် လက်ညှိုးကို တင်ထားလိုက်ကြ၏။ ထိုသည်ကို ဝင်းမောင် ဆိုသူ က တစ်စေ့တစ်စောင်း ကြည့်နေလေ၏။

"ကိုပိုက်. . သည်လူကို လွှတ်ထားလို့ မဖြစ်ဘူးဗျ၊ ကျွန်တော်တို့က ယောင်ကြီးပွေကိုပဲ စိတ်ဝင်စားထားလို့ မဖြစ်ဘူး၊ သူ့ကိုလည်း သတိထားနေမှ. ."

သို့ဆိုသလို လင်းမြင့်လှိုင်က သတိပေးလာလေ၏။

သို့ပေမင့် ကျွန်တော်တို့ ထိုညတွင် မည်သည့်အနှောင့် အယှက်မျှ မဖြစ်ကြချေ။

ချမ်းစိမ့်စိမ့် ရှိလာသည်ကြောင့် ဇာပ်ရာမှ နိုးလာကြ တော့၏။

အလိုလေးဗျ. . ဝင်းမောင်ကော ဝင်းနောင်အလောင်း ပါ မရှိတော့ပါကလား။

"မရှိကြတော့ဘူးဗျ. ."

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဇရပ်ပေါ်မှ ဆင်း လိုက်ကြ၏။

"ကျွန်တော့်မယ် ဝက်စွယ် ရှိသေးတယ်. ."

"ဘောင်းဘီအိတ်တွင်း စမ်းကြည့် ထုတ်ကြည့် ပြောလိုက်၏။

ကျွန်တော်တို့ ဇရပ်ပေါ်မှ ဆင်းသည့်တွင် ဇရပ်နောက် ဘက်တွင် မြေပုံအသစ်လေးတစ်ခုကို တွေ့လိုက်ရသည်ကြောင့်-

www.burmeseclassic.com

www.burmeseclassic.com



"ဝင်းမောင်က ဝင်းနောင်အလောင်းကို ညကတည်းက မြေမြှုပ်ပြီး ထွက်သွားတာဗျ"

လင်းမြင့်လှိုင်က ပြောလေ၏။

"သူ. . ဘယ်သွားတာလဲ. ."

"နို့တော့ ဘယ်သိပါ့မလဲ"

သို့ဖြင့် ကျွန်တော်တို့သည် သံပရာခုံရွာသို့ မဝင်လေဘဲ တောစပ်သို့ ပြန်ထွက်ခဲ့ကြတော့၏။

ဘယ့်တွက်မူ ဝင်းနောင်က သေပြီပဲ။

"ကျွန်တော်တို့မယ်. . ဝက်စွယ် ရှိတယ်ဆိုတာ ပြောလိုက်မိတဲ့စကားက ဘာမှ အရာမထင်ဘူး ထင်ပါရဲ့"

သို့ဆိုသလို ကျွန်တော်က ပြောလိုက်၏။

"အေးဗျ. . ကျွန်တော်က ပတ်ဝန်းကျင်မယ် ယောင်လေး ရှိမယ်ထင်ထားတာ၊ ပြီးတော့ ဝင်းမောင်ကလည်း ဝက်စွယ်နဲ့ ပတ်သက်ရင် သိသင့်သလောက်တော့ သိထားလိမ့်မယ်၊ ပတ်သက်လိမ့်မယ်ထင်ပြီး ပြောလိုက်တာပေပဲဗျ၊ ကိစ္စမရှိပါဘူးဗျာ တောထဲရောက်ရင် ဓါးခုတ် သစ်ခုတ်သမားတွေနဲ့ သတင်းဖြန့် လိုက်ရင် ယောင်လေး သိမှာပါ. ."

သို့ဖြင့် ကျွန်တော်တို့သည် တောတိုးဝင်ခဲ့ကြပြန်၏။

ကျွန်တော်တို့သည် ဝါးတောတစ်ခုသို့ ရောက်လာကြ၏။ ဝါးတောအတွင်း အောက်ပေါင်းရှင်းနေလေခြင်းကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ပတ်ဝန်းကျင် အတော်လှမ်း



လှမ်းသို့ လှမ်းကာကြည့်လိုက် စကားတပြောပြောဖြင့် တောတိုး လိုက်လာခဲ့ကြသည်မှာ. . .

"ဝုစ်"

"ဟာ"

"ဟောင်"

မြားတံတစ်ချောင်းသည် ကျွန်တော်နှင့် လင်းမြင့်လှိုင် အကြားမှ ဖြတ်သွားလေတော့၏။

"ဘုရားရေ. . ကံကောင်းပေလို့"

မြားတံသည် ဝါးတောအတွင်း ပေါက်နေသည့် ပျဉ်းမ ပင်စည်တစ်ခုအတွင်း စူးနစ်စိုက်ဝင်သွားတော့၏။

"ကိုပိုက်. . ကိုပိုက်. . ဟိုမယ်. ."

မျက်စိလျင်သော လင်းမြင့်လှိုင်က သို့ပြောလေသဖြင့် ကျွန်တော်သည် လှမ်းကာကြည့်လိုက်၏။

လူတစ်ယောက် မြားကိုင်း ကိုင်၍ ကိုက် ၅၀ လောက်မှ ပြေးထွက်သွား၏။ သို့ကြောင့် ကျွန်တော်သည် လက်ထဲရှိ သေနတ်ဖြင့် လှမ်းချိန်ကာ ပစ်လိုက်ချေတော့၏။

"ဒိုန်း"

"ဟာ"

ထိုလူ ပြေးရင်း လဲပြိုသွားတော့၏။

"ကိုပိုက်"

လင်းမြင့်လှိုင်က စိုးရိမ်တကြီး ပြောလေ၏။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တည့်ပစ်လိုက်သည် ထင်၍ သို့ လင်းမြင့်လှိုင် ပြောလာခြင်း ဖြစ်ချေ၏။

"ကျွန်တော် ခြေထောက်ကို ပစ်တာပါ"

သို့ဆိုပေမင့် ကျွန်တော် မိမိကိုယ်မိမိ မယုံကြည် ဖြစ်မိ၏။ လွဲချော်သွားက ခြေအထက် ထိမှန်သွားပါလျှင် ကျွန်တော်၏ ညံ့ဖျင်းမှုသာ ဖြစ်ချိမ့်မည်။

"ကိုလင်း ကျွန်တော် ပစ်တာတော့ ခြေပေပဲဗျ။ နို့ပေမယ့် လွဲချော်ကောင်း လွဲချော်နိုင်တယ်ဗျာ၊ ဘုရား ကယ်ပါ"

ကျွန်တော် တကယ်ပင် စိုးရိမ်မိ၏။

ထိုသူ့ထံသို့ ပြေးသွားလိုက်၏။ လင်းမြင့်လှိုင် နောက်က လိုက်ပါလာ၏။

အလိုလေးဗျာ. . တော်ပါသေးရဲ့။

ထိုသူ ခြေထောက်မှန်သွားခြင်းသာ ဖြစ်၏။

"ဘုရားမ,တာပေပဲ. ."

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုသူကို တွေ့သည့် တွင် လုံးဝ အံ့သြသွားတော့၏။ ဘယ်သူများလဲလို့ ဝင်းနောင်၏ အစ်ကို ဝင်းမောင်ပင် ဖြစ်ချေ၏။

"ဘာလို့ ကျွန်တော်တို့ကို လုပ်ကြံရတာလဲ"

သို့ ကျွန်တော်က မေးလိုက်၏။

သည်တွင် ဒဏ်ရာအနာတရ ဖြစ်နေသည့် ဝင်းမောင် သည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို အံ့သြတကြီး ကြည့်လာ ပြီး. .



"ကျွန်တော့်ကို ကျွန်တော့်ကို. ."

"ဝှစ်"

"အား"

"ဟာ"

ဘုရားရေ. . မြားတစ်စင်းက ဝင်းမောင်၏ ကျောပြင်သို့ ဒိုးယိုပေါက် ဖောက်ဝင်လာချေတော့၏။

ဝင်းမောင်တစ်ယောက် စကားကို ဆုံးအောင် မပြောနိုင် ပါချေ။

ကျောမှ ဝင်လာသော မြားတံသည် ဝင်းမောင်၏ အသည်းနှလုံး နေရာသို့ မြားဦးထိုးဖောက် ထွက်လာချေတော့၏။

"ဘုရားရေ. . ဒါ နှုတ်ပိတ်လိုက်တာပါကလား"

"ကိုပိုက် နေခဲ့ချေဦးဗျာ. ."

လင်းမြင့်လှိုင်က သို့ပြောပြီး ပြေးထွက်သွားတော့၏။

လင်းမြင့်လှိုင် ဘယ်ပြေးသွားပါလိမ့်။

ကျွန်တော်သည် ဝင်းမောင်ကို ထွေးပိုက်လျက် လင်းမြင့် လှိုင် ပြေးသွားရာသို့ လှမ်းကဲကြည့်နေလိုက်တော့၏။

လင်းမြင့်လှိုင်ရှေ့တွင် လူတစ်ယောက် ပြေးလွှားသွား၏။

ထိုသူသည် ဝင်းနောင်ကို နှုတ်ပိတ်သောသူ ဖြစ်ချိမ့်မည်။

လင်းမြင့်လှိုင်နှင့် ထိုသူ ကျွန်တော့်အမြင်မှ ပျောက်ကွယ် သွားချေ၏။ သို့မှသည် အချိန်အတော်ကြာကြာတွင် လင်းမြင့်လှိုင် ပြန်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်နှင့်အတူ လူတစ်ယောက် ပါလာ၏။ ထိုသူကို ကျွန်တော်ကောင်းကောင်း သိချေ၏။ ယောင်လေး ဖြစ်ချေ၏။

ယောင်လေးကို လင်းမြင့်လှိုင်သည် နွယ်ကြိုးဖြင့် တုပ်နှောင် ခေါ်လာခြင်း ဖြစ်တော့၏။

"ဘယ်လိုဖြစ်လာကြတာလဲ. ."

သူတို့ အနားရောက်လာသည်တွင် သို့ ကျွန်တော်က မေးလိုက်၏။

"သူ ဝင်းမောင်ကို နှုတ်ပိတ်တာ"

သို့ဆိုတော့ ကျွန်တော် သဘောပေါက်လိုက်ချေပြီ ဖြစ်တော့၏။

ယောင်လေးသည် ကျွန်တော့်ရှေ့ ရောက်လာသည်တွင် မထီမဲ့မြင် ပုံသဏ္ဍာန်နှင့်ပင် ဖြစ်ချေတော့၏။

"မင်း ဘာပြောချင်လဲ. ."

လင်းမြင့်လှိုင်က မေးလိုက်၏။

"ငါ ဘာမှ ပြောစရာမလိုဘူး၊ မင်းတို့ လုပ်ချင်တာလုပ်"

"ဘုရားရေ. . ခပ်မာမာပါကလား. ."

"ဖြောင်း"

လင်းမြင့်လှိုင်က သူ၏ နရင်းကို ပိတ်ရိုက်လိုက်၏။

"မင်း မိုက်ရိုင်းတယ်၊ ကြိုးတုပ်ထားတယ်ဆိုတာ သိထားဦး၊ ဒါ ယောကျ်ားကောင်း တစ်ယောက် လုပ်တဲ့ အလုပ် မဟုတ်ဘူးကွ. ."



"ဟင်း. . ဟင်း. . ဟင်း. ."

ယောင်လေးက သို့ လင်းမြင့်လှိုင်ကို မထေမဲ့မြင် ပြုလေသည်တွင် သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ရယ်လိုက်ချေပြီး . .

"ကောင်းပြီလေ. . ခင်ဗျားကို ကျုပ် ကြိုးဖြည်ပေးမယ်၊ တားကို ချင့်ချိန်ပြောပေါ့. ."

"ငါလည်း အဲလိုဖြစ်ချင်တာ. "

"ဟုတ်ပြီလေ. . ဖြစ်တယ်၊ လက်ရုံးရည် ယှဉ်ကြတာပေါ့၊ ပေမင့် သည်တစ်ခါမယ် ခင်ဗျားရှုံးခဲ့လျှင် ကျွန်တော်တို့ကို ခံရမယ်. ."

"ဘာကိုလဲ. ."

"အားလုံးကိုပေါ့. ."

"ကောင်းပြီလေ. ."

သို့ဆိုတော့ လင်းမြင့်လှိုင်သည် ကျွန်တော့်ကို စိုက်ကြည့်သချေ၏။ ထိုအကြည့် အဓိပ္ပာယ်ကို ကျွန်တော် သိလိုက်သဖြင့် ယောင်ငယ်လက်တွင်း တုပ်နှောင်ထားသည့် ကြိုးကို ဖြည်ပေးလိုက်တော့၏။

သည်သို့ဖြင့် ယောင်ငယ်နှင့် လင်းမြင့်လှိုင်သည် နှစ်ယောက်ချင်း လက်ရုံးရည် ပြိုင်ကြချေတော့၏။

"ဖုန်း"

"ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်"

"အား"

"ဖုန်း"

"ဘောင်း"

တကယ်တော့ ယောင်လေးသည် လင်းမြင့်လှိုင်ထက် ခန္ဓာကိုယ် ထွားကြိုင်းသူ ဖြစ်၏။ သို့ပေမင့် လူကောင် သေးသော်လည်း လင်းမြင့်လှိုင်သည် လက်သွက်သူ ဖြစ်ချေ၏။ နောက်ဆုံး ပွဲသိမ်းပြောရမည် ဆိုပါလျှင် ခန္ဓာကိုယ်ကြီးသော ယောင်လေး တစ်ယောက် မှောက်ခုံ ဖြစ်သွားချေတော့၏။

"ဟင်း. . ဟင်း. . ဟင်း"

"ကဲ. . ခင်ဗျား ပြောချေတော့ဗျာ. ."

"ဘာကိုလဲ, ."

"ဘာကိစ္စမေးမယ် ခင်ဗျား သိပါတယ်၊ ယောက်ျားဆန်စမ်းပါ"

"ကောင်းပြီ၊ ပြောမယ်. ."

"ဝက်စွယ်နက်ကွင်းကို ဘာ့ကြောင့် ပိုင်ချင်လို့ လူတွေ သတ်နေရတာလဲ"

သို့ပြောလိုက်လေသည်တွင် ယောင်လေးတစ်ယောက် လင်းမြင့်လှိုင်ကို ထူးဆန်းသော သတ္တဝါတစ်ယောက်ကဲ့သို့ ကြည့်နေချေပြီး. .

"ဟင်. . ဝက်စွယ်နက်ကွင်း မင်းဆီမှာလား. ."



အလိုလေးဗျာ. . သည်လိုအခြေအနေ ရောက်နေတာတောင်မှ သို့မေးလာသဖြင့် လင်းမြင့်လှိုင်က ကျွန်တော့်ကို ကြည့်လာလေသဖြင့် ထိုအကြည့် အဓိပ္ပာယ် သိလိုက်၍ ဘောင်းဘီအိတ်အတွင်းမှ ဝက်စွယ်နှစ်ချောင်းကို ထုတ်လိုက်ကာ. .

"ဒါ. . ခင်ဗျား လိုချင်တာလား၊ ဒါအစစ် မဟုတ်လား"

လို့ မေးလိုက်ချေတော့၏။

ယောင်လေးက ထိုဝက်စွယ်တို့ ယူ၍ စေ့စေ့ကြည့်လိုက်ချေပြီး. .

"အင်း, . ဒါလေးကြောင့် ငါ လူအများကြီး သတ်လိုက်ပြီပဲ. ."

သို့ပြောပြီး ဝက်စွယ်နက်ကို လင်းမြင့်လှိုင်အား ပြန်ပေးလိုက်ချေ၏။

"ကဲပြောတော့လေ . . သည်ဝက်စွယ်နက်ကွင်းက ကျွန်တော်တို့ ပိုင်ပြီ. ."

"ဟုတ်သောက်ပါတယ်၊ သည်တစ်ခါ တကယ် ဇာတ်သိမ်းပါပြီကွာ"

"ဟုတ်ပါတယ်၊ ဇာတ်သိမ်းတယ် ဆိုပေမင့် သိချင်တာတွေကို ဖြေပေးစေချင်တယ်လေ"

"ပြောတာပေါ့၊ သည်အဖြစ်တွေက ဘူးလာမှာလား"

"တုတ်ပြီ၊ မြားကိုင်လူငယ်ကို ဘယ်သူ သတ်တာလဲ"

"ယောင်ကြီး သတ်တာ. ."

"မင်းမင်းအောင် တို့ကော ဘယ်သူသတ်တာလဲ. ."

www.burmeseclassic.com

www.burmeseclassic.com



"ယောင်ကြီး သတ်တာ"

"ဝင်းနောင် ကိုကော. ."

"ကျုပ် သတ်တာ. ."

"ယောင်ကြီးကိုကော. ."

"အစ်ကိုယောင်ကြီးကို မြားကိုင်လူငယ် သတ်တာ"

"သည်တော့ ဝင်းမောင်ကိုကော ခင်ဗျား သတ်တာပေါ့"

"ဟုတ်တယ်. ."

"နို့ဆိုလျှင် ဝက်စွယ်နက်ကွင်းကြောင့်ပေါ့"

"ဟုတ်တယ်. ."

အင်း. . တကယ်တော့ ယောင်ကြီး ယောင်လေးသည် ဘာမဟုတ်သည့် ပစ္စည်းလေးတစ်ခုကို တပ်မက်မှုကြောင့် လူတွေကို သတ်ဖြတ်နေကြခြင်းပါကလား။

သည့်အတွက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ယောင်လေး ဆိုသည့် လူသတ်ကောင်အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပို့ဆောင်ရပေဦးမည်။

စာဖတ်ပရိသတ်အား လေးစား

ကြိုးစားလျက်

ထိပိုက်

၁၈-၁၁-၂၀၀၈

4:42 PM

# ကိုပိုက်

ဝါးဖိုးတောင်၊ ငါးဖိုးတောင်၊

သူငယ်ချင်းတောင်

ဖြစ်လိုက်သေး

ထွက်တော့မည်။

ဖြန့်ချိရေး

နဂါးပျံစာပေ

www.burmeseclassic.com